နန္ဒကျော်သူ

# တူတူပေါင်းပျော်လူလေးဖော်

(ပထမပိုင်း)

စာမူခွင့်ပြုချက်အမှတ် ၅၀၁၈၂၁၁၁၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၆၁၀၁၁၀၈

၂၀၀၉ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ–၅၀၀
တန်ဖိုး ၁၀၀/–ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉(H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်မိုး (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅– လမ်း
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

## လူချစ်များတဲ့အရက်သမား

ယန်းကျိုကွေ….။

ယန်းကျိုကွေသည် အသက်(၃၀)ခန့်ရှိသော လူရွယ်တစ်ဦး ဖြစ်၏။

သူ၏မျိုးနွယ်မှာ'ယန်း'ဖြစ်သော်လည်း သူ၏အမည်ရင်းမှာ ကျိုကွေမဟုတ်ပါ။

'ကျိုကွေ'ဆိုသည်မှာ 'အရက်သမား'ဖြစ်၏။

သူသည် အရက်အား ရေကဲ့သို့သောက်သဖြင့် သူ့အမည် ပျောက်ကာ ယန်းကျိုကွေဟု အမည်တွင်နေခြင်းဖြစ်၏။

ချန်အန်းမြို့တစ်ခုလုံးတွင် ယန်းကျိုကွေအား သိသူအလွန်များ၏။

ယန်းကျိုကွေသည် အရက်သမားဖြစ်သော်လည်း သူ၏ရုပ်ရည်မှာ ချောမောခန့်ညား၏။ သဘောကောင်း၏။

သိုင်းပညာလည်း အတော်အသင့်ထက်မြက်၏။ သို့သော် သူကသိုင်းပညာသုံးသည်ကို တွေ့ရခဲ၏။

အဘယ့်ကြောင့်ဆိုသော် သူက ချန်အန်းမြို့မှလူများနှင့် ရန်မ

ဖြစ်ဖူးသောကြောင့် ဖြစ်၏။

ယန်းကျိုကွေအား ချန်အန်းမြို့မှလူတော်တော်များများက ခင်မင်ကြ၏။ အထူးသဖြင့် အရက်သမားများက ပို၍ ခင်မင်၏။

"အရက်သမားယန်းကျိုကွေ"ဟုမေးလျှင် အရက်ဆိုင်များက သာမက အရက်သမားများကပါ သူ့အိမ်ကိုညွှန်ပြနိုင်ကြ၏။

ယန်းကျိုကွေသည် အရက်အားရေကဲ့သို့သောက်နေရမှ ကျေနပ်သူဖြစ်၏။ အရက်မသောက်ရလျှင် မနေနိုင်ပေ။

သူ၏အိမ်မှာ ကြီးမားကျယ်ဝန်းသော်လည်း အိမ်ကြီးထဲတွင် မိသားစုမရှိပါ။ ညီအစ်ကို မောင်နှမ၊ ဆွေမျိုးသားချင်း မရှိပါ။

ထို့ပြင် ပရိဘောဂပစ္စည်းများလည်း များများစားစားမရှိပါ။

သူ့အိမ်ကြီးထဲတွင် အများဆုံးရှိနေသည်မှာ အရက်အိုးလွတ်များသာဖြစ်၏။

သူသောက်ထားသော အရက်အိုးလွတ်များမှာ မြင်းလှည်း (၁၅)စီးနှင့်ပင် တင်သော်လည်း ပိုနေလောက်အောင် များပြားလှ၏။

ထိုအရက်အိုးလွတ်များသည် ခြံဝင်းထောင့်အသီးသီးတွင် စုပုံနေရာယူထား၏။

အမှန်တော့ ထိုအိမ်မှာ ယန်းကျိုကွေ၏ မိဘဘိုးဘွားများ လက်ထက်က အိမ်မဟုတ်ပါ။

သို့သော် ယန်းကျိုကွေက အမွေရထားသောအိမ်ဖြစ်၏။

သူက အရက်သမားဖြစ်နေသောကြောင့်သာလျှင် ဤအိမ်အား အမွေရထားခြင်းဖြစ်၏။



ဦးလေးရှင်းသည် အသက်(၅၀)ခန့်သာ ရှိသေး၏။

သူသည် သားသမီးမရှိဘဲ ဇနီးသေဆုံးသွားသဖြင့် မုဆိုးဖို ဖြစ်ကျန်ခဲ့သူ ဖြစ်၏။

သူသည် ဇနီးသေကတည်းက အရက်ကို(၁၀)နှစ်ကျော်ကြာ အောင်ပင် နေ့ရောညပါ သောက်၏။

ထိုသို့ အရက်ကိုအဖော်ပြုနေသဖြင့် ယန်းကျိုကွေနှင့် တွေ့ဆုံရင်းနှီးခဲ့ခြင်းဖြစ်၏။

ဦးလေးရှင်းသည် တွယ်တာရမည့်လူမရှိသဖြင့် ယန်းကျိုကွေအား သူနှင့်အတူခေါ်ထားကာ အရက်အတူတူသောက်စေ၏။

ယန်းကျိုကွေမှာလည်း အရက်ကို စိတ်ကြိုက်သောက်ရသဖြင့် ဦးလေးရှင်း၏ ဝေယျာဝစ္စများအားလုံးကို လုပ်ကိုင်ပေး၏။

သူတို့သည် သားအဖကဲ့သို့ တစ်ဦးအပေါ်တစ်ဦး တွယ်တာလာ၏။

ဦးလေးရှင်းသည် သူနှင့်သိကျွမ်းသူတိုင်းအား ယန်းကျိုကွေမှာ သူ၏မွေးစားသားဖြစ်ကြောင်း ပြောပြ၏။

သူသည် အရက်ကြောင့်ကျန်းမာရေးထိခိုက်လာရာ ယန်းကျိုကွေက အပင်ပန်းခံကာပြုစု၏။

သူ့တွင်ရှိသမျှငွေများကို ယန်းကျိုကွေလက်ထဲသို့အပ်လိုက်၏။

ယန်းကျိုကွေက ထိုငွေများဖြင့် ဦးလေးရှင်းအား ဆေးကု [illegible]ာ သူလည်း အရက်သောက်၏။

ထိုငွေကုန်သွားသော်လည်း သူ့နည်းသူ့ဟန်နှင့်ငွေရှာကာ ဆက်လက်ကုသ၏။

သို့သော် အသက်အရွယ်ကြောင့်လည်းကောင်း၊ အရက်ကို အလွန်အကျွံသောက်သုံးခဲ့မှုကြောင့်လည်းကောင်း၊ ဒေနာဖိစီးကာ သေဆုံးသွားရ၏။

သူမသေခင် သူ၏မိတ်ဆွေများရှေ့၌ပင် ယန်းကျိုကွေအား သူ၏အိမ်ကိုအမွေပေးလိုက်၏။

ထို့ကြောင့်လည်း ယန်းကျိုကွေမှာ ခြေဗလာလက်ဗလာဘဝမှ အိမ်ကြီးအိမ်ကောင်းတစ်လုံးအား အမွေအဖြစ်ရရှိလိုက်လေတော့သည်။

---

ယန်းကျိုကွေသည် မိဘဆွေမျိုးများမရှိသဖြင့် ဦးလေးရှင်းအား သွေးသားအရင်းကဲ့သို့ပင် ချစ်ခင်၏။

ထို့ကြောင့် သူသည် ဦးလေးရှင်း၏အိမ်အား လုံးဝမရောင်းရက်ပေ။

သူ့တွင် အရက်သောက်ရန်၊ ထမင်းစားရန်ငွေမရှိသော် လည်း ထိုအိမ်ကြီးအားရောင်းရန် လေသံလုံးဝမဟပေ။

အချို့ပွဲစားများမှာ ယန်းကျိုကွေ အရက်အလွန်အကျွံမူးလျှင် အိမ်အားရောင်းလိမ့်မည်ဟုထင်မှတ်ကာ အရက်အလွန်အကျွံတိုက်



ကြ၏။

ယန်းကျိုကွေမှာလည်း သတိလက်လွတ်ဖြစ်သည်အထိ သောက်၏။ ထိုအခါ အချောင်ပွဲစားများက အိမ်ရောင်းရန်နားချကြ၏။ ငွေများပုံပေးကာ ဆွယ်ကြ၏။

သို့သော် မည်မျှမူးနေသော်လည်း အိမ်ရောင်းရန်ကိစ္စပြောလာသည်နှင့် ချက်ချင်းခေါင်းထောင်လာ၏။

ထို့နောက် ခေါင်းခါယမ်းကာ....

“မရောင်းဘူး”

ဟု တစ်ခွန်းသာပြောပြီး ပြန်၍ ခေါင်းငိုက်စိုက်ကျသွားလေတော့သည်။

---

ယန်းကျိုကွေသည် ထိုအိမ်ကိုအကြောင်းပြု၍ အရက်သောက်ရန် နည်းလမ်းကိုလည်း တွေ့ထား၏။

ယင်းမှာ သူ့အိမ်ဝယ်လိုသောပွဲစားများအား အိမ်ရောင်းမည်ဟု သတင်းလွှင့်လိုက်၏။

ထိုသတင်းကြားသည်နှင့်ထိုပွဲစားများသည် အရက်အိုးများ ဝယ်ကာ ယန်းကျိုကွေရှိရာသို့ရောက်လာကြ၏။

သူ့အား အရက်မူးအောင်တိုက်၏။ ဈေးပေါပေါနှင့် ရောင်းအောင် မြူဆွယ်ပြောဆိုကြ၏။

ယန်းကျိုကွေသည် အရက်အားမူးအောင်သောက်ပြီးမှ အိမ်ကိစ္စ စကားစကြ၏။

"ကျုပ်က မွေးစားအဖေရဲ့အိမ်ကိုမြတ်နိုးပါတယ်... ဒါပေမယ့် ကျုပ်တစ်ယောက်တည်းနေရတဲ့ဒီအိမ်ကြီးက အရမ်းကြီးနေတယ်... ကျုပ်ရောင်းရင် ကောင်းမလားမသိဘူး"

ပွဲစားက ပြုံးရွှင်စွာဖြင့်....

"ဟုတ်တယ်... ရောင်းသင့်တာပေါ့ကွာ... မင်းက ဈေးသက်သာတဲ့ အိမ်သေးသေးတစ်လုံး ပြန်ဝယ်ရင်တောင် မင်းအတွက် ငွေအများကြီး ကျန်မယ်"

"ဟုတ်တယ်... ဒီတော့ အစ်ကိုကြီးတို့က ဘယ်လောက်ပေးမလဲ"

အမှန်တော့ ထိုကာလဈေးနှင့်ဆိုလျှင် ထိုအိမ်ကြီးမှာ တစ်သောင်းခွဲလောက်တန်၏။

ပွဲစားက ပြုံးကာ....

"ကျုပ်က ငါးထောင်ပေးမယ်"

"နည်းတာပေါ့ဗျ"

"ကဲပါကွာ... ခုနစ်ထောင်ပေးမယ်... ဒီထက်တော့ ပိုမပေးနိုင်တော့ဘူး"

ယန်းကျိုကွေက....

"ကျုပ်က ငါးသောင်းခွဲရမှရောင်းနိုင်မယ်"

ပွဲစားများမှာ အရက်ဖိုးကုန်ပြီး လက်လျှော့ကာ ပြန်သွားရ၏။

ဤသည်မှာ ယန်းကျိုကွေ၏ငွေမကုန်ဘဲ အရက်သောက်ရသောနည်းဖြစ်၏။



ယန်းကျိုကွေသည် အရက်သမားလုံးလုံးဖြစ်၏။

သူ့တွင် အလုပ်အကိုင်မရှိသဖြင့် ဝင်ငွေမရှိပါ။ သို့သော် သူက ဉာဏ်ကောင်း၏။

အရက်သောက်ရန်၊ ထမင်းစားရန် ကြံ့တင်တွေးတောထားသဖြင့် ဘယ်တော့မှမငတ်ပေ။

ချန်အန်းမြို့တွင် အရက်ဆိုင်ပေါင်းတစ်ရာကျော်ရှိ၏။

ဈေးကြီးပြီး လူကုံတန်များသာသောက်နိုင်သောဆိုင်၊ ဈေးအနည်းငယ်သက်သာပြီး လူလတ်တန်းစားများသောက်နိုင်သောဆိုင်၊ ဈေးပေါပြီး ဆင်းရဲသားများသာသောက်နိုင်သောဆိုင် စသည်ဖြင့် အသီးသီးရှိ၏။

ယန်းကျိုကွေမသောက်ဖူးသောဆိုင် မရှိပါ။

ထိုအထဲတွင် လူလတ်တန်းစားများသောက်နိုင်သည့် နဂါးစားသောက်ဆိုင်မှာ ယန်းကျိုကွေအနှစ်သက်ဆုံးဆိုင် ဖြစ်၏။

သူက ထိုဆိုင်တွင် အကြွေးသောက်နိုင်သောကြောင့်ဖြစ်၏။

ထို့ပြင် သူနှင့်ခင်မင်ရင်းနှီးသူများကလည်း ထိုဆိုင်တွင် သောက်စားပြီး သူ့အားတွေ့လျှင် အရက်ဖိုးရှင်းပေးသွားတတ်သောကြောင့် ဖြစ်၏။

ယန်းကျိုကွေသည် အရက်အား စွဲစွဲမြဲမြဲသောက်သော်လည်း အရက်သမားရုပ် မပေါက်ပါ။ အဆီပျံပြီး နီမြန်းမနေပါ။

ဤသည်မှာလည်း သူ့မိတ်ဆွေအရက်သမားတစ်ယောက်ထံမှ ဆေးတစ်မျိုးရထားသောကြောင့်ဖြစ်၏။

ထိုဆေးသည် တစ်ကြိမ်စားပြီးလျှင် ခြောက်လအထိ အရက်ကြောင့် ခန္ဓာကိုယ်ပျက်စီးခြင်းကို ထိန်းထားနိုင်၏။

ထိုဆေးကြောင့်သာ အရက်အလွန်အကျွံသောက်သော ယန်းကျိုကွေမှာ ချောမောခံ့ညားသော ရုပ်ရည်မပျက်ခြင်း ဖြစ်၏။

ယန်းကျိုကွေ၏ရုပ်ရည်နှင့် ခန္ဓာကိုယ်ကိုသဘောကျပြီး အချို့မိန်းကလေးများ စွဲလန်းနေကြသည်ကို သူသိ၏။

သို့သော် သူက မိန်းမကိုစိတ်မဝင်စားပါ။

ထမင်းစားရန်အတွက်မူ မိန်းမများကို အရေးထားရသေးသဖြင့် ကင်းကင်းမဲ့ဆက်ဆံနိုင်သေးပါ။

အကြောင်းမှာ သူ အကြွေးစားနိုင်သောထမင်းဆိုင်မှာ ညီအစ်မနှစ်ယောက်ဖွင့်ထားသော ထမင်းဆိုင်ဖြစ်နေခြင်းကြောင့် ဖြစ်၏။

ယန်းကျိုကွေသည် လက်ထဲငွေမရှိလျှင် ပြုံးတတ်၏။

ယခု သူက ထမင်းဆိုင်ထဲသို့ဝင်လာ၏။

ငွေသိမ်းစားပွဲတွင်ထိုင်နေသော အစ်မကြီးဖြစ်သူအား ပြုံးပြလိုက်၏။ အစ်မကြီးဖြစ်သူက လှိုက်လှဲစွာပင် ပြန်ပြုံးပြ၏။

ထိုစဉ် ညီမဖြစ်သူ အနားသို့ရောက်လာ၏။

"အစ်ကို... အရင်လိုပဲ အသည်းဟင်းနဲ့စားမှာလား"



ယန်းကျိုကွေက ပြုံးကာ....

"ညီမကျွေးချင်တာ ချပါကွယ်"

ညီမဖြစ်သူက သူ့စားပွဲပေါ်တွင် ဖွယ်ဖွယ်ရာရာဖြစ်အောင် ပြင်ဆင်ပေး၏။ တစ်ခဏအကြာတွင် အစ်မဖြစ်သူရောက်လာ၏။

"အစ်ကို... စားကောင်းရဲ့လား"

"ဟာ... သိပ်ကောင်းတာပဲ... ညီမတို့က ဟင်းချက်သိပ်တော်တာပဲ"

"ဒါဆို နောက်လည်း ဒီမှာပဲစားနော်"

"စားမှာပေါ့ဗျာ... ကျုပ်က ငွေကြို့ပေးပြီးစားဖို့ စိတ်ကူးထားတာ"

အစ်မဖြစ်သူက သူ့လက်မောင်းအား ရဲတင်းစွာ ပုတ်ကာ....

"အို... မဟုတ်တာ... အစ်ကိုကလဲ သူစိမ်းတွေမှမဟုတ်တာ... ငွေမပါလည်း လာစားပါလို့ပြောထားသားနဲ့... အစ်ကို့ကို ယုံပါတယ်"

ယန်းကျိုကွေသည် ဟန်ဆောင်ကာပြုံးထားသော်လည်း အစ်မကြီးနှင့်စကားပြောရသည်မှာ ထမင်းများပြန်အန်မထွက်အောင် မနည်းထိန်းထားရ၏။

အစ်မကြီးဖြစ်သူမှာ သွားခေါပြီး ရုပ်ဆိုးသောကြောင့်ဖြစ်၏။

အစ်မဖြစ်သူထွက်သွားသည်နှင့် ညီမဖြစ်သူ အနားရောက်လာ၏။

ညီမဖြစ်သူမှာ စားပြီးသားပန်းကန်များကို သိမ်းဆည်းရင်း....

"အဆင်ပြေရဲ့လား အစ်ကို...."

"ပြောတာပေါ့... ညီမချက်ထားတာတွေက သိပ်စားကောင်းတာပဲ"

ညီမဖြစ်သူမှာ ပြုံးရွှင်သွား၏။

ညီမဖြစ်သူမှာ ရုပ်အချောကြီးမဟုတ်သော်လည်း ကြည့်ပျော်ရှုပျော်ရှိကာ ကြည့်ကောင်း၏။

"ကဲ.... ညီမ ဘယ်လောက်ကျသလဲ"

ယန်းကျိုကွေက အိတ်ထဲက လက်နှိုက်ကာ မေးလိုက်၏။

ညီမဖြစ်သူက အသံတိုးတိုးဖြင့်....

"မပေးပါနဲ့... ပေးရင် ကျွန်မ စိတ်ဆိုးမှာပဲ"

"ခက်တာပဲဗျာ"

ယန်းကျိုကွေသည် ခပ်သာသာညည်းကာ ဆိုင်ထဲမှပြန်ထွက်လာခဲ့လေတော့သည်။

ယန်းကျိုကွေသည် ထမင်းဆိုင်မှထွက်လာပြီးနောက် အရက်ဆိုင်သို့ ရောက်သွားပြန်၏။

မိတ်ဆွေများနှင့်တွေ့ကာ တဂကြီးသောက်ပြီး အိမ်ပြန်လာ၏။ လက်ထဲတွင် အရက်အိုးနှစ်လုံးလည်းပါလာ၏။

သူ အမွေရထားသည့်အိမ်မှာ အိမ်ကြီးအိမ်ကောင်းဖြစ်သော်လည်း မပြုမပြင်ထားသဖြင့် ချုံနွယ်များရှုပ်ထွေးနေပြီး ရုတ်တရက်ကြည့်လျှင် လူမနေသောအိမ်နှင့်တူ၏။

ခြံဝင်းထဲတွင် ချုံနွယ်များ အလေ့ကျပေါက်နေသဖြင့် တောထဲမှအိမ်ကြီးကဲ့သို့ ဖြစ်နေ၏။



ယန်းကျိုကွေသည် အရက်ရှိန်တက်နေသဖြင့် အိမ်ကြီးထဲရောက်သောအခါ ခြေပစ်လက်ပစ်အိပ်လိုက်၏။

မကြာမီ အိမ်ထဲသို့ လူ(၃)ယောက်ဝင်လာ၏။ ထိုလူများမှာ လူမနေသောအိမ်ဟုထင်ကာ အထဲဝင်ပြီး တံခါးပိတ်လိုက်၏။

သူတို့သည် ကွပ်ပျစ်ပေါ်တွင်အိပ်နေသော ယန်းကျိုကွေအား မတွေ့ပါ။

တစ်ယောက်က....

"ဒီနေရာက စိတ်ချရလို့လား"

"ဒီလောက် အရက်အိုးတွေရှုပ်ပွပြီး တောလိုဖြစ်နေတဲ့အိမ်မှာ ဘယ်သူနေမှာလဲ"

"ဒါဖြင့် ဝေစုခွဲမယ်"

ထိုလူ(၃)ယောက်သည် စကားများကျယ်လောင်စွာပြောကာ ဘယ်ကရမှန်းမသိသောငွေကို ခွဲဝေနေကြ၏။

ယန်းကျိုကွေမှာ ဆူညံသံကြောင့် အိပ်မပျော်သဖြင့် ဒေါသထွက်လာ၏။

သူက ခေါင်းထောင်ကြည့်လိုက်ရာ လူ(၃)ယောက်အားတွေ့လိုက်ရသဖြင့် ဒေါသထွက်ကာ အရက်အိုး(၃)လုံးနှင့်ကောက်ပေါက်လိုက်၏။

"ခွပ်... ခွပ်... ခွပ်"

လူ(၃)ယောက်မှာ အရက်အိုးထိမှန်ကာ နဖူးမှသွေးများ စီးကျပြီး သတိမေ့သွား၏။

ယန်းကျိုကွေမှာလည်း မူးကာ အိပ်ပျော်သွား၏။

တရေးနိုးသောအခါ သတိမရသေးသောလူ(၃)ယောက်အား တွေ့လိုက်ရသဖြင့်....

"အောင်မယ်... မပြောမဆိုနဲ့ ငါ့အိမ်မှာလာအိပ်နေကြတာ.... သချိုင်းများ ထင်နေသလားမသိဘူး"

သူက ဒေါသထွက်ထွက်နှင့် အရက်အိုးများဖြင့် ကောက်ပေါက်လိုက်ပြန်၏။ မကြာခင် သတိရတော့မည့် ထိုလူ(၃)ယောက်မှာ ပြန်၍သတိမေ့သွား၏။

ထိုစဉ် အိမ်ထဲသို့ဓားကိုင်ထားသည့်လူတစ်ယောက်ပြေးဝင်လာ၏။ လူဆိုးထိန်းဝမ်ဖြစ်သည်ကိုတွေ့ရသဖြင့် ယန်းကျိုကွေမှာ ရင်ထိတ်သွား၏။

လူဆိုးထိန်းဝမ်သည် လဲကျနေသောလူ(၃)ယောက်၊ အရက်အိုးကွဲများ၊ ငွေများ၊ အရက်အိုးလွတ်ကို ကိုင်ထားသည့် ယန်းကျိုကွေကိုလည်းကောင်း ကြည့်ကာ အံ့အားသင့်နေမိ၏။

ပြီးမှ....

"ကျေးဇူးတင်ပါတယ် ယန်းကျိုကွေ... ဒီကောင်တွေ ငွေတွေလုလာလို့ လိုက်ဖမ်းနေတာ... မင်းနဲ့သာမတွေ့ရင်တော့ မလွယ်ဘူး... မင်းဖမ်းပေးတဲ့အကြောင်း မြို့တော်ဝန်ကို ကျုပ် ပြောပေးပါ့မယ်"

လူဆိုးထိန်းဝမ်သည် အပြင်ဘက်မှ သူ့လူများကိုခေါ်ကာ ထိုလူ(၃)ယောက်ကို ဖမ်းခေါ်သွား၏။

ယန်းကျိုကွေမှာ မြို့တော်ဝန်ချီးမြှင့်သည့်ငွေများကို ရရှိလိုက်လေတော့သည်။



နံနက်ခင်း....။

ယန်းကျိုကွေ၏အိမ်ထဲသို့ ပိုးဖဲအကောင်းစားအင်္ကျီများဝတ်ဆင်ထားသည့် လူ(၂)ယောက် ရောက်လာ၏။

လူကြီးမှာ အသက်(၅၀)ခန့်ရှိပြီး လူငယ်မှာ အသက်(၃၀)ခန့်ရှိ၏။

ယန်းကျိုကွေက မျက်မှောင်ကြုတ်ကာ....

"ဘာကိစ္စရှိလို့လဲ"

လူကြီးက အိမ်အား တစ်ချက်ဝေ့ကြည့်ကာ....

"မင်းက ဘယ်သူလဲ... ဒီအိမ်ကိုစောင့်ရှောက်ပေးတဲ့လူလား"

"ခင်ဗျားက ဘယ်သူလဲဆိုတာ အရင်ပြောပါ"

"ကျုပ်က ရှင်းရဲ့အစ်ကိုပါ"

ယန်းကျိုကွေမှာ ရင်ထိတ်သွား၏။ ဦးလေးရှင်းတွင် ဆွေမျိုးသားချင်း ရှိမရှိကို သူက မသိပါ။

အကယ်၍ ဦးလေးရှင်း၏အစ်ကိုဆိုပါက မိမိက ဒီအိမ်ကထွက်ခွာပေးရမည်ဖြစ်၏။

လူကြီးက ယန်းကျိုကွေအား ပြုံးပြကာ....

"အခုလို အိမ်ကိုစောင့်ရှောက်ပေးထားတာ ကျေးဇူးတင်ပါတယ်... ဒီမှာ မင်းသုံးစွဲဖို့ ငွေယူထားပါ"

ယန်းကျိုကွေက ငွေအား လက်ခံကာ အိမ်မှထွက်လာခဲ့၏။

နဂါးစားသောက်ဆိုင်သို့ခြေလှမ်းဦးတည်လိုက်လေတော့သည်။

နဂါးစားသောက်ဆိုင်.....။

ယန်းကျိုကွေသည် အကြွေးများအားလုံးဆပ်လိုက်သဖြင့် ဆိုင်တာဝန်ခံက သဘောကျသွား၏။

ငွေစရှိသဖြင့် အပေါင်းအသင်းများ အနားသို့ရောက်လာ၏။

ယန်းကျိုကွေသည် အပေါင်းအသင်းများနှင့် အရက်သောက်နေရသော်လည်း စိတ်မပျော်ပေ။

မိတ်ဆွေတစ်ဦးက....

"ယန်း... ဒီနေ့ မင်းအိမ်ကို လူနှစ်ယောက်ဘာလာလုပ်တာလဲ"

"ဘယ်သူလဲကွ"

"မြွေဟောက်တို့ဆရာတပည့်လေ... မင်း အိမ်ထဲဝင်သွားတာတွေ့လိုက်တယ်"

"မင်းမှားတာ ဖြစ်မယ်... အဲ့ဒါ ဦးလေးရှင်းရဲ့ အစ်ကိုလို့ပြောတယ်"

ထိုလူက အနည်းငယ် စဉ်းစားဟန်ပြုကာ ခေါင်းခါယမ်းလိုက်၏။

"မဖြစ်နိုင်ဘူး"



"မင်းက အဲဒီလူတွေကိုသိလို့လား"

"သိတယ်... သူတို့က အရပ်တကာလှည့်လိမ်နေတဲ့လူတွေပဲ"

ယန်းကျိုကွေက ထိုင်ရာမှဝုန်းခနဲ ထထွက်သွားလေတော့သည်။

ယန်းကျိုကွေသည် လူဆိုးထိန်းဝမ်အားခေါ်ကာ ဦးလေးရှင်း၏အိမ်ထဲသို့ဝင်လာခဲ့၏။

ထိုအခါ အိမ်ထဲတွင်ထိုင်နေသော လူ(၂)ယောက်မှာ မျက်နှာကွက်ခနဲပျက်သွား၏။

လူဆိုးထိန်းဝမ်က....

"ခင်ဗျားက ဘယ်သူလဲ"

မြွေဟောက်က....

"ကျုပ်က ရှင်းရဲ့ အစ်ကို ရှင်းယုံဝေးပါ"

"ထားပါတော့... ဒါနဲ့ဦးလေးရှင်းက မသေခင် ဒီအိမ်နဲ့ဒီခြံကို ခင်ဗျားကိုပေးခဲ့တယ်ဆိုတာ ဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဖြင့် အထောက်အထားစာ ဘယ်မှာလဲ"

မြွေဟောက်မှာ ဘာပြောရမှန်းမသိဖြစ်သွား၏။

ပြီးမှ....

"စာနဲ့မဟုတ်ဘူး... ပါးစပ်နဲ့ပြောတာ... ကျုပ် တပည့်သိ

ပါတယ်"

လှဆိုးထိန်းဝမ်က....

"ကောင်းပြီ... ဒါဖြင့် ဦးလေးရှင်းရဲ့အဖေနာမည်က ဘယ်သူလဲ"

"ရှင်းတာ"

"ဟုတ်ပြီ... အဘိုးနာမည်ကကော"

မြွေဟောက်မှာ ခေါင်းကုတ်သွား၏။

လှဆိုးထိန်းဝမ်က....

"ခင်ဗျားတို့နှစ်ယောက်က လူလိမ်တွေပဲ... ခင်ဗျားက မြွေဟောက်မဟုတ်လား"

"ဟုတ်... ဟုတ်ပါတယ်"

"ခင်ဗျားတို့က နယ်တကာလှည့်လိမ်နေတာ အခုမှပဲ မိတော့တယ်"

လှဆိုးထိန်းဝမ်သည် မြွေဟောက်တို့နှစ်ယောက်အား ခေါ်ဆောင်ကာ ထွက်ခွာသွားလေတော့သည်။

ကျင်းယုတို့ညီအစ်မထမင်းဆိုင်မှာ လူစည်ကား၏။

ကျင်းယုကြောင့် မဟုတ်ပါ။ ညီမဖြစ်သူ ကျင်းစုကြောင့်ဖြစ်၏။

ကျင်းယုတို့ညီအစ်မမှာ အသက်(၃၀)နားနီးနေသော်လည်း အိမ်ထောင်မပြုကြသေးပါ။



ကျင်းစုမှာ ရုပ်ရည်သန့်သန့်ပြန့်ပြန့်ရှိပြီး သဘောကောင်းသဖြင့် လူပျိုကြီးများ သဘောကျကြ၏။

ကျင်းယုမှာမူ သဘောကောင်းသော်လည်း ရုပ်ဆိုးသဖြင့် မည်သူကမှမကြိုက်ကြပါ။

ကျင်းယုသည် အိမ်ထောင်ပြုချင်နေပြီဖြစ်၏။

သို့သော် ရုပ်မလှသော်လည်း ရုပ်ချောသူကိုသာ သဘောကျ၏။ ငွေရှိသော်လည်း ရုပ်မချောလျှင် သူမက လှည့်ပင်မကြည့်ပါ။

ယခု သူမစိတ်ထဲတွင် သဘောကျနေသူမှာ အရက်သမား ယန်းကျိုကွေဖြစ်၏။

ယန်းကျိုကွေက ငွေမပါဘဲ ထမင်းအကြွေးလာစားသော်လည်း သူမက အထင်ကြီး၏။

သူမစိတ်ထဲတွင် ယန်းကျိုကွေအား ရုပ်ချောသဘောကောင်းသော သူဌေးသားလေးဟု ထင်မှတ်ထား၏။

ကျင်းယုသည် ယန်းကျိုကွေအကြောင်း တွေးနေစဉ်မှာပင် ဆိုင်ဝတွင် ယန်းကျိုကွေပေါ်လာ၏။

သူသည် သစ်လွင်သော အဝတ်အစားများဝတ်ကာ လက်ထဲတွင် အရက်အိုးနှစ်အိုးကိုင်ကာ ဆိုင်ထဲသို့ဝင်လာ၏။

ကျင်းယု၏မျက်နှာပြုံးရွှင်သွားကာ ကိုယ်တိုင်ထွက်ကာကြို ဆိုလိုက်၏။

"အစ်ကိုရောက်လာပြီလား... အရင်လိုပဲ ပြင်လိုက်မယ်နော်"

ယန်းကျိုကွေက ခေါင်းညိတ်ကာ စားပွဲတွင်ထိုင်ရင်း ငွေစက္ကူတစ်ထပ်ကို မရေတွက်ဘဲ ပေးလိုက်၏။

"ကျွန်တော်စားထားတာတွေအတွက် ယူလိုက်ပါ"

ကျင်းယုက အထင်ကြီးသွားကာ....

"အို... အစ်ကိုကလည်း ငွေကအဓိကမဟုတ်ပါဘူး... အခု ပေးတာပိုတောင် ပိုနေပြီ"

ယန်းကျိုကွေက....

"ကိစ္စမရှိဘူး... ယူထားပါ... နောက်လည်း လာစားဦးမှာပဲ"

ကျင်းယုမှာ ငွေစက္ကူရွက်များကိုကြည့်ကာ ပို၍ အထင်ကြီးသွားလေတော့သည်။

ယန်းကျိုကွေသည် မိန်းမကိုစိတ်မဝင်စားပါ။

မိန်းမတစ်ယောက်၏အလှသည် အရက်တစ်အိုးလောက် အဖိုးမတန်ဟုထင်နေသူဖြစ်၏။

သူက ကျင်းယုတို့ညီအစ်မ အထင်ကြီးအောင်ပြုလုပ်နေခြင်းမှာ ငွေမရှိချိန်၌ ထမင်းကိုအကြွေးစားနိုင်အောင်ဖြစ်၏။

သို့သော် ကျင်းယုနှင့်ကျင်းစုမှာ ယန်းကျိုကွေအား ကျိတ်၍ စိတ်ဝင်စားနေကြ၏။

ကျင်းယုက....

"ညီမလေး ကျင်းစု...."

"ရှင်...."

"ယန်းကျိုကွေက သဘောကောင်းတယ်နော်"

ကျင်းစုသည် အစ်မဖြစ်သူက မိမိအတွက်ပြောသည်ဟု ထင်မှတ်ကာ စိတ်ထဲတွင်ဝမ်းသာသွား၏။



"အင်း... သဘောကောင်းပုံရပါတယ်"

"ငွေလည်း သုံးနိုင်တယ်"

"ဟုတ်တယ်... သူငွေသုံးတာ ကြောက်စရာကောင်းတယ်"

ကျင်းယုက ပြုံးလိုက်၏။

ကျင်းစုက....

"မမ ဘာဖြစ်လို့ပြုံးတာလဲ"

"မမ... ညီမလေးနဲ့တိုင်ပင်ရဦးမယ်"

"ပြောပါ... မမ"

ကျင်းယုက ရှက်စနိုးဟန်ဖြင့် လက်ညှိုးကိုက်ကာ...

"ဟိုလေ... မမနဲ့ယန်းကျိုကွေလက်ထပ်ရင် ညီမလေး သဘောတူနိုင်မလား"

"ရှင်...."

ကျင်းစုမှာ မျက်လုံးပြူးသွား၏။

ကျင်းယုက....

"ဘာဖြစ်လို့လဲ... ညီမလေးက သဘောမတူဘူးလား"

ကျင်းစုက ကမန်းကတန်း ကြွေဆည်ကာ...

"မဟုတ်ပါဘူး မမ... ဒါနဲ့သူက ဖွင့်ပြောပြီးပြီလား"

ကျင်းယုက အသံတိုးတိုးဖြင့်....

"သူကတော့ ဖွင့်မပြောသေးပါဘူး... ဒါပေမယ့် သူ... သူ... မမကိုချစ်နေတယ်ဆိုတာ မမ သိပါတယ်"

ကျင်းစုက မသိမသာ သက်ပြင်းချလိုက်၏။

ယန်းကျိုကွေသည် ရုပ်ဆိုးသောသူမ၏အစ်မကိုလက်ထပ်လိမ့်မည်မဟုတ်မှန်း သူမ ခံစားမိ၏။

"မမက သူ့အကြောင်းသိလို့လား"

"လွယ်ပါတယ်... သူ့အိမ်သွားပြီးစုံစမ်းရင် အားလုံးသိမှာပေါ့"

"သူက အရက်ကို ရေလိုသောက်တာ မမရဲ့"

"အိုကွယ်... ယောကျာ်းပဲ... ဘယ်ကင်းပါ့မလဲ... ခွင့်လွှတ်သည်းခံပေးရမှာပေါ့"

ကျင်းစုမှာ ဘာမှမပြောတော့ဘဲ ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

ကျင်းယုသည် ယန်းကျိုကွေ၏အိမ်အား စုံစမ်းလိုက်၏။

အစပိုင်းတွင်မသိရသော်လည်း အရက်သမားတစ်ယောက်ကိုမေးမိသဖြင့် ချောချောမောမောရောက်သွား၏။

"ဟင်... အိမ်ကကြီးပေမယ့် ချုံနွယ်တွေနဲ့ တောကျနေတာပဲ... အေးလေ... တစ်ကိုယ်တည်းနေတဲ့လူဆိုတော့ ဘယ်ရှင်းနိုင်ပါ့မလဲ"

ကျင်းယုက တွေးရင် ခြံဝင်းထဲသို့လှမ်းဝင်လိုက်၏။ တစ်အိမ်လုံး တိတ်ဆိတ်နေ၏။

တံခါးများ မဖွင့်ထားသဖြင့် အထဲတွင်မှောင်နေ၏။

ကျင်းယုက အသံခပ်အုပ်အုပ်ဖြင့်....

"အစ်ကိုယန်း... အစ်ကိုယန်း...."

မည်သည့်တုံ့ပြန်သံမှ မကြားရသဖြင့် သူမက အတွင်းသို့



လှမ်းဝင်သွား၏။ အထဲရောက်လျှင် မျက်လုံးများ ပြူးကျယ်သွား၏။

"တစ်အိမ်လုံး အရက်အိုးတွေချည်းပါလား"

သူမက ရေရွတ်ရင်း အတွင်းခန်းဘက်သို့လှမ်းကြည့်လိုက်၏။

"အား...."

သူမက ထိတ်လန့်စွာအော်ကာ ခြံဝင်းထဲမှပြေးထွက်သွား၏။

လမ်းမပေါ်ရောက်သည်အထိ လုံးဝ ပြန်လှည့်မကြည့်တော့ပေ။

အမှန်တော့ သူမ ခြံထဲဝင်လာသည်ကိုတွေ့ရသဖြင့် ခြောက်လှန့်ရန် ယန်းကျိုကွေက ကျားရုပ်ခေါင်းဆောင်းကိုဆောင်းကာ ကျားသားရေခြုံထည်ကိုခြုံပြီး ခြောက်လှန့်လိုက်ခြင်းပင်ဖြစ်၏။

## ပြောင်းလဲသွားသောအိမ်ဂေဟာ

ယန်းကျိုကွေသည် အရက်သမားတစ်စုနှင့် ပတ်ဝန်းကျင်မြို့ရွာများသို့ အရက်လည်သောက်နေခဲ့၏။

(၃)ရက်ကြာမှ သူက ချန်အန်းမြို့သို့ပြန်ရောက်လာ၏။

သူ ပြန်ရောက်ချိန်မှာ ညနေစောင်းနေပြီဖြစ်၏။

သူက အရက်အိုးများလွယ်ကာ တစ်လမ်းဝင်တစ်လမ်းထွက် လျှောက်နေ၏။

"ငါ့အိမ်ကြီး ဘယ်ရောက်သွားတာလဲ… ထူးဆန်းလိုက်တာ… တစ်အိမ်လုံး ချုံနွယ်တွေပေါက်နေပြီး ရေညှိတက်နေတဲ့အိမ် ဒီနားမှာတစ်လုံးမှမရှိဘူး… ငါ့အိမ်က ဘယ်ထွက်ပြေးသွားတာလဲ"

သူက မူးမူးနှင့်ပါးစပ်မှရွတ်နေ၏။ မှောင်ရိပ်သန်းလာသည်အထိ သူက လမ်းများလျှောက်နေသော်လည်း အိမ်ကိုမတွေ့သေးပါ။

ထိုစဉ် သူ့အနားသို့ အရက်မူးနေသူတစ်ဦး ရောက်လာ၏။

"ဟေ့ကောင်… ယန်းကျိုကွေ… မင်းလမ်းထဲမှာလျှောက်နေတာ(၃)ခါ ရှိပြီး… ဘာလုပ်နေတာလဲ… ဘယ်သူ့ကိုရှာနေတာလဲ"

"အတော်ပဲ ကျဲ့ကြီး… ငါ့အိမ်ပျောက်နေလို့ ဝိုင်းရှာပေးပါဦး"



ကျဲ့ကြီးဆိုသူက အနည်းငယ်စဉ်းစားကာ…

"နေပါဦး… မင်းအိမ်ကို ငါ စောစောကတွေ့လိုက်မိပါတယ်… ဩော်… ဟိုဘက်လမ်းမှာကွ"

"မနောက်ပါနဲ့ကျဲ့ကြီးရာ… ငါ အခုပဲ အဲဒီလမ်းထဲရောက်ခဲ့သေးတယ်… ငါ့အိမ်နဲ့တူတာ တစ်ခုမှမတွေ့ဘူး"

"ငါတွေ့ခဲ့တာ သေချာပါတယ်… လာ… ငါ လိုက်ပို့မယ်"

သူတို့နှစ်ယောက်သည် ဒယီးဒယိုင်ဖြင့် လျှောက်လာကြပြီး အိမ်တစ်လုံးရှေ့တွင် ရပ်လိုက်ကြ၏။

"ဒါ မင်း အိမ်ပေါ့"

ယန်းကျိုကွေက မျက်လုံးပြူးသွား၏။

"ဘယ်မှာလဲ ငါ့အိမ်…."

သူတို့ရှေ့တွင်ရှိနေသည်မှာ ချုံနွယ်များရှင်းလင်းပြီး ဆေးသစ်များသုတ်ထားသည့်အိမ် ဖြစ်၏။

ကျဲ့ကြီးက….

"မင်းက ကိုယ့်အိမ်ကိုယ် လှလှပပပြင်ထားပြီး မေ့နေတာပေါ့"

ယန်းကျိုကွေသည် မျက်လုံးကိုပွတ်ကာ သေသေချာချာကြည့်လိုက်၏။ မိမိမရှိသော(၃)ရက်အတွင်း မည်သူက ယခုကဲ့သို့ပြင်ဆင်ထားပါသနည်း။

သူက ကျဲ့ကြီး၏ပခုံးအား ဖက်ကာ အိမ်ထဲဝင်ရန်ဟန်ပြင်လိုက်၏။ ထိုစဉ် အိမ်ပေါက်ဝ၌ မိန်းကလေးတစ်ယောက်ခါးထောက်ရပ်ကာ မေးလိုက်၏။

"ရှင်တို့ ဘာလာလုပ်တာလဲ"

မိန်းကလေးမှာ ခပ်ဆတ်ဆတ်မေးလိုက်သော်လည်း သူမ၏ပုံဟန်မှာ ချစ်စဖွယ်ကောင်းနေ၏။

ယန်းကျိုကွေမှာ အရက်မူးပင် ပြေချင်သွား၏။

"ဒါက ငါ့အိမ်ပဲ… မင်းက ဘယ်သူလဲ"

မိန်းကလေးက သူ့အား မျက်မှောင်ကုတ်ကာ ကြည့်လိုက်၏။

"ဘာ… ရှင့်အိမ်"

"ဟုတ်တယ်"

"နေဦး… ဦးလေးရှင်းရဲ့အိမ်ကို ရှင်က ဘယ်တုန်းကဝယ်လိုက်တာလဲ… ကျွန်မဦးလေးက ဘယ်တုန်းက ရောင်းခဲ့လို့လဲ"

ယန်းကျိုကွေနှင့်ကျဲကြီးမှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်၏။

"ဦးလေးရှင်းက မင်းဦးလေး ဟုတ်လား… ဟား… ဟား… ဟား"

မိန်းကလေးက အိမ်ထဲသို့လှည့်ကာ….

"ကြွက်ကလေး…."

ဟု ခေါ်လိုက်၏။

သူမ၏ခေါ်သံအဆုံးတွင် လူတစ်ယောက်လှမ်းထွက်လာ၏။ ယန်းကျိုကွေနှင့်ကျဲကြီးမှာ မျက်လုံးပြူးသွား၏။

ကြွက်ကလေးဆိုသူမှာ သူတို့ထက် ခေါင်းတစ်လုံးစာပိုမြင့်ပြီး ကြွက်သားများ အမြောင်းမြောင်းထနေသော လူထွားကြီးတစ်ယောက် ဖြစ်၏။

သူ၏ခါးတွင် သံမှိုများတပ်ထားသည့် ခါးပတ်ပြားကြီးတစ်ခု



ပတ်ထားကာ ဓားတစ်လက်ချိတ်ထား၏။

ကျဲကြီးက ယန်းကျိုကွေ၏နောက်ဘက်သို့ မသိမသာဆုတ်သွား၏။ ယန်းကျိုကွေက ကြွက်ကလေးအား တစ်ချက်ကြည့်ကာ မိန်းကလေးဘက်လှည့်လိုက်၏။

"မင်းက ဦးလေးရှင်းရဲ့တူမဆိုတာ အထောက်အထားရှိလို့လား… ငါ့ကိုလာလိမ်မနေနဲ့… ဦးလေးရှင်းက ဒီအိမ်ကို ငါ့ကိုအပြီးအပိုင်ပေးသွားတယ်ဆိုတာ ချန်အန်းတစ်မြို့လုံးသိတယ်"

မိန်းကလေးက တစ်ချက်တွေဝေသွားပြီး….

"ဦးလေးရှင်းက ဘာတော်လို့ ရှင့်ကိုပေးရမှာလဲ"

"ဟော့… သူက ငါ့ကိုပေးခဲ့တယ်ဆိုတာ အားလုံးသိတယ်… မင်းသာ ဒီအိမ်ထဲက အမြန်ဆုံးထွက်သွားပါ"

မိန်းကလေးက ဘာမှမပြောတော့ဘဲ ကြွက်ကလေးအား ခေါင်းညိတ်ပြလိုက်လေတော့သည်။

"ချွင်…."

ကြွက်ကလေးက ခါးကြားမှဓားအား ဆွဲထုတ်လိုက်၏။ ကျဲကြီးမှာ နောက်ကြောင်းပြန်လှည့်ရန် ဟန်ပြင်လိုက်၏။

ယန်းကျိုကွေက ခါးမှအရက်အိုးတစ်လုံးအားဖြုတ်ကာ သူ့လက်ထဲသို့ထည့်ပေးလိုက်၏။

ကျဲကြီးက အရက်များအား မော့သောက်လိုက်၏။

ယန်းကျိုကွေကမူ အရက်အား ဖြည်းညင်းစွာ သောက်ရင်း

ကြွက်ကလေးအား ကြည့်နေ၏။ မိန်းကလေးနှင့်ကြွက်ကလေးမှာ ဘာလုပ်ရမှန်းမသိဘဲ အူကြောင်ကြောင်ဖြစ်သွား၏။

ယန်းကျိုကွေနှင့်ကျွဲကြီးသည် အရက်ကုန်သွားသည်နှင့် ပြိုင်တူပင် အရက်အိုးများဖြင့် ကြွက်ကလေးအား ပစ်ပေါက်လိုက်၏။

"ခွပ်... ခွပ်"

ကြွက်ကလေးမှာ အရက်အိုးထိမှန်သွားသော်လည်း မဖြုံပေ။ အခြားလူဆိုလျှင် မူးလဲသွားမည်ဖြစ်သော်လည်း သူက နဖူးတွင် ဘုကြီးနှစ်ခုဖြစ်လာရုံကလွဲ၍ ဘာမှမဖြစ်ပေ။

သူက ဒေါသထွက်ကာ လက်ထဲမှဓားဖြင့်ခုတ်ချလိုက်၏။

ယန်းကျိုကွေနှင့်ကျွဲကြီးမှာ ကမန်းကတန်း ရှောင်တိမ်းလိုက်ရ၏။ သူတို့သည် အရက်အရှိန်ရလာသဖြင့် မကြောက်တော့ပါ။

ကျွဲကြီးသည် ကြွက်လေးအား ပြေးကန်လိုက်၏။

"ဝုန်း...."

ကြွက်ကလေးက ဘာမှမဖြစ်ပါ။ ကျွဲကြီးမှာ နောက်ပြန်လဲကျသွား၏။ ယန်းကျိုကွေသည် သစ်သားတုတ်တစ်ချောင်းဖြင့် ကြွက်ကလေး၏ဓားကိုင်ထားသောလက်အား ရိုက်ချလိုက်၏။

"ဖြောင်း...."

"အား...."

ကြွက်ကလေး၏လက်ထဲမှဓားလွတ်ကျသွားသည်နှင့်ကျွဲကြီးက ပြေးကန်လိုက်၏။ ယန်းကျိုကွေက သူ၏ခြေနှစ်ချောင်းဖြင့် လည်မျိုအား ပြေးညှစ်လိုက်၏။

"ဝုန်း...."

သုံးယောက်လုံးထွေးကာ လဲကျသွားပြီး ကြိုးစားပြန်ထကြ၏။ ယန်းကျိုကွေမှာ ဝါးပိုးဝါးတစ်လုံးအား အစိပ်စိပ်အမွှာမွှာ ဖြစ်အောင်ခွဲနိုင်၏။



သူက ကြွက်ကလေး၏မျက်နှာအား ဝါးပိုးဝါးအဖြစ်ဦးတည်ကာ တိုက်ခိုက်လိုက်၏။ ကျွဲကြီးကလည်း သူ၏ခြေထောက်များအား လှိမ့်ကန်နေ၏။

မကြာပါချေ။ ကြွက်ကလေးမှာ လောကကြီးနှင့် အဆက်ပြတ်သွားလေတော့သည်။

ကြွက်ကလေးသတိလစ်သွားသကဲ့သို့ ယန်းကျိုကွေနှင့်ကျွဲကြီးမှာလည်း ပင်ပန်းသွားကြ၏။

"ဖြောင်း... ဖြောင်း...."

မိန်းကလေးက လက်ခုပ်နှစ်ချက်တီးလိုက်၏။

ဓားလွတ်ကိုင်ထားသည့်မိန်းကလေးနှစ်ယောက် လွှားခနဲ ခုန်ထွက်လာ၏။ ယန်းကျိုကွေမှာ စိတ်ပျက်သွား၏။

ထိုစဉ် လမ်းပေါ်၌ အရက်သမား(၅)ဦး လျှောက်လာနေသည်ကို တွေ့လိုက်ရ၏။

"ဖြောင်း... ဖြောင်း...."

သူက မိန်းကလေးကဲ့သို့ပင် လက်ခုပ်တီးလိုက်၏။

ငါးယောက်စလုံး ခြံဝင်းထဲ တစ်ယောက်တစ်ပေါက်အော်ကာ ပြေးဝင်လာကြ၏။ ယန်းကျိုကွေက ၎င်းတို့အား ထိုကဲ့သို့ခေါ်ကာ အရက်တိုက် နေကျမဟုတ်ပါလား။

ယန်းကျိုကွေက အရက်တစ်အိုးစီပေးလိုက်၏။

ထိုစဉ် အရက်သမား(၄)ယောက် ထပ်ဝင်လာပြန်၏။ အရက်သမားများမှာ ပျော်ရွှင်သွားကြ၏။

မိန်းကလေး(၃)ယောက်မှာ မျက်လုံးပြူးသွား၏။

အရက်သမားများသည် မိန်းကလေးများအား ပြူးကျယ်သောမျက်လုံးများဖြင့် ကြည့်ကာ....

"ဟေ့... ယန်းကျိုကွေ... မင်းကယူမဲ့ယူတော့လည်း သုံးယောက်တောင်ပါလား... ငါတို့ကို ဒီထက်မက တိုက်သင့်တယ်ကွ"

တစ်ခဏအတွင်းမှာပင် ဆူညံကြီးမားသော အရက်ဝိုင်းဖြစ်သွား၏။ မိန်းကလေး(၃)ယောက်မှာ ကြောက်လန့်ကာ အိမ်ထဲပြေးဝင်ပြီး တံခါးပိတ်ထားလိုက်ကြ၏။

"ဟေ့... မင်းမိန်းမတွေ စိတ်ဆိုးသွားပြီ"

အရက်သမားများမှာ တစ်ယောက်တစ်ပေါက်ပြောလိုက်ကြ၏။

ယန်းကျိုကွေက....

"သူတို့ကို ဂရုမစိုက်နဲ့... အရက်ကိုသာ ပျော်ပျော်ပါးပါး သောက်ကြပါ"

"ဒါမှယန်းကျိုကွေကွ... အရက်သမားကောင်းပဲ"

အားလုံးက ဩဘာပေးကာ အရက်များစိတ်ကြိုက်သောက်လိုက်ကြလေတော့သည်။



ရှင်းယုံ....။

ရှင်းယုံသည် အသက်(၁၈)နှစ်ခန့်သာ ရှိသေး၏။

သူမ၏မိခင်သည် သူမအသက်(၁၀)နှစ်အရွယ်တွင် အိမ်ထောင်ပြုလိုက်၏။

သူမ၏ပထွေးသည် ငယ်စဉ်က သူမအပေါ်ကောင်းခဲ့၏။

သို့သော် တဖြည်းဖြည်း သူမအရွယ်ရောက်လာသောအခါ သူ၏ပုံစံပြောင်းလဲသွား၏။

သူမ၏ပထွေးသည် ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝသော်လည်း အလွန်ဆိုးသွမ်းသောလူဖြစ်၏။

ရှင်းယုံအပေါ် တဖြည်းဖြည်း အနိုင်ကျင့်ရန် ကြိုးစားလာသဖြင့် သူမ၏မိခင်က သူမ၏အစောင့်အရှောက်များနှင့်အတူ ဦးလေးရှင်းထံသို့ စေလွှတ်ခဲ့၏။

ဦးလေးရှင်းမှာ မိခင်ဖြစ်သူ၏ အစ်ကိုအရင်းဖြစ်ပြီး ချန်အန်းမြို့တွင်နေထိုင်သည်ဟုသိရသဖြင့် ထွက်လာခဲ့ခြင်းဖြစ်၏။

ချန်းအန်မြို့ရောက်သောအခါ ဦးလေးရှင်းမှာသေဆုံးနေပြီး ယန်းကျိုကွေက အိမ်အား အပိုင်စီးထားကြောင်းသိရ၏။

သူမ ထိုအိမ်သို့ရောက်ရှိချိန်တွင် ယန်းကျိုကွေအိမ်၌မရှိပါ။

ထို့ကြောင့် သူမက အိမ်အားရှင်းလင်းကာ တက်နေလိုက်၏။

ယခု ယန်းကျိုကွေပြန်ရောက်လာသဖြင့် သူမက ဘာဆက်လုပ်ရမှန်း မသိတော့ပါ။

အရက်သမားများသည် အရက်များဝအောင်သောက်ပြီးနောက် အသီးသီး ပြန်သွားကြပြီဖြစ်၏။

ယန်းကျိုကွေသည် သန်းခေါင်အချိန်မှနိုးလာ၏။ သူ့အနားတွင် သတိလစ်နေသောကြွက်ကလေးကိုသာ တွေ့ရ၏။

သူက အရက်အိုးများအား စမ်းလိုက်၏။ အိုးအလွတ်များကိုသာ တွေ့ရ၏။ သူက အရက်ထပ်သောက်ချင်သဖြင့် အိမ်တံခါးအား တွန်းဖွင့်လိုက်၏။

သို့သော် တံခါးမှာ အတွင်းမှပိတ်ထားသဖြင့် ပွင့်မလာပါ။

ယန်းကျိုကွေက ပြတင်းပေါက်မှကျော်၍ ဝင်လိုက်၏။

သူ့အရက်အိုးများသည် ခါတိုင်းနေရာတွင်မရှိတော့ဘဲ အခန်းတစ်ခုထဲတွင် စုပြုံထည့်ထားသည်ကိုတွေ့လိုက်ရ၏။

အရက်အိုးအသစ်များမှာ သူ့အခန်းထဲတွင်သာရှိသဖြင့် သူက အခန်းထဲသို့ လှမ်းဝင်လိုက်၏။

အခန်းထဲရောက်သောအခါ မိန်းကလေးနှစ်ယောက်အိပ်နေသည်ကိုတွေ့ရသဖြင့် ခြေလှမ်းရပ်တန့်သွား၏။

သူ၏ခြေသံကြောင့် မိန်းကလေးများနိုးသွားကာ ဓားအားကောက်ကိုင်ပြီးတိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

"ခဏနေဦး"



ယန်းကျိုကွေက ဟန့်တားရင်း မေးလိုက၏။

"မင်းတို့ ငါ့ကိုဘာဖြစ်လို့ တိုက်ခိုက်တာလဲ"

"ရှင်က ဒီကိုဘာလာလုပ်တာလဲ"

"ဒါ ငါ့အခန်းကွ... ငါ အရက်အိုးလာယူတာ... ဒီထဲမှာ အရက်သောက်မလို့"

ထိုစဉ် အခန်းတွင် ရှင်းယုံပေါ်လာကာ...

"ရှင်တို့ဖယ်ပေးလိုက်... အခန်းထဲမှာ သူ အရက်သောက်ပါစေ"

ရှင်းယုံက ပြောပြောဆိုဆို အခန်းထဲဝင်လာကာ မီးအိမ်မှမီးစာအား မြှင့်လိုက်၏။

ထို့နောက် ယန်းကျိုကွေ၏မျက်နှာအား စိုက်ကြည့်ကာ....

"ရှင်က ယန်းကျိုကွေ ဟုတ်လား"

"ဟုတ်တယ်"

"ရှင်က ချန်အန်းမြို့မှာ နာမည်ကျော်အရက်သမားပဲ"

"မင်းက ငါ့အကြောင်းတောင် သိနေမှကိုး"

"ကျွန်မ ဒီမြို့ကိုရောက်ကတည်းက ရှင်က ဦးလေးရှင်းအိမ်ကို အပိုင်စီးထားတယ်ဆိုတာသိတယ်"

ထိုစကားကြောင့် ယန်းကျိုကွေမှာ ဒေါသထွက်လာ၏။ သူသည် မြွေဟောက်တို့ဆရာတပည့်လိမ်ညာသည်ကိုခံခဲ့ဖူး၏။

"နေပါဦး... မင်းက ဒီအိမ်နဲ့ငါ့အကြောင်းကို ဘာဖြစ်လို့စုံစမ်းရတာလဲ"

ရှင်းယုံက....

"ဒီအိမ်က ကျွန်မ ဦးလေးအိမ်ပဲ"

ယန်းကျိုကွေက မဲ့ပြုံးပြုံးကာ....

"မင်းတို့လိုလူလိမ်တွေကိုဖမ်းပြီး လူဆိုးထိန်းဝမ်လက်ထဲကို ငါပို့ခဲ့တာ မနည်းဘူးကွ"

ရှင်းယုံက....

"ရှင်က ဦးလေးရှင်းနဲ့ဘာတော်လို့ ဒီအိမ်မှာတက်နေရတာလဲ"

"ငါ့ကို ဦးလေးရှင်းမွေးစားခဲ့တယ်ဆိုတာ ချန်အန်းတစ်မြို့လုံး သိတယ်ကွ"

ယန်းကျိုကွေ၏စကားကြောင့် ရှင်းယုံမှာငိုင်သွား၏။

ဦးလေးရှင်းမှာ အရက်အလွန်ကြိုက်သူဖြစ်၍ အရက်သမား ယန်းကျိုကွေအား မွေးစားခဲ့သည်မှာဖြစ်နိုင်၏။

သူသေသောအခါ အနီးဆုံးတွင်ရှိသည့် ယန်းကျိုကွေအား အမွေပေးခဲ့ခြင်းပင် ဖြစ်ပေမည်။

ဤသို့ဆိုလျှင် သူမက ဘာမှမတတ်နိုင်ပါ။ သို့မဟုတ် ယန်းကျိုကွေက အိမ်အားအပိုင်းစီးလို၍ လိမ်ညာပြောခြင်းလည်းဖြစ်နိုင်၏။

ရှင်းယုံ ဘာမှဆက်မပြောတော့ပါ။ သူမက မိန်းကလေးနှစ်ယောက်အားခေါ်ကာ အခန်းထဲမှ ထွက်လာခဲ့၏။

ယန်းကျိုကွေသည် အခန်းထဲတွင် အရက်သောက်ရင်း အိပ်လိုက်၏။ နံနက်လင်း၍ သူနိုးလာသောအခါ တစ်အိမ်လုံး တိတ်ဆိတ်နေသည်ကိုတွေ့လိုက်၏။

သူက အခန်းတိုင်းအားလိုက်ရှာသော်လည်း ရှင်းယုံတို့အား လုံးဝမတွေ့ရတော့ပါ။



သူက ကျေနပ်စွာ ပြုံးလိုက်၏။ လူလိမ်များ လိမ်၍မရမှန်း သိသဖြင့် ထွက်ပြေးသွားသည်ဟု ယူဆလိုက်၏။

မည်သို့ဆိုစေ သူက ငွေအကုန်မခံရဘဲ သစ်လွင်သော အိမ်ကိုပြန်ရလိုက်သည် မဟုတ်ပါလား။

လုကျောင်း....။

သူသည် ငွေတစ်သိန်းကျော် ချမ်းသာသူဖြစ်၏။

သို့သော် သူချမ်းသာသမျှငွေများသည် တစ်နှစ်အတွင်းမှာပင် တက်တက်စင်ပြောင်သွား၏။ ရန်သူငါးပါးဖျက်ဆီး၍ မဟုတ်ပါ။

သူက လောင်းကစားဝါသနာပါသောကြောင့်ဖြစ်၏။

သူက ရှိသမျှငွေများကိုလောင်းကစားလိုက်သဖြင့် သူ့တွင် စားစရာမဆိုနှင့် ဝတ်စရာပင် မရှိတော့ပါ။

ဘုံကျောင်းမှဘုန်းတော်ကြီးသည် သစ်ပင်တစ်ပင်နောက်တွင်ထိုင်နေသောလုကျောင်းအား တွေ့လိုက်ရသဖြင့်....

"ဘယ်သူလဲ... ထွက်ခဲ့စမ်း"

ဘုန်းတော်ကြီး၏အသံကြောင့် လုကျောင်းက ရှက်ရွံ့သော မျက်နှာဖြင့်ထွက်လာ၏။

သူ့တွင် အောက်ခံဘောင်းဘီတိုလေးသာ ဝတ်ထား၏။

ဘုန်းတော်ကြီးက သူ့အား အံ့ဩသောမျက်နှာဖြင့်ကြည့်ကာ ....

"မင်းက လုကျောင်းမဟုတ်လား"

"အဟီး... ဟုတ်ပါတယ်"

"ဘယ်လိုဖြစ်လာရတာလဲ"

လုကျောင်းက ခေါင်းငုံ့ကာ....

"လောင်းကစားဝိုင်းမှာ ရှုံးသွားလို့ပါ"

"ဟော... မင်းက ဒီအခြေအနေထိဖြစ်အောင် လောင်းကစား ဝါသနာပါရသလားကွ"

လုကျောင်းက ပါးစပ်ပိတ်ထားလိုက်၏။

ဘုန်းတော်ကြီက သူ့အား အဝတ်တစ်ထည်ပစ်ပေးကာ....

"ဒါဝတ်ထား... နောက်ကို ဒီလိုပုံစံမမြင်ချင်ဘူး"

"စိတ်ချပါ"

"နောက်တစ်ခါ ဒီလိုပုံစံတွေ့ရရင် ငါ ဘာလုပ်ရမလဲ"

"နောက်တစ်ခါ ဒီလိုပုံစံမတွေ့စေရဘူးလို့ ကျွန်တော် လောင်းရဲပါတယ်"

"ဘာ... ငါက ဆုံးမတာတောင် မင်းက လောင်းကစားစိတ် မပျောက်သေးပါလား"

ဘုန်းတော်ကြီးက ဒေါသထွက်ကာ အနီးမှတုတ်အား ကောက်ကိုင်သဖြင့် လုကျောင်းမှာ လျင်မြန်စွာ ပြေးလေတော့သည်။

လုကျောင်းသည် အစားမစားရမှာကိုမပူပေ။ အဝတ်အစား မဝတ်ရသည်ကိုလည်း မပူပေ။ လောင်းကစားမလုပ်ရမှာကိုသာ ပူ၏။



သူသည် (၃)ရက်လုံးလုံး အလုပ်ကိုပင်ပန်းတကြီးလုပ်၏။ ထိုမှရသောငွေဖြင့် လောင်းကစားဝိုင်းသွားရာ တစ်ခဏအတွင်းမှာပင် ပါသောငွေများအားလုံး ကုန်သွား၏။

သူက ရှုံးသော်လည်း စိတ်မပျက်ပါ။ တစ်ခါတလေ သူနိုင်သောငွေများမှာ တစ်နှစ်ခန့် အေးအေးဆေးဆေး စားသောက်နိုင်၏။

သို့သော် နိုင်သောငွေများကိုပြန်ကစားသဖြင့် တစ်ဝတ်အတွင်းမှာပင် ရှုံးနိမ့်သွားလေတော့သည်။

လူဆိုးထိန်းဝမ်သည် အုပ်ချုပ်ရေးမှူး မာဟန်း၏အမိန့်ဖြင့် လောင်းကစားဝိုင်းများကိုဖမ်းဆီးလိုက်ရာ လုကျောင်းလည်း အဖမ်းခံရ၏။

လူဆိုးထိန်းဝမ်သည် အချုပ်ခန်းရှိရာသို့ဒေါသတကြီး လျှောက်လာ၏။ အကြောင်းမှာ လုကျောင်းသည် အချုပ်ခန်းထဲရှိ အခြားလူများနှင့်လောင်းကစားနေသောကြောင့် ဖြစ်၏။

သူတို့က အချုပ်ခန်းထဲတွင် လေးကောင်ဂျင်လှည့်နေခြင်း ဖြစ်၏။ လူဆိုးထိန်းဝမ်က လုကျောင်းအား နှစ်ချက်ဆင့်ထိုးလိုက်၏။

"အချုပ်ခန်းကို မင်းအဖေအိမ်မှတ်လို့ လောင်းကစားလုပ်နေရတာလား"

ထိုသို့ရိုက်နှက်သော်လည်း လုကျောင်းကမမှုပါ။ ညနေတွင် အချုပ်သားများအား ပွဲကြီးပြုတ်ကျေး၏။

လုကျောင်းသည် အချုပ်သားများအား စည်းရုံးကာ စုံမဇုက်

တမ်းကစား၏။ နိုင်သူက ပဲအများကြီးစားရ၏။

ဤတစ်ကြိမ်တွင် လူဆိုးထိန်းဝမ်က သူ့အား မရိုက်တော့ပါ။

အခြားအချုပ်သားများအား ဆုံးမကာ ပြန်လွှတ်ပြီး လုကျောင်းတစ်ယောက်တည်းကိုသာ ချုပ်ထားလိုက်၏။

"ဒီလောက်တောင်လောင်းကစားမက်တာ… မင်းကို ပြန်မလွှတ်ပေးတော့ဘူး"

"တကယ်မလွှတ်ဘူးလား"

"မလွှတ်ဘူး… မှတ်လောက်အောင်ချုပ်ထားမယ်"

"ကောင်းလိုက်တာ"

"ဘာကောင်းတာလဲ"

လုကျောင်းက ပြုံးကာ…

"အပြင်မှာထမင်းစားဖို့ငွေရှာရတာ သိပ်ခက်တယ်ဗျ… ဒီထဲမှာဆိုတော့ အေးအေးဆေးဆေး ထမင်းစားရတယ်"

လူဆိုးထိန်းဝမ်က…

"မထင်ပါနဲ့… အချုပ်ထဲမှာလည်း အလုပ်လုပ်မှထမင်းကျွေးမှာပါ"

"ရပါတယ်… ဘာခိုင်းချင်သလဲပြောပါ"

လူဆိုးထိန်းဝမ်က စဉ်းစားလိုက်၏။

အကယ်၍သာ လုကျောင်းက အလုပ်ထဲစိတ်ဝင်စားပါက လောင်းကစားချင်စိတ်ပျောက်သွားမည်ဟု ထင်မိ၏။

ထို့ကြောင့် သူက အုပ်ချုပ်ရေးမှူးတာဟန်းအိမ်တွင် ထင်းခွဲရေခပ်အလုပ်လုပ်ရန် ပို့လိုက်၏။

သို့သော် တစ်ပတ်ခန့်အကြာတွင် အုပ်ချုပ်ရေးမှူးတာပ. န်း



က သူ့အားခေါ်ကာ…

"ငါ့အိမ်မှာခိုင်းဖို့ အလုပ်သမားလွှတ်ပေးတာ ကောင်းပါတယ်… ဒါပေမယ့် နောက်ကို ဘယ်တော့မှမလွှတ်နဲ့…"

"ဘာဖြစ်လို့လဲဗျ"

"အိမ်မှာရှိတဲ့အလုပ်သမားတွေတင် မကဘူး… ငါ့မိန်းမနဲ့ကလေးတွေပါ လောင်းကစားဝါသနာပါကုန်ပြီကွ"

"ဗျာ…"

လူဆိုးထိန်းဝမ်မှာ မျက်လုံးပြူးသွားလေတော့သည်။

လုကျောင်းသည် အိတ်ထဲတွင်ငွေတစ်ပြားတစ်ချပ်မှမရှိတော့ပါ။ သူက အလွန်လောင်းကစားချင်၏။

သူက လောင်းကစားဝိုင်းများအား ငေးကြည့်ကာ စားပွဲတစ်လုံးတွင်ထိုင်ရင်း ငွေရမည့်နည်းလမ်းများကို စဉ်းစားနေ၏။

သူက ခါးကြားမှခြင်္သေ့မြွေအား စားပွဲတွင်စိုက်လိုက်၏။

ထိုခြင်္သေ့မြွေသည် တစ်လက်မခန့်ထူသောသစ်သားစားပွဲအား အလွယ်တကူပင် ဖောက်ဝင်သွား၏။

လုကျောင်း၏အတွင်းအားမှာ အဆင့်မြင့်၏။ သို့သော် သူက ထိပ်တန်းသိုင်းသမားဖြစ်ကြောင်း သိသူအ လွန်နည်း၏။

အကြောင်းမှာ သူသည်တတ်ထားသည့်သိုင်းပညာကို အသုံးမချဘဲ လောင်းကစားကိုသာ စိတ်ဝင်စားသောကြောင့်ဖြစ်၏။

ယခု သူက လုပ်မိလုပ်ရာဓားမြှောင်အား စားပွဲတွင်စိုက်

လိုက်ခြင်းဖြစ်သော်လည်း သူ့အပြုအမူအား စိတ်ဝင်စားသူရှိ၏။

ထိုလူမှာ'ရှင်းယုံ'ပင် ဖြစ်၏။ ရှင်းယုံသည် ပထွေးဖြစ်သူနှင့် အဆင်မပြေသဖြင့် အိမ်မှထွက်ကာ ဦးလေးရှင်းထံလာ၏။

ဦးလေးရှင်းမှာ သူမ မရောက်မီက သေဆုံးသွားပြီး အိမ်အား အရက်သမားယန်းကျိုကွေအား ပေးအပ်ခဲ့၏။

သူမက စိတ်ဓာတ်ကျကာ ထိုအိမ်မှထွက်ခဲ့စဉ် သူမပထွေး၏လူ(၃)ယောက်အား တွေ့ခဲ့ရ၏။

ထိုလူ(၃)ယောက်လက်ချက်ဖြင့် သူမ၏အစောင့်အရှောက် မိန်းကလေးနှစ်ယောက်နှင့် ကြွက်ကလေးမှာ ဒဏ်ရာရပြီးထွက်ပြေးသွားကြ၏။

သူမကလည်း ထိုလူများလက်မှလွတ်အောင် ထွက်ပြေးလာရင်း အကူအညီပေးနိုင်မည့်လူကို ရှာဖွေနေခြင်းဖြစ်၏။

ထိုအချိန်တွင် သူမ၏ဘေးစားပွဲမှလူ၏ အတွင်းအားကို တွေ့ မြင်လိုက်ရသဖြင့် သဘောကျကာ အကူအညီတောင်းရန်ဆုံးဖြတ်လိုက်လေတော့သည်။

ရှင်းယုံသည် လုကျောင်း၏မျက်နှာချင်းဆိုင်ကိုထိုင်ခုံတွင် ဝင်ထိုင်လိုက်၏။

လုကျောင်းသည် အသက်(၃၀)ခန့်ရှိပြီး ရုပ်ရည်မှာသန့်ပြန့်၏။

မိန်းကလေးများသည် သူ့လောင်းကစားဝါသနာပါမှန်းသိ



သော်လည်း သူ၏ ချောမောတည်ကြည်သောရုပ်ရည်ကို သဘောကျကာ ရင်းနှီးခင်မင်ဟန်ပြကြ၏။

သို့သော် လုကျောင်းသည် မိန်းမ၏မျက်နှာကိုကြည့်လျှင် ဝက်၊ ဖား၊ ငါးရှဉ့်၊ မြွေတို့ကိုသာ မြင်ယောင်မိ၏။

မိန်းမအား လုံးဝစိတ်မဝင်စားပါ။ ထို့ကြောင့် ရှင်းယုံက သူ့ရှေ့တွင်လာထိုင်သည်နှင့်သူက ခပ်စောင်းစောင်း လှည့်နေလိုက်၏။

"ဒီမှာရှင့်...."

ခေါ်သံကြောင့် လုကျောင်းက မလှည့်ချင်လှည့်ချင် လှည့်ကာ....

"ဘာလဲ...."

"ကျွန်မ အကူအညီတစ်ခုတောင်းချင်လို့...."

လုကျောင်းက ခေါင်းခါယမ်းလိုက်၏။

"ငါ ဘာမှစိတ်မဝင်စားဘူး"

သူ့စကားကြောင့် ရှင်းယုံမှာ ဒေါသခြောင်းခြောင်း ထွက်လာ၏။ သူမအား ကျုံကွမ်းမြို့ရှိ လူငယ်တော်တော်များများက ချစ်စကားကြိုက်စကားပြောကာ လက်ထပ်ခွင့်တောင်းကြ၏။

သူမက စိတ်မဝင်စားသဖြင့် ရှောင်နေရ၏။ ယခု သူမရှေ့မှလူသည် သူမအား အဖက်မလုပ်ဘဲ မနှစ်မြို့ဟန်ဖြင့် ပြောနေ၏။

သူမက ဒေါသအား ထိန်းကာ....

"အစ်ကိုကြီး စိတ်တိုနေပုံပဲ... ကျွန်မ တောင်းပန်ပါတယ်"

"မလိုပါဘူး... ငါ့ကိုဘာမရှုပ်ပါနဲ့...."

ရှင်းယုံသည် လုကျောင်းကနှင်ထုတ်သော်လည်း မျက်နှာကို ပြုံးထားကာ....

"ရှင်ကလည်း ဒေါသကြီးလိုက်တာ.. ကိုယ့်တိုင်းပြည်မှာ ကိုယ့်လူမျိုး ကိုယ့်သွေးမျိုး ဒုက္ခရောက်နေလို့ လာတိုင်ပင်တာကို ရှင်မို့လို့ နှင်ထုတ်ရက်တယ်"

လုကျောင်းက....

"မင်းက ငါ့သွေးမျိုးမှမဟုတ်တာ"

ရှင်းယုက ပြုံး၍....

"ဘာပဲဖြစ်ဖြစ်လေ... အိမ်မှာမွေးထားတဲ့ခွေးတောင် သခင်ကိုထိရင်မခံတတ်ဘူး"

လုကျောင်းက သူမအား မျက်လုံးပြူး၍ကြည့်ကာ....

"ဘာကွ... ငါက မင်းမွေးထားတဲ့ခွေးမှမဟုတ်တာ... ကဲ... သွား... သွား... မင်းကို ငါမသတ်မီခင် မြန်မြန်ထွက်သွား"

လုကျောင်းက ဒေါသဖြစ်နေသည်ကိုကြည့်ကာ ရှင်းယုံက ရယ်မောလိုက်၏။

လုကျောင်းက သူမအား မျက်မှောင်ကုတ်၍ကြည့်ကာ....

"မင်းက ဘာရယ်တာလဲ"

"သဘောကျလို့ပါရှင်... အားနွဲ့ပြီးဒုက္ခရောက်နေတဲ့မိန်းကလေးကိုတော့ သတ်မယ်ဖြတ်မယ်လို့ကြိမ်းမောင်းနေတယ်... ရန်သူယောကျ်ားတစ်ထောင်ကိုတော့ မျက်နှာတောင်မော့ကြည့်ရဲမှာမဟုတ်ဘူး"

လုကျောင်းက....

"မင်း ဘယ်သူလဲ"

ရှင်းယုံက ပြုံးကာ....

"ကျွန်မနာမည်က ရှင်းယုံပါ... အကူအညီတစ်ခုတောင်းချင်



လို့ပါ"

"မင်းက အကူအညီလာတောင်းတာနဲ့မတူဘူး... လာစော်ကားနေတာပဲ"

"မဟုတ်ပါဘူး... ရှင်က ကျွန်မစကားကိုမှနားမထောင်တာ"

"ငါ အခုလောလောဆယ် ငွေရဖို့ကလွဲရင် ဘာကိုမှစိတ်မဝင်စားဘူး"

ရှင်းယုံက ပြုံးလိုက်၏။

"ကောင်းပြီ... လူသတ်ရဲရင် ငွေပေးမယ်"

လုကျောင်းက မျက်လုံးပြူးသွား၏။

"ငါက ကြေးစားလူသတ်သမားမှမဟုတ်တာ... မင်းက လူသတ်ချင်လို့လား"

"ကျွန်မက လူသတ်ချင်တာမဟုတ်ဘူး... ကျွန်မကို ရန်သူတွေကသတ်တော့မယ်"

လုကျောင်းက မျက်မှောင်ကုတ်သွား၏။ သူက ဘာမှမပြောဘဲ လောင်းကစားဝိုင်းများအား ငေးကြည့်နေ၏။

ရှင်းယုံက....

"ရှင်က အဲ့ဒီရန်သူတွေကိုကာကွယ်ပေးနိုင်ရင် ငွေတစ်ထောင်ပေးမယ်"

လုကျောင်း၏မျက်လုံးများ တောက်ပလာ၏။ ငွေတစ်ထောင်ပါလျှင် အထက်တန်းလောင်းကစားဝိုင်း၌ ကစားနိုင်မည်ဖြစ်၏။

သို့သော် သူက မည်ကဲ့သို့သောလူနှင့် ရင်ဆိုင်ရမှန်းမသိသဖြင့် အလုပ်ကိုလက်မခံရဲပေ။

"မင်း ဘယ်လိုဖြစ်လာတယ်ဆိုတာ ပြောပြပါ"

ရှင်းယုံက....

"ရှင်က ကူညီရင်ပြောပြမယ်... မကူညီရင် မပြောပြဘူး"

လုကျောင်းသည် ငွေတစ်ထောင်အား လိုချင်နေပြီဖြစ်၏။

"ပြောပြပါ... ကျုပ်တတ်နိုင်ရင် ကူညီပါ့မယ်"

"ကျွန်မရန်သူက သိုင်းပညာအဆင့်မြင့်တယ်"

"ငါက ဘယ်သူ့ကိုမှမကြောက်ဘူး"

"ကောင်းပြီ... ဒါဖြင့် ပြောပြမယ်"

ရှင်းယုံသည် သူမ၏အဖြစ်အပျက်များကိုပြန်လည်ပြောပြလိုက်၏။

လုကျောင်းက နားထောင်ပြီးနောက်....

"ဒါဖြင့်... အဲ့ဒီလူတွေကို လူဆိုးထိန်းနဲ့တိုင်ပါလား"

"မဖြစ်ဘူးရှင့်... သူတို့က အာဏာသားကော လူဆိုးထိန်းကော ဂရုမစိုက်ဘူး"

လုကျောင်းသည် လောင်းကစားဝိုင်းဘက်မှ အသံများထွက်လာသဖြင့် တံတွေးကိုမျိုချလိုက်၏။

"ကျုပ်က လူဘယ်နှစ်ယောက်သတ်ရမှာလဲ"

ရှင်းယုံက ခေါင်းခါယမ်းလိုက်၏။

"ကျွန်မက အရမ်းကာရော လူသတ်ခိုင်းမှာမဟုတ်ပါဘူး... ရှင်းရှင်းပြောရရင် ကျွန်မရဲ့ကိုယ်ရံတော်သက်တော်စောင့်အဖြစ် နေပေးဖို့ပါပဲ"

လုကျောင်းက သက်ပြင်းချလိုက်၏။ သူသည် ထိုအလုပ်မျိုးကို လုံးဝမလုပ်လိုပါ။ လွတ်လပ်မှုမရှိမှာကို သူက စိုးရိမ်၏။



"အဲ့ဒါတော့ မဖြစ်ဘူးဗျ... ကျုပ်ကရှင်းစရာရှိရင် ချက်ချင်းပဲရှင်းလိုက်ချင်တယ်"

"မဖြစ်ဘူး... ရှင်သိပ်ပြီး ရှင်းချင်ရင် ရှင်ပဲအန္တရာယ်များလိမ့်မယ်... သူတို့က ကျွန်မကိုလာရှာမှ ရှင်က ဖယ်ရှားကာကွယ်ပေးတာပိုကောင်းလိမ့်မယ်"

လုကျောင်းက....

"ကျုပ် ရှင်းရှင်းပဲပြောမယ်... ကျုပ်က မင်းကိုကာကွယ်ပြီး ရန်သူကိုရင်ဆိုင်ပေးရမှာ ဝန်မလေးပါဘူး... ဒါပေမယ့် ကျုပ်က လောင်းကစားနေရမှ ကျေနပ်တယ်... ဒါကြောင့် မင်းက ကျုပ်ကို လောင်းကစားခွင့်ပေးရမယ်"

ရှင်းယုံက အနည်းငယ်စဉ်းစားကာ....

"ကျွန်မအတွက် အားကိုးရမဲ့လူလိုနေတာ အမှန်ပဲ... ဒါပေမယ့် ရှင်က လောင်းကစားနေတုန်း သူတို့က ကျွန်မကိုဖမ်းမှာပေါ့"

"လွယ်ပါတယ်ကွာ... မင်းက ငါ့နားမှာပဲနေပေါ့"

"ကောင်းပြီလေ... ရှင့်ကိုတစ်လစ်ထောင်ပေးမယ်... ဒါပေမယ့် တစ်လပြည့်မှရမယ်"

လုကျောင်းက....

"အဲ့ဒီလိုတော့ မလုပ်ပါနဲ့... ငါးရာကို အခုပေးထား... ကျန်တဲ့ငါးရာကို တစ်လပြည့်မှပေး...."

"ကောင်းပြီလေ... ကျွန်မ သဘောတူတယ်"

ရှင်းယုံက အိတ်ထဲမှငွေငါးရာထုတ်ကာ လုကျောင်းလက်ထဲသို့ထည့်လိုက်လေတော့သည်။

## အသက်ရင်းရတဲ့လောင်းကြေး

ရှင်းယုံသည် တစ်နေကုန်လောင်းကစားဝိုင်းနားတွင် ထိုင်နေရ၏။

လုကျောင်းက တစ်နေကုန် မထတမ်းစားနေသောကြောင့် ဖြစ်၏။

သူမက ငြီးငွေ့လာသော်လည်း ထွက်သွား၍မရပါ။

ရန်သူများရောက်လာလျှင် လုကျောင်းအား အကြောင်းကြားရမည်မဟုတ်ပါလား။

လုကျောင်းသည် ကစားနေသော်လည်း ရှင်းယုံအား မကြာခဏလှည့်ကြည့်ကာ ပြုံးပြ၏။

ရှင်းယုံသည် လူအများက သူမအား ဘာထင်မည်ကိုဂရုမစိုက်ပါ။

သူမ စိုးရိမ်သည်မှာ သူမ၏ရန်သူများကို လုကျောင်းက ကာကွယ်ရင်ဆိုင်နိုင်ပါ့မည်လားဟူသည့်အချက်ဖြစ်၏။

သူမက စဉ်းစားနေစဉ် လုကျောင်းက ကစားပွဲမှထကာ သူ မစားပွဲတွင် ဝင်ထိုင်လိုက်၏။



ငွေငါးရာကျော်နိုင်လာသဖြင့် ရှင်းယုံအား စားစရာများ မှာကျွေး၏။

"ရှင်းယုံ... ဘာမှာအားမနာနဲ့... နင်ပေးတဲ့ငါးရာအပြင် ငွေငါးရာလောက် ငါ ထပ်နိုင်လာတယ်... သိလား"

ရှင်းယုံကလည်း အားမနာဘဲစားကာ လုကျောင်းအား ကြည့်လိုက်၏။

"တကယ်လို့ ရှင်က ငွေငါးထောင်လောက်နိုင်ရင် ကျွန်မအလုပ်ကို လုပ်ခံပါဦးမလား"

"မင်း အဲ့ဒီလိုစကားမပြောနဲ့ကွ... ငါက ငွေတစ်သောင်းလောက် တစ်ချီတည်း ရှုံးဖူးတယ်... တစ်ချီတည်းလဲနိုင်ဖူးတယ်... ငါ့အတွက်က ပမာဏက အဓိကမဟုတ်ဘူး... ငါကစားနေရဖို့ပဲ နောက်ပြီး ငါက ငွေထက် ကတိကိုပဲတန်ဖိုးထားတယ်... ဘယ်တော့မှ ကတိမဖျက်ဘူး"

ရှင်းယုံသည် လုကျောင်းအား စိတ်ဝင်စားလာ၏။

ငွေထက်ကတိကို ပိုတန်ဖိုးထားသည့် လောင်းကစားသမားကို သူမ မတွေ့ မြင်ခဲ့ဖူးပါ။

ရှင်းယုံနှင့်လုကျောင်းသည် စားသောက်ရင်း စကားပြောရင်း ပို၍ရင်းနှီးလာ၏။

ရုတ်တရက် ရှင်းယုံက အပေါက်ဝသို့ကြည့်ကာ မျက်လုံးပြူးသွား၏။

အကြောင်းမှာ ဆိုင်ထဲသို့ဝင်လာသောလူ(၃)ယောက်ကို တွေ့လိုက်ရသောကြောင့်ဖြစ်၏။

ရှင်းယုံမှာ မျက်နှာကွက်ခနဲပျက်သွား၏။

သူမက ထပြေးရန် ဟန်ပြင်လိုက်စဉ် လုကျောင်းက သူမပခုံးကိုဖိကာ ပြန်ထိုင်ခိုင်းလိုက်၏။

"မင်းရန်သူဆိုတာ သူတို့မဟုတ်လား... ဘာမှမပူနဲ့... ကျုပ်ကြည့်လုပ်လိုက်မယ်"

ရှင်းယုံက သက်ပြင်းတစ်ချက်ချလိုက်၏။

ထိုစဉ် ထိုလူ(၃)ယောက်မှာ ရှင်းယုံအားတွေ့မြင်သွားကာ လျင်မြန်စွာ လျှောက်လာကြ၏။

ထိုလူ(၃)ယောက်အနက် အလယ်မှ လူမှာခေါင်းဆောင်ဖြစ်ဟန်တူ၏။

သူက လုကျောင်းဘေးတွင်ထိုင်နေသည်ကို ဂရုမပြုဘဲ ရှင်းယုံအား ကြည့်ကာ....

"ရှင်းယုံ... နင် ကျုံကွမ်းမြို့ကိုပြန်ပါ"

ရှင်းယုံက ထိုလူအားမော့ကြည့်ကာ....

"ရှင်နဲ့ဘာဆိုင်လို့ လာပြောတာလဲ... ကျွန်မပြန်ချင်ပြန်မယ်... မပြန်ချင် မပြန်ဘူး"

ထိုလူက တစ်ဆိုင်လုံးအား တစ်ချက်ဝေ့ကြည့်ကာ....

"နင်စကားကိုကောင်းကောင်း နားထောင်ပါ... မဟုတ်ရင် ငါက သခင်ကြီးအမိန့်အတိုင်း ဆောင်ရွက်ရလိမ့်မယ်"



ရှင်းယုံက နှုတ်ခမ်းတစ်ချက်ကိုက်ကာ....

"ရှင် သိပ်လေထွားမနေနဲ့ ရှင်တို့သခင်ကြီးကို ကျွန်မကြောက်မယ် ထင်နေသလား"

ထိုလူက ပြုံးကာ....

"ကိုယ့်အဖေကိုတော်လှန်ရင် နင်မှားမှာပေါ့"

"သူက ကျွန်မအဖေမဟုတ်ဘူး... ပထွေးပဲဆိုတာ ရှင်တို့သိပါတယ်"

"ဟဲ... ဟဲ... သိပါတယ်... အခု အဲ့ဒီပထွေးက အမေကြီးကိုစိတ်မဝင်စားတော့ဘဲ သမီးလေးကိုပဲ စိတ်ဝင်စားနေတယ်ဆိုတာကော နင် သိတယ်မဟုတ်လား"

ရှင်းယုံ၏မျက်နှာနီရဲသွား၏။

"ရှင် ခွေးစကားမပြောနဲ့...."

သူမကပြောပြီး ထိုလူအား လှမ်းရိုက်လိုက်၏။ ထိုလူကမရှောင်ဘဲ သူမ၏လက်အား ဖမ်းချုပ်လိုက်၏။

ရှင်းယုံက ပြန်ရုန်းသော်လည်း ထိုလူ၏လက်မှာ ပြုတ်တူကဲ့သို့ သန်မာလှ၏။

လုကျောင်းသည် သူ့ရှေ့တွင်ဖြစ်ပျက်နေသည်များကို သူနှင့်မဆိုင်သကဲ့သို့ပင် ခေါက်ဆွဲကြော်ကိုသာငုံ့စားနေ၏။

ထိုလူက ရှင်းယုံ၏လက်အားဆွဲကာ....

"လိုက်ခဲ့... နင့်ကို သခင်ကြီးစောင့်နေတယ်"

ရှင်းယုံသည် အေးအေးဆေးဆေး နိုင်လှသောလုကျောင်းအား ဒေါသတကြီးအော်လိုက်၏။

"ရှင့်ခေါက်ဆွဲက သိပ်စားလို့ကောင်းတယ်ပေါ့ ဟုတ်လား"

"ဟုတ်တယ်"

"ကျွန်မကို ဒီအတိုင်းပဲ ကြည့်နေတော့မှာလား"

လုကျောင်းက ခေါက်ဆွဲစားရင်း ပလုတ်ပလောင်းအသံဖြင့်....

"မပူပါနဲ့... မင်းကို သူတို့မခေါ်ရဲပါဘူး"

ထိုလူက ရှင်းယုံအား လွှတ်ကာ လုကျောင်းအား စိုက်ကြည့်လိုက်၏။

"မင်း ဘာပြောတာလဲ"

"မကြားဘူးလား... မင်းကို သူတို့မခေါ်ရဲပါဘူးလို့ ပြောလိုက်တာ"

"ကျုပ်က ဒီမိန်းကလေးကိုမခေါ်ရဲဘူးလို့ဆိုလိုတာလား"

"မင်းက သဘောပေါက်လွယ်သားပဲကွ"

ထိုလူက....

"မင်း ငါ့ကိုသေချာကြည့်စမ်း... ကျားကြီးတဟူဆိုတာ ငါပဲ"

လုကျောင်းက ခေါင်းခါယမ်းလိုက်၏။

"မကြားဖူးဘူး... ကျားကြီးကို ကျုပ် မသိဘူး... ကျုပ် သိတာ ကြက်... ဝက်... ဖား... ငါးရှဥ့်... ဒါပဲ သိတယ်"

သူက လေးကောင်ဂျင်ထဲမှ အကောင်များကိုပြောပြလိုက်၏။

ကျားကြီးတဟူက....

"မင်းက လောင်းကစားသမားကိုး... နေပါဦး... ငါက ဘာကြောင့် သူ့ကိုမခေါ်နိုင်ရမှာလဲ"

လုကျောင်းက....



"ခေါ်နိုင်တယ်ပဲ ထားပါတော့... သူကတော့ လိုက်မှာမဟုတ်ဘူး... အတင်းအကြပ်လည်း ခေါ်နိုင်မှာမဟုတ်ဘူး"

"ငါက အတင်းအကြပ်ခေါ်သွားမယ်ဆိုရင် မင်း ဘာတတ်နိုင်မှာလဲ"

လုကျောင်က ပြုံးလိုက်၏။

"ကောင်းပြီ... ခင်ဗျားနဲ့ကျုပ် ဘယ်လောက်ကြေးလောင်းမလဲ"

ကျားကြီးတဟူက သူ့အားစိုက်ကြည့်ကာ....

"မင်းက အလောင်းအစားလုပ်ချင်တယ်ပေါ့ ဟုတ်လား"

"ဟုတ်တယ်... ခင်ဗျား ခေါ်သွားလို့မရဘူးဆိုတာ ကျုပ်ဘက်က သေချာနေလို့ပေါ့"

ကျားကြီးတဟူက အိတ်ထဲမှတစ်ထောင်တန်ငွေလွှဲလက်မှတ်ကို ထုတ်လိုက်၏။

"ကဲ... ဒီမှာတစ်ထောင်"

လုကျောင်းက ပြုံးလိုက်၏။

"ရှင်းယုံ... နင့်ကို ဒီနေ့ညစာပါ ငါကျွေးမယ်"

သူက နိုင်ထားသောငွေများကိုထုတ်ကာ ပုံလိုက်၏။

"ကဲ... ကျားကြီးတဟူက... ခင်ဗျား သူ့ကိုဆိုင်ထဲကထွက်အောင်ခေါ်သွားနိုင်ရင် ဒီငွေကိုလာယူပါ... ဆိုင်ထဲကမထွက်နိုင်ရင်တော့ ဟဲ... ဟဲ...."

ကျားကြီးတဟူက ရယ်မောလိုက်၏။

"မင်း မရှုံးပါဘူးနော်"

"မရှုံးပါဘူး... ဘာဖြစ်လို့လဲ"

"ငါ အခု သူ့ကိုဆွဲခေါ်သွားလို့ရတာပဲ"

"ခေါ်လေ... ကဲ... ရှင်းယုံ... နင်ပါ လိုက်သွား"

ရှင်းယုံက မျက်လုံးပြူးသွား၏။

သို့သော် လုကျောင်း အကြောင်းမဲ့ပြောခြင်းမဟုတ်နိုင်ဟု တွေးကာ နောက်သို့လှည့်ကြည့်လှည့်ကြည့်နှင့် ပါသွား၏။

မကြာမီ ဆိုင်ပေါက်ဝနားသို့ရောက်လာ၏။ နောက်ထပ် ခြေနှစ်လှမ်းလှမ်းလျှင် ဆိုင်ပြင်သို့ရောက်မည် ဖြစ်၏။

"ဝှစ်... ဝှစ်...."

လေတိုးသံနှင့်အတူ တူ နှစ်ချောင်းလွင့်ပျံ့ကာ ကျားကြီးတဟူ၏နောက်ကျောမှ သွေးကြောနှစ်နေရာကိုထောက်မိပြီး အောက်သို့ ပြုတ်ကျသွား၏။

ကျားကြီးတဟူမှာ ကျောက်ရုပ်ကဲ့သို့နေရာတွင်ပင် ရပ်သွား၏။

ဤသည်မှာ တိဘက်နယ်မှသွေးကြောပိတ်ပညာတစ်မျိုးဖြစ်၏။

တိဘက်မှသိုင်းပညာရှင်တချို့သည် ထိုထူးခြားသော သွေးကြောပိတ်ပညာကို ကောင်းစွာ တတ်မြောက်ကြ၏။

သို့သော် ထိုသွေးကြောပိတ်ပညာကိုအသုံးချကာ လူမသတ်ပါဟူသောကတိသစ္စာကို ခံယူရ၏။

လုကျောင်းသည် ထိုပညာကိုသင်ယူခဲ့စဉ်က ထိုကတိသစ္စာဆိုထားသောရေကိုသောက်ကာ သစ္စာခံယူထားရ၏။

အကြောင်းမှာ ထိုသို့သွေးကြောပိတ်ခံထားရသူအား အခြားလူများက ဖွင့်ပေး၍မရသဖြင့် အလွယ်တကူ သတ်နိုင်၏။



အကယ်၍ သွေးကြောပိတ်မိသူမှာ အလွန်ဆိုးသွမ်းသူဖြစ်လျှင်လည်း မသတ်ဘဲ ဆုံးမကာ ပြန်လွှတ်ပေးရပေမည်။

ဆုံးမ၍မရပါက သွေးကြောပြန်ဖွင့်ပြီးမှသာ လက်နက်ဖြင့် သူသေကိုယ်သေတိုက်ခိုက်ရမည်ဖြစ်၏။

ယခုလုကျောင်းသည် ကျားကြီးတဟူအား သွေးကြောပိတ်လိုက်သဖြင့် ကျားကြီးတဟူမှာ လှုပ်ရှား၍မရတော့ပါ။

ကျားကြီးတဟူ၏မျက်နှာဖြူဖပ်ဖြူရော်ဖြစ်သွားပြီး လုကျောင်းအား မယုံကြည်နိုင်စွာ ကြည့်နေ၏။

သူသည် ဗဟုသုတများသူဖြစ်၍ တိဘက်နယ်မှသွေးကြောပိတ်ပညာကို ကောင်းစွာသိထား၏။

ထိုပညာရပ်အား နှစ်အတန်ကြာအောင် လေ့လာရ၏။

အနှစ်(၂၀)ခန့်ကြာအောင် လေ့ကျင့်ရမည်ဟု ကြားဖူး၏။ ယခု လုကျောင်းမှာ အသက်(၃၀)ခန့်သာ ရှိသေးသဖြင့် သူက အံ့သြနေခြင်းဖြစ်၏။

လုကျောင်းက အရာဝတ္ထုဖြင့်ပစ်လွှင့်ကာ သွေးကြောပိတ်နိုင်ပြီဖြစ်၍ ထိုပညာရပ်တွင်ထူးချွန်နေပြီဖြစ်မှန်း သူက နားလည်လိုက်၏။

ရှင်းယုံမှာလည်း လုကျောင်းအားကြည့်ကာ အလွန်အံ့သြနေ၏။

ကျားကြီးတဟူ၏လူ(၂)ယောက်မှာ ဓားများဆွဲထုတ်ကာ လုကျောင်းထံ ပြေးလာ၏။

လုကျောင်းက အေးအေးဆေးဆေးပင်...

"မင်းတို့က ငါ့ကိုတိုက်ခိုက်မလို့လား"

"ကျားကြီးကို သွေးကြောပြန်ဖွင့်ပေးပါ"

"ဘာလဲ... မင်းတို့က သူလိုဖြစ်ချင်လို့လား"

ထိုလူနှစ်ယောက်မှာ ခြေလှမ်းရပ်သွား၏။ တစ်ယောက် မျက်နှာတစ်ယောက် ကြည့်လိုက်ကြ၏။

အကယ်၍ သူတို့က တိုက်ခိုက်ပါက ကျားကြီးတပ်ဟူ၏ အခြေအနေမှာ ဆိုးသွားနိုင်မှန်း နားလည်လိုက်၏။

လောင်းကစားဝိုင်းများမှအသံများ တိတ်ဆိတ်သွား၏။

စားပွဲတွင် စားသောက်နေသူများထံမှလည်း အသံများ တိတ်သွား၏။

အားလုံးက လုကျောင်းအား အထူးအဆန်းသဖွယ် ဝိုင်း ကြည့်နေကြ၏။

လောင်းကစားအိမ်တစ်ခုလုံးမှလူများသည် လုကျောင်း အား ကောင်းစွာသိကြ၏။

သို့သော် သူတို့သိသည်မှာ လောင်းကစား အလွန်မက်သော လုကျောင်းဖြစ်၏။

သိုင်းပညာအဆင့်အတန်းမြင့်သောလုကျောင်းဟု မသိကြ ပေ။

လူနှစ်ယောက်အနက်မှ တစ်ယောက်က ဦးညွတ်ကာ....

"ကျုပ်တို့ ဆရာကျားကြီးကို သွေးကြောဖွင့်ပေးပါ"

သူတို့က မလွှဲသာ၍ တောင်းပန်ပြောဆိုရသော်လည်း လု ကျောင်းအား မကျေနပ်ပါ။

ကျားကြီး၏သွေးကြောများပြန်ပွင့်ပါက တိုက်ခိုက်ရန် ဆုံး ဖြတ်ထား၏။



ကျားကြီးမှာလည်း လုကျောင်းက မိမိအားမသတ်ဟု ယုံ ကြည်ထား၏။

ထိုသွေးကြောပိတ်ပညာဖြင့် လူသတ်၍မရမှန်း နားလည် ထား၏။

လုကျောင်းက....

"မင်းတို့လူကိုသွေးကြောဖြေပေးရင် မင်းတို့ ငါ့ကိုဘယ်လို က တိပေးမလဲ"

"ခင်ဗျားပဲပြောပါ"

လုကျောင်းက ကျားကြီးတပ်ဟူအား တစ်ချက်ကြည့်ကာ....

"ငါ လူမသတ်ချင်ဘူး... သူ့ကိုသွေးကြောဖွင့်ပေးရင် မင်းတို့ အေးအေးဆေးဆေး ထွက်သွားမလား"

ထိုလူနှစ်ယောက်က တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ ပြိုင်တူခေါင်းညိတ်လိုက်၏။

"ကောင်းပြီ... ခင်ဗျားကို ကျုပ်တို့နှစ်ယောက်မတိုက်ဘူး... ဒါပေမယ့်...."

သူတို့က ကျားကြီးတပ်ဟူအား တစ်ချက်ကြည့်ကာ....

"ကျုပ်တို့ဆရာက တိုက်ခိုက်ရင်တော့...."

လုကျောင်းက လက်ကာပြလိုက်၏။

"ငါ သဘောပေါက်ပြီ"

သူက စားပွဲပေါ်မှ တူနှစ်ချောင်းအား ခုံပေါ်တွင် တစ်ချက် ထောက်ကာ ကျားကြီးတပ်ဟူထံ ပစ်လွှင့်လိုက်၏။

ကျားကြီးတပ်ဟူမှာ သွေးကြောပွင့်သွား၏။

သူက လှုပ်ရှား၍ရသည်နှင့်တစ်ပြိုင်နက် လုကျောင်း၏စား

ပွဲရှေ့သို့လျှောက်လာလေတော့သည်။

ကျားကြီးတဟူသည် လုကျောင်းအား မကျေနပ်ပါ။

သို့သော် သူက လုကျောင်း၏သိုင်းပညာအဆင့်အတန်းကိုမသိသဖြင့် အရမ်းမတိုက်ခိုက်ရဲပါ။

သူက လုကျောင်းအား စိုက်ကြည့်ကာ....

"မင်းက မဆိုးဘူး... တိအက်နယ်က သွေးကြောပိတ်ပညာကို တော်တော်တတ်မြောက်ထားတယ်... ဒါပေမယ့် အဲ့ဒီပညာနဲ့ မင်းလူသတ်လို့မရဘူး"

လုကျောင်းက ပြုံးလိုက်၏။

"ခင်ဗျားက ဗဟုသုတတော့ ကြွယ်ဝသားပဲ"

ကျားကြီးတဟူက....

"ဒါတွေ ထားပါတော့... မင်းက ကျုပ်ဆီက ငွေတစ်ထောင်နိုင်သွားပြီ... ဒီတော့ ကျုပ်တို့ အသစ်ပြန်စရမယ်... ကျုပ်က ရှင်းယုံကိုခေါ်သွားမယ်... မင်း ကန့်ကွက်ဦးမလား"

လုကျောင်းက အနည်းငယ်စဉ်းစားကာ....

"နောက်ထပ် ခင်ဗျားမှာ ငွေဘယ်လောက်ရှိသေးလဲ"

ကျားကြီးတဟူက....

"မင်းက ဘယ်လောက်လိုချင်လို့လဲ"

"တယ်ဟုတ်ပါလား... ခင်ဗျားက သူဌေးလား"

"မင်းနဲ့ဆိုင်တဲ့စကားပဲပြောစမ်းပါ... မင်းက ဒီပညာနဲ့ကျုပ်ကိုသတ်လို့ရမှာ မဟုတ်ဘူး... ဒီတော့ ကျုပ်တို့ဓားချင်းယှဉ်ကြမယ်"

လုကျောင်းက သူ့ရှိငွေနှင့်ကျားကြီးထံမှနိုင်ထားသောငွေများကို စားပွဲပေါ်သို့တင်လိုက်၏။



"ကဲ... ငွေနှစ်ထောင်ဗျာ"

ကျားကြီးတဟူသည် မခံချင်စိတ်ဖြင့် အိတ်ထဲမှငွေနှစ်ထောင်အား ထုတ်ကာ စားပွဲပေါ်တင်လိုက်၏။

ထိုငွေနှစ်ထောင်မှာ နောက်ဆုံးငွေဖြစ်၏။ ရှင်းယုံ၏ပထွေးက ရှင်းယုံအား ရှာဖွေရန်ပေးလိုက်သည့် စရိတ်ငွေဖြစ်၏။

"အလောင်းအစား ဘယ်လိုလဲ"

လုကျောင်း စားပွဲပေါ်မှငွေလေးထောင်အား ကြည့်ကာ...

"ခင်ဗျားက ဘယ်လိုဖြစ်စေချင်လဲ"

ကျားကြီးတဟူက ကောက်ကျစ်စွာ ပြုံးလိုက်၏။ လုကျောင်းက ပခုံးတွန့်လိုက်၏။

ကျားကြီးတဟူက မိမိအား အပြတ်ရှင်းရန် ကြံစည်နေသည်ကို နားလည်လိုက်၏။

အကယ်၍ မိမိသေဆုံးပါက ငွေလေးထောင်ပိုင်ဆိုင်ကာ ရှင်းယုံအား ခေါ်ဆောင်သွားရန် ကြံစည်နေ၏။

မိမိက လက်မခံလျှင် ရှင်းယုံကငွေပေးပြီး ငှားရမ်းထားသည်မှာ အဓိပ္ပာယ်မရှိနိုင်တော့ပေ။

သူသည် တစ်ချိန်ကသိုင်းပညာအဆင့်မြင့်သော်လည်း လောင်းကစားဘက်အာရုံရောက်သည်နှင့်အလေ့အကျင့် နည်းလာ၏။

အတွင်းအားကောင်းခြင်းသာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ရပေမည်။

သူက ရှင်းယုံဘက်လှည့်ကာ ပြုံးပြလိုက်၏။

"ရှင်ကျွေးမယ့်ညစာကို စားချင်ပါတယ်"

လုကောင်းက ခေါင်းတဆတ်ဆတ်ညိတ်ကာ ကျားကြီးတဟူဘက် လှည့်လိုက်၏။

"တကယ်တော့ ကျုပ်က လူမသတ်ချင်ဘူးဗျ... ကျုပ်ကို သတ်မှာလည်း မခံချင်ဘူး... ဒါပေမယ့် ကျုပ်က သေရမှာကြောက်တဲ့ လူ မဟုတ်ဘူး... ခင်ဗျားနဲ့ကျုပ် စားချင်းယှဉ်ရင် အချိန်ကြာတယ်... ကျုပ် လောင်းကစားရမယ့်အချိန်တွေကို ဖြုန်းနေသလိုပဲ... ဒီတော့ မြန်မြန်ကိစ္စပြီးအောင် ခင်ဗျားနဲ့ကျုပ်ရင်ဘတ်မှာ ဓားတွေပြိုင်တူ ထိုးသွင်းကြမယ်"

ကျားကြီးတဟူ၏မျက်နှာကွက်ခနဲ ပျက်သွား၏။

သူက တိုက်ခိုက်ရင်း မတော်တဆ ရှုံးနိမ့်ရမည်ကို မကြောက်သော်လည်း အဓိပ္ပာယ်မဲ့နှစ်ယောက်စလုံး သေဆုံးရမည်ကို မလိုလားပါ။

သူက လုကျောင်း၏မျက်နှာအား အကဲခတ်လိုက်၏။

လုကျောင်း၏မျက်နှာတွင် မည်သည့်အရိပ်အယောင်မှ မရှိပါ။

သူက လောင်းကစားသမား အလွန်ပီသသည် မဟုတ်ပါလား။

သူသည် တစ်နှစ်ကျော်ထိုင်စားနိုင်သော ငွေတစ်သောင်းရှုံးစဉ်ကလည်း မျက်နှာတွင် ဝမ်းနည်းမှု၊ ဝမ်းသာမှုမရှိပါ။

ကျားကြီးတဟူမှာ ဘာလုပ်ရမှန်းမသိဖြစ်နေ၏။

ထိုစဉ် လုကျောင်းက သူ၏ဓားမြှောင်ဖြင့် ကျားကြီးတဟူ၏ရင်ဘတ်အား ထောက်လိုက်၏။

"ကဲ... ခင်ဗျား ဓားထုတ်ပါ... တစ်နှစ်သုံး ခေါ်ပြီး ပြိုင်တူ ထိုးသွင်းကြမယ်"



ကျားကြီးတဟူမှာ မျက်နှာအနည်းငယ်ပျက်သွား၏။ သို့သော် လူအများကြားထဲ၌ အရှက်ကွဲမခံနိုင်ပါ။

"ဒီမှာ ကျုပ်က ရှင်းယံ့ကိုခေါ်သွားရမယ့်တာဝန် ရှိနေလို့ကွ... မဟုတ်ရင် မင်းလောက်ကို ဂရုမစိုက်သေးဘူး"

လုကျောင်းက....

"မပူပါနဲ့... ခင်ဗျားသေသွားလည်း သူတို့နှစ်ယောက်က ပို့ပေးမှာပေါ့"

ကျားကြီးတဟူက ကြောင်အံ့အံ့ဖြစ်သွားကာ....

"သူတို့နှစ်ယောက်ကို စိတ်မချလို့ပေါ့"

"ဒါဖြင့် ဒီတိုက်ခိုက်မှုကို ခင်ဗျား မယှဉ်နိုင်ဘူးလား"

"ကျုပ်က အကျိုးမရှိတဲ့အလုပ်ကိုမလုပ်ဘူး"

လုကျောင်းက ပြုံးကာ ဆိုင်ထဲမှလူများအား ဝေ့ကြည့်လိုက်၏။

"ကဲ... ခင်ဗျားတို့ကြားတယ်နော်... သူက ကျုပ်ကိုတိုက်ခိုက်ဖို့စိန်ခေါ်တယ်... နှစ်ဦးသဘောတူလောင်းကြတယ်... အခု သူက အရှုံးပေးသွားပြီ.... ဒီတော့ ဒီငွေတွေ ကျုပ် ပိုင်တယ်"

သူကပြောပြောဆိုဆိုဖြင့် စားပွဲပေါ်မှ ငွေလေးထောင်အား အိတ်ထဲသို့ထိုးထည့်လိုက်၏။

ကျားကြီးတဟူက ပြန်လုရန် ဟန်ပြင်လိုက်စဉ်....

"မှန်တယ်... လုကျောင်းနိုင်တယ်"

"ဟုတ်တယ်... ခင်ဗျားတို့မတရားမလုပ်နဲ့"

လုကျောင်း၏ကစားဖက်များက အော်လိုက်သဖြင့် ကျန်လူ

များကလည်း ဝိုင်းအော်လိုက်၏။

ကျားကြီးတဟူမှာ ဘာမှမတတ်နိုင်တော့သဖြင့် လုကျောင်းအား ရူးရှစွာ စိုက်ကြည့်ကာ....

"တစ်နေ့တော့... မင်းနဲ့ကျုပ်နဲ့တွေ့ဦးမှာပေါ့"

သူက ကြိမ်းမောင်းပြီး ဆိုင်ထဲမှခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေတော့သည်။

"ဟေး...."

ကျားကြီးတဟူတို့(၃)ယောက် ထွက်ခွာသွားသည်နှင့် လောင်းကစားဝိုင်းမှလူများက အားရဝမ်းသာအော်လိုက်ကြ၏။

ကျားကြီးတဟူမှာ တက်တစ်ချက်ခေါက်ပြီးထွက်ခွာသွား၏။

လုကျောင်းမှာလည်း ယခုမှသက်ပြင်းချနိုင်၏။

အမှန်တကယ် ဓားချင်းယှဉ်ပြိုင်ပါက သူက ကျားကြီးအားနိုင်မည်မဟုတ်ပေ။

သူက အလေ့အကျင့်နည်းနေပြီမဟုတ်ပါလား။

ထိုစဉ် ဆိုင်ထောင့်ရှိစားပွဲတွင် အရက်သောက်နေသော အသက်(၃၀)ခန့်ရုပ်ရည်တည်ကြည်ပြီး အစိမ်းရောင်ဝတ်စုံဝတ်ဆင်ထားသည့်လူတစ်ယောက်က သူ့အား အကဲခတ်နေသည်ကို လုကျောင်းက မသိပါ။

ထိုလူမှာ တစ်ချိန်လုံး အကဲခတ်နေပြီး လုကျောင်းအနိုင်ရသွားမှ ကျေနပ်ကာ ငွေရှင်း၍ထွက်ခွာသွား၏။



သူ့အား မည်သူကမှ သတိမပြုမိပါ။

လုကျောင်းက သူ့ကစားဖက်များအား....

"ဟေ့... မိတ်ဆွေတို့ ကျုပ် ဒီနေ့ တော်တော်နိုင်နေတယ်... ခင်ဗျားတို့ကို အရက်တိုက်မယ်"

"ဟေး... ကောင်းတယ်ကွ... လုကျောင်းက ထိပ်တန်းသိုင်းသမားကွ"

"ဟေ့... လုကျောင်း... ကျုပ်တို့ကို သွေးကြောမပိတ်နဲ့နော်... မင်းကို အထင်မသေးတော့ပါဘူး"

လုကျောင်းသည် ထိုလူများအား အရက်သာမက စားသောက်ဖွယ်ရာများပါ ကျွေးမွေးလိုက်လေတော့သည်။

ယန်းကျိုကွေသည် ရှိသမျှငွေကုန်သွားပြီဖြစ်၏။ သူ့တွင် ထမင်းစားရန်ပင် ငွေမရှိတော့ပါ။

သူက အရက်အား အကြွေးသောက်လာကာ ထမင်းအကြွေးစားရန် ကျင်းယုတို့ဆိုင်သို့ထွက်လာခဲ့၏။

သို့သော် ကျင်းယုသည် ယန်းကျိုကွေအား တွေ့မြင်လိုက်သည်နှင့် သရဲတစ္ဆေအား တွေ့မြင်လိုက်ရသကဲ့သို့ ကြောက်လန့်သွား၏။

"ကျင်းစု... ဟိုအရက်သမားကို ထမင်းပြင်ပေးလိုက်"

ကျင်းစုမှာ အံ့အားသင့်သွား၏။ ယခင်က ယန်းကျိုကွေလာ

လျှင် ကျင်းယုမှာ ကိုယ်တိုင်ပြင်ပေးကာ အနားမှမခွာပေ။

"မမ... ဘာဖြစ်လို့လဲ"

ကျင်းယုက ညီမဖြစ်သူအာ ဒေါသထွက်သလိုကြည့်ကာ....

"ငါပြောသလို လုပ်စမ်းပါ... တစ္ဆေသရဲတွေရှိတဲ့အိမ်မှာ ကျားမွေးထားတဲ့လူကို ငါ စကားမပြောချင်ဘူး"

ကျင်းစုက ပြုံးကာ ယန်းကျိုကွေအတွက် ထမင်းပွဲပြင်ပေးလိုက်၏။

ယန်းကျိုကွေသည် အနားသို့ကျင်းယုမလာသဖြင့် မသိမသာ ပြုံးလိုက်၏။

သူက ကျင်းယုအား ကျားဟန်ဆောင်ကာ ခြောက်လှန့်ထားသည်မဟုတ်ပါလား။

ကျင်းစုသည် ယန်းကျိုကွေ၏မျက်နှာချင်းဆိုင်ခုံတွင် ဝင်ထိုင်ကာ....

"အစ်ကို့အိမ်က တစ္ဆေသရဲတွေရှိတယ်ဆို... ဟုတ်လား"

ယန်းကျိုကွေက ခေါင်းညိတ်လိုက်၏။

ကျင်းစုက....

"ဟိုလေ... နောက်ပြီး ကျားလည်းမွေးထားတယ်ဆို"

ယန်းကျိုကွေက ရယ်ချင်စိတ်ကိုထိန်းကာ....

"ဟုတ်တယ်"

သူသည် အရက်အမြဲတမ်း မူးနေသူဖြစ်၏။ အရက်သောက်ရန်နှင့် အစားစားရန်ကိုသာ စိတ်ဝင်စား၏။

မိန်းကလေးများကို စိတ်မဝင်စားပေ။ ကျင်းစုသည် ချောမောသောမိန်းကလေးဖြစ်၏။



ရှင်းယုံက ကျင်းစုထက် ပို၍ချောမော၏။ သို့သော် ယန်းကျိုကွေက ရှင်းယုံကိုပင် စိတ်မဝင်စားပါ။

ကျင်းစုက....

"အစ်ကိုက ကျားကိုတောထဲက ဖမ်းလာတာလား"

"ဟုတ်တယ်"

"အစ်ကိုက 'ဟုတ်တယ်' တစ်ခွန်းပဲပြောတတ်လား"

"ဟုတ်တယ်"

ကျင်းစုက မျက်စောင်းထိုးကာ ပြုံးလိုက်၏။ သူမသည် ယန်းကျိုကွေအား တစ်ဖက်သတ် ချစ်နေ၏။

ယန်းကျိုကွေက သူမနှင့်စကားပြောရန် စိတ်မဝင်စားသည်ကို သူမက မရိပ်မိပေ။

သူဌေးသားများမှာ စကားနည်းသည်ဟုသာ ထင်မိ၏။

"အစ်ကိုက စကားနည်းလိုက်တာ"

"ဟုတ်တယ်"

"အစ်ကို့အိမ်က ကြောက်စရာကြီးပေါ့"

"ဟုတ်တယ်"

ကျင်းစုက ပြုံးလိုက်၏။

"အစ်ကို့အိမ်ကို ကျွန်မလာဦးမယ်... ကြည့်ချင်လို့"

ယန်းကျိုကွေက ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

ကျင်းစုသည် ယန်းကျိုကွေ၏အိမ်သို့ အမှန်တကယ်ပင်

ရောက်လာ၏။ သူမက အံ့အားသင့်သွား၏။

ကျင်းယုပြောသည်မှာ ယန်းကျိုကွေ၏အိမ်သည် ချုံနွယ်များဖြင့် ရှုပ်ထွေးကာ တောနှင့်တူသည်ဟုဆို၏။

ထို့ပြင် ကျားမွေးထားသည်ဟုဆို၏။ ယခု သူမတွေ့မြင်ရသည့် အိမ်ဂေဟာမှာ သူဌေးကြီးတစ်ဦး၏ အိမ်ကဲ့သို့ပင် သပ်ရပ်ကာ ကျယ်ဝန်း၏။

ဂေဟာရှေ့တွင် သစ်ပင်ပန်းပင်များဖြင့်လှပနေ၏။

ယန်းကျိုကွေ၏အိတ်ဟုတ်ပါ့မလားဟုတွေးကာ လမ်းသွားတစ်ဦးအား မေးကြည့်၏။

ယန်းကျိုကွေ၏အိမ်ဖြစ်ကြောင်း သေချာမှ သူက အထဲသို့ လှမ်းဝင်လိုက်လေသည်။

စိတ်ထဲတွင်လည်း အစ်မဖြစ်သူ ကျင်းယု ရူးနေပြီလားဟု တွေးမိ၏။

ဤမျှလှပသော အိမ်ဂေဟာအား တခြားဂြိုဟ်သည့်ဟု အဘယ်ကြောင့်ပြောရသနည်း။ ထို့ပြင် ကျားမွေးထားသည်ဟုဆို၏။

ရုတ်တရက် သူမ၏ ခြေလှမ်းရပ်တန့်သွား၏။ ကျားကိုသတိရသောကြောင့်ဖြစ်၏။

"အစ်ကိုယန်း... အစ်ကိုယန်း"

သူမက တံခါးအားထုကာ အော်လိုက်၏။ မည်သည့်တုံ့ပြန်သံမှ မကြားရပါ။

တံခါးမှာ အတွင်းမှပိတ်မထားသဖြင့် သူမ ထုလိုက် သောအခါ ပွင့်သွား၏။

ကျင်းစုမှာ အထဲသို့လှမ်းဝင်လိုက်၏။ သူမက အသက်ပင်



ပြင်းပြင်းမရှူရဲဘဲ အထဲသို့တစ်လှမ်းချင်း ဝင်လိုက်၏။

အသံမပြုတော့ပါ။ ကျားရှိနေပါက ကြားသွားမည်ဆိုးသောကြောင့်ဖြစ်၏။

သူမက တဖြည်းဖြည်း လျှောက်သွားကာ အခန်းတစ်ခုထဲသို့ ချောင်းကြည့်လိုက်၏။

"အရက်အိုးတွေ များလှချည်လား"

သူမက နောက်တစ်ခန်းသို့ကြည့်လိုက်၏။

"အမယ်လေး...."

သူမက ရုတ်တရက် လန့်သွား၏။ သေချာကြည့်ပြီးမှ ပြုံးလိုက်၏။

ထိုအရာမှာ ကျားခေါင်းရုပ်နှင့် ကျားသားရေဖြင့်ချုပ်ထားသောဝတ်စုံကို ဖြန့်ထားခြင်းဖြစ်၏။

"အစ်ကိုက ဒါနဲ့မမကိုခြောက်လိုက်တာဖြစ်မယ်.. သိပ်တော်တာပဲ"

သူမသည် ကျားကိုမကြောက်တော့ပါ။ အရှေ့သို့ရဲတင်းစွာလျှောက်သွားပြီး အခန်းတစ်ခန်း၏ စေ့ထားသောတံခါးကို တွန်းဖွင့်လိုက်၏။

"အို....."

သူမ၏နှုတ်ခမ်းများ ဝိုင်းစက်သွား၏။ သူမက တံခါးအားပြန်ပိတ်ကာ ပြုံးလိုက်၏။

အကြောင်းမှာ ယန်းကျိုကွေအရက်မူးကာ အိပ်ပျော်နေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်၏။

သူ၏ခန္ဓာကိုယ်အပေါ်ပိုင်းတွင် အင်္ကျီမရှိပါ။ ကျင်းစုသည်

ယန်းကျိုကွေအား စိုက်ကြည့်နေမိလေတော့သည်။

ကျင်းစုသည် အခန်းထဲမှ ပြန်ထွက်လိုက်၏။

သို့သော် သူမ၏ခြေထောက်များ ရွေ့မရပါ။ သူမက စိတ်လှုပ်ရှားနေ၏။

အခန်းထဲတွင် သူမအလွန်စွဲလန်းရသော ယန်းကျိုကွေ ရှိနေ၏။

အိမ်ကြီးတစ်ခုလုံး တိတ်ဆိတ်ပြီး အခြားလူတစ်စုံတစ်ယောက်မှမရှိပါ။

သူမက အခန်းတံခါးအားဟကာ ပြန်ချောင်းကြည့်လိုက်၏။

ထို့နောက် အခန်းထဲပြန်ဝင်ကာ တံခါးအား လုံခြုံစွာ ဆွဲပိတ်လိုက်၏။

သူမက ယန်းကျိုကွေအား နှိုးရန် စိတ်ကူးလိုက်၏။

"အစ်ကိုယန်း... ထပါဦး"

ယန်းကျိုကွေက မနိုးပါ။အရက်အလွန်အကျွံ သောက်ထားသဖြင့် အမူးလွန်ကာ အိပ်မောကျနေ၏။

ကျင်းစုက စိတ်မရှည်တော့ပါ။ လက်သည်းဖြင့် ယန်းကျိုကွေ၏လက်မောင်းအား ဆိတ်လိုက်၏။

ယန်းကျိုကွေက လှုပ်ရုံသာလှုပ်ပြီး မျက်လုံးမဖွင့်နိုင်ပေ။

ကျင်းစုမှာ စိတ်များလှုပ်ရှားလာ၏။ သူမသည် ယန်းကျိုကွေ၏ရင်ဘတ်နှင့် လက်မောင်းအား ညင်သာစွာ ပွတ်သပ်လိုက်၏။



အရက်နံ့မှာ စူးစူးဝါးဝါးနံနေသော်လည်း ကျင်းစုက ဂရုမထားပါ။

ယန်းကျိုကွေ၏ခေါင်းရင်းဘက်တွင် အရက်အိုးများရှိနေ၏။

အရက်သည် ကြောက်စိတ်ကိုပြယ်စေသည်ဟု ကျင်းစုတွေးမိ၏။ သူမက အရက်အား တစ်ငုံမော့သောက်လိုက်၏။

လည်ချောင်းမှတစ်ဆင့် ရင်ထဲတွင် ပူသွား၏။ နားရွက်များ နှာခေါင်းများပင် ထူပူသွား၏။

သူမသည် ယန်းကျိုကွေ၏ပါးပြင်အား ပွတ်သပ်လိုက်၏။

ထို့နောက် အောက်သို့ငုံ့သွားကာ ယန်းကျိုကွေနှင့်မျက်နှာချင်းအပ်လိုက်၏။

အခန်းတစ်ခုလုံး တိတ်ဆိတ်နေလေတော့သည်။

## တစ်ယောက်ကတစ်ယောက်ကိုကယ်

ရှင်းယုံသည် လုကျော်းအပေါ် ယုံကြည်မိ၏။

လောလောဆယ် သူမ၏ဘဝအား လုံခြုံမှုအပေးနိုင်ဆုံးမှာ လုကျော်းပင်ဖြစ်၏

လုကျော်းသည် လောင်းကစားဝါသနာကြီးသူဖြစ်၏။ သို့သော် ကတိတည်ပြီး တာဝန်ကိုမမေ့ပေ။

သူက မည်မျှပင် လောင်းကစားဝိုင်း၌ကစားနေသော်လည်း ရှင်းယုံအား မျက်ခြည်မပြတ်ပေ။

သူက ကစားဝိုင်းမှနိုင်လျှင် ရှင်းယုံအား စားစရာကျွေး၏။ အဝတ်အထည် အသုံးအဆောင် ဝယ်ပေး၏။

ရှုံးသွား၍ ငွေမရှိလျှင် ကစားဝိုင်းနံဘေး၌ငိုင်နေတတ်သဖြင့် မနေနိုင်သောရှင်းယုံက ငွေထုတ်ပေးရ၏။

လုကျော်းသည် တစ်ခဏမျှကစားရလျှင်ပင် ထိုနေ့အဖို့ နေသာထိုင်သာရှိသွား၏။

ရှင်းယုံမှာ လုကျော်းအား သဘောကျသည့်အချက်များရှိကြောင်း တွေ့လာရ၏။



လုကျော်းသည် အရက်အလွန်အကျွံမသောက်တတ်ပေ။ သူက မိန်းမတစ်ယောက်အား ဖျတ်ခနဲသာ ကြည့်တတ်၏။ ရှင်းယုံကိုလည်း တစ်ခါမှစေ့စေ့စပ်စပ် မကြည့်ပေ။ ညီမတစ်ယောက်ကဲ့သို့သာ ပြောဆိုဆက်ဆံသဖြင့် ရှင်းယုံမှာ လုကျော်းအား သဘောကျနေ၏။

ဆင်ခြေဖုံးရပ်ကွက်ရှိ လောင်းကစားဝိုင်းများသို့သွားလျှင် ရှင်းယုံအား စောင့်ရှောက်ရန် သူ့မိတ်ဆွေများအား မှာကြားခဲ့သဖြင့် ရှင်းယုံမှာလုံခြုံမှုရှိသလို ခံစားမိလေတော့သည်။

ညနေစောင်း....။

လုကျော်းသည် သီချင်းတစ်ပုဒ်အား လေချွန်က ပြန်လာ၏။ သူ့အိတ်ထဲတွင် ငွေတစ်ပြားမှမရှိတော့ပါ။

သို့သော် သူက ငွေကုန်ခဲ့သည်ကိုစိတ်မပျက်ဘဲ ကစားခဲ့ရသဖြင့် ကျေနပ်နေခြင်းဖြစ်၏။ ဤသို့ဖြင့် လမ်းချိုးတစ်ခုသို့ ရောက်လာ၏။

ရုတ်တရက် သူ၏သွားလမ်းအားပိတ်ကာ လူ(၃)ယောက် ရပ်နေသည်ကို တွေ့လိုက်ရ၏။

ကျားကြီးတဟူတို့လူစုဖြစ်၏။ သူတို့သည် လုကျော်းအား လုံးဝမကျေနပ်သဖြင့် လျှပ်တစ်ပြက် တိုက်ခိုက်လိုက်ကြ၏။

ကျားကြီးတဟူက ကျားခြေသည်းကုတ်သုင်းကွက်ဖြင့် စတင်တိုက်ခိုက်လိုက်၏။

သူ၏ လက်ချောင်းများကြားထဲ ပါသွားလျှင် မလွယ်လှပေ။

သူ၏ဓားကိုင်လက်မှာ ကွေးချည်မြောက်ချည်ဖြစ်နေ၏။

သူ၏တပည့်နှစ်ယောက်မှာလည်း လျင်မြန်ဖျတ်လတ်လှ၏။ ဓားသုံးလက်သည် ဝဲယာပိတ်ဆို့နေ၏။

လုကျောင်းမှာ မျက်လုံးပြူးနေ၏။ သူ့တွင် မည်သည့် လက်နက်မှမပါပေ။

သူက အတွင်းအားကောင်းသူဖြစ်၍ ညာခြေတွင် အတွင်းအားစုစည်းကာ ခြေထောက်ကိုဆန့်ထုတ်လိုက်၏။

"ဝုစ်...."

သူ၏ခန္ဓာကိုယ် တစ်ပတ်လည်သွား၏။ ကျားကြီးမှာ ကမန်းကတန်း ရှောင်တိမ်းလိုက်၏။

သူက လုကျောင်း၏အနားသို့ သိပ်မကပ်ရဲပါ။

သူ့အား အနားတွင်ရှိသော တစ်စုံတစ်ရာနှင့် သွေးကြောပိတ်မည်ကို စိုးရိမ်သောကြောင့်ဖြစ်၏။

လုကျောင်းမှာလည်း သွေးကြောပိတ်နိုင်ရန် လူချင်းကပ်ရန် ကြိုးစား၏။

သို့သော် ကျားကြီးတဟူက အကပ်မခံဘဲ အဝေးမှပင် လှမ်းတိုက်ခိုက်၏။

လုကျောင်း၏လက်မောင်းတွင် ဓားချက်တစ်ချက်ထိကာ သွေးများစီးကျလာ၏။

အသားနာလာသဖြင့် လုကျောင်းမှာ ဒေါသ ထွက်လာ၏။

ဒေါသထွက်သည်နှင့်သူက မဆင်ခြင်တော့ဘဲ ကမူးရှူးထိုး တိုက်ခိုက်လိုက်၏။



ကျားကြီးက ပြုံးကာ သူ့လူနှစ်ယောက်အား ဘေးမှရံ၍ လုကျောင်းအား အသေသတ်ရန် ဓားအား ပစ်လွှင့်လိုက်၏။

"ဝုစ်...."

"ခွမ်း...."

ဓားမှာ မာကျောသောအရာနှင့်ထိကာ လွဲသွား၏။ အိုးတစ်လုံးလည်း အစိပ်စိပ်အမွှာမွှာ ကွဲသွား၏။

လုကျောင်းက ကြည့်လိုက်ရာ ဒယီးဒယိုင်နှင့် လျှောက်လာနေသော အရက်သမားအား တွေ့လိုက်ရ၏။

ထိုလူအား လုကျောင်းမြင်ဖူး၏။ မည်သည့်နေရာတွင် မြင်ဖူးသည်ကို သူက စဉ်းစားမရပါ။

သူ့လက်ထဲတွင် သောက်လက်စအရက်အိုးကိုင်ထားပြီး ခါးတွင် အရက်အိုးနှစ်လုံးချိတ်ထား၏။

ကျားကြီးက အရက်သမားအား မျက်လုံးပြူးကြည့်ကာ....

"မင်းက ဘယ်သူလဲ... ဘာကိစ္စဝင်ရှုပ်တာလဲ"

အရက်သမားကမဖြေဘဲ လက်ထဲမှအရက်အိုးအား ကုန်စင်အောင် မော့ချလိုက်၏။

ထို့နောက် ခါးတွင်ချိတ်ထားသော အရက်အိုးနှစ်လုံးအား ဖြုတ်ယူပြီးသောက်လိုက်၏။

ကျားကြီးက စိတ်မရှည်တော့ပါ။

"မင်း မေးတာကြားလား"

အရက်သမားက ဘာမှမပြောဘဲ အရက်အိုးနှစ်လုံးအား ပစ်လွှင့်လိုက်၏။

"ဝုစ်...."

"ဝှစ်...."

အရက်အိုးလွှင့်စင်သွားသည်အရှိန်မှာ ပြင်းလှ၏။

ကျားကြီး၏လူနှစ်ယောက်မှာ မရှောင်တိမ်းနိုင်ဘဲ အရက်အိုးထိမှန်ကာ လဲကျသွား၏။

ကျားကြီး၏မျက်နှာကွက်ခနဲ ပျက်သွား၏။

အရက်သမားက ရယ်မောကာ....

"ဟဲ... ဟဲ... ဒီအရက်အိုးကော ယူဦးမလား"

ကျားကြီးမှာ မျက်နှာကွက်ခနဲပျက်သွား၏။ သူသည် အရက်သမားအား အထင်မသေးဝံ့ပါ။

လုကျောင်းကိုလည်း အထင်မသေးဝံ့တော့ပါ။ ထိုစဉ် လဲကျသွားသော တပည့်နှစ်ယောက်ထလာ၏။

ကျားကြီးသည် သူ့လူများအား ခေါ်ကာ လမ်းဘေးမှဝါးရုံတောထဲသို့ရုတ်တရက် ပြေးဝင်သွား၏။

လုကျောင်းသည် ကျားကြီးတို့အား ကြည့်နေရာမှကယ်တင်သူအား ကြည့်လိုက်၏။

ထိုအခါ အရက်သမားသည် အရက်အိုးမော့ကာ အတော်ဝေးဝေးသို့ရောက်သွားပြီဖြစ်၏။

လုကျောင်းသည် စိတ်ထဲတွင် အရက်သမားအား သဘောကျသွား၏။

သူက ပခုံးမှဒဏ်ရာအား အကျႌစဖြဲကာ စည်းလိုက်၏။

ထို့နောက် ရှင်းယုံထံပြန်သွားလေတော့သည်။



အရက်သမားမှာ ယန်းကျိုကွေဖြစ်၏။

သူက ကျင်းစုတို့ထမင်းဆိုင်ကိုလာရင်း အမြင်မတော်သဖြင့် လုကျောင်းအား ဝင်ကယ်ခဲ့ခြင်းဖြစ်၏။

သူက တိုက်ခိုက်ရသည်ကို စိတ်မညစ်သော်လည်း အရက်များ မြန်မြန်ဆန်ဆန်ကုန်သွားသည်ကို စိတ်ညစ်မိ၏။

သူက စားပွဲတွင်ထိုင်လိုက်စဉ် အနားသို့ကျင်းစု ရောက်လာ၏။

"အစ်ကိုယန်း...."

ယန်းကျိုကွေက သူမအားမော့ကြည့်ကာ တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် ပြုံးလိုက်၏။

ကျင်းစု၏မျက်နှာနီရဲသွားကာ....

"အစ်ကိုက ဘာပြုံးတာလဲ"

ဟု ရှက်ရွံ့စွာ မေးလိုက်၏။ ယန်းကျိုကွေက မဖြေပါ။ သူက အိပ်မက်ကို သတိရကာ ပြုံးခြင်းဖြစ်၏။

သူ မနေ့က မက်ခဲ့သောအိပ်မက်မှာထူးဆန်းနေ၏။ မိန်းကလေးတစ်ယောက်က သူ့အား ဖက်ထားကာ နမ်းနေခြင်းဖြစ်၏။

ထိုမိန်းကလေး၏မျက်နှာမှာ ကျင်းစုဖြစ်နေသဖြင့် သူက ပြုံးမိခြင်းဖြစ်၏။

အမှန်တော့ သူက တကယ့်အဖြစ်အပျက်အား မမှတ်မိဘဲ

အိပ်မက်ဟုထင်နေခြင်းပင် ဖြစ်၏။

ကျင်းစုက....

"အစ်ကို အဲ့ဒီလိုမပြုံးနဲ့... ကျွန်မ ရှက်တယ်"

သူမ၏စကားကြောင့် ယန်းကျိုကွေမှာ ကြောင်အံ့အံ့ဖြစ်သွား၏။

"ငါဘာသာပြုံးတာ နင်နဲ့ဘာဆိုင်လို့ ရှက်ရတာလဲ"

ကျင်းစုစိတ်ထဲတွင် သူမနမ်းသည်ကို ယန်းကျိုကွေသိသဖြင့် ပြုံးနေသည်ဟု ထင်မိ၏။

ယန်းကျိုကွေက....

"ငါ အခုအရက်သိပ်သောက်ချင်တယ်"

ကျင်းစုက....

"ကျွန်မ တိုက်ပါ့မယ်"

သူသည် ယန်းကျိုကွေ၏လှပသောအိမ်ကြီးကိုမြင်ပြီးကတည်းက အထင်ကြီးနေ၏။

ယန်းကျိုကွေက မိမိအား ချစ်နေပြီဟု တွေးကာ ကျိတ်ပျော်နေ၏။

ကျင်းယုက သူတို့အား ကြည့်ကာ မျက်စောင်းထိုးလိုက်၏။

"ကြောက်စရာကောင်းတဲ့အိမ်ထဲမှာ ကျားမွေးပြီးနေတဲ့လူကိုများ ဂရုစိုက်နေလိုက်တာ... ငါ့ညီမ ရူးနေပြီလားမသိဘူး"

ဟု တီးတိုးရေရွတ်လိုက်၏။

ကျင်းစုက အရက်နှင့်စားစရာများချပေးပြီး အနားတွင် ထိုင်နေ၏။

သူမက အခြားစားသောက်သူများအား ဂရုမစိုက်ဘဲ ယန်းကျိုကွေကိုသာ ထိုင်စည့်ခံနေ၏။



ယန်းကျိုကွေက ကျင်းစုအား မကြည့်တော့ဘဲ အရက်နှင့်စားစရာများကိုသာ စားသောက်လိုက်၏။

ကျင်းစုက နှုတ်ခမ်းစူကာ....

"အစ်ကို...."

"ဟေ...."

"ဘာဖြစ်လို့ စကားမပြောတာလဲ"

"ဟေ...."

ယန်းကျိုကွေမှာ ကျင်းစု ဘာဖြစ်နေပါလိမ့်ဟုတွေးကာ မျက်မှောင်ကုတ်၍....

"ငါက ဘာပြောရမှာလဲ"

"အစ်ကိုက တစ်မျိုးပဲ"

ယန်းကျိုကွေက....

"ဘာဖြစ်လို့လဲ"

ကျင်းစုမှာ ယန်းကျိုကွေအား ကြည့်ကာ အားမလိုအားမရဖြစ်လာ၏။

"ဒီမှာ အစ်ကို...."

ယန်းကျိုကွေက....

"ကျင်းစု... နင် ဒီနေ့ ဘာဖြစ်နေတာလဲ"

ကျင်းစုက မဖြေဘဲ....

"ကျွန်မ ညနေလာခဲ့မယ်"

ယန်းကျိုကွေမှာ မျက်လုံးပြူးသွား၏။ သူတွင် ငွေတစ်ပြားမှမရှိပါ။ ကျင်းစုက ညနေအကြွေးလာတောင်းမည်လော။

"ဘာ... ဘာဖြစ်လို့...."

ကျင်းစုက....

"ကျွန်မ ညနေလာခဲ့မယ်... စောင့်နေပါ"

ယန်းကျိုကွေက သူမအား ကြည့်လိုက်၏။ မှုံးနေသဖြင့် မျက်နှာမှာမသဲကွဲဘဲ ပြုံးစိစိမျက်နှာကိုသာ တွေ့မြင်နေရ၏။

သူက ဘာမှမစဉ်းစားဘဲ ဆိုင်ထဲမှထွက်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ် သူ၏သွားလမ်းအား လူ(၃)ယောက်ပိတ်ရပ်နေသည်ကို တွေ့လိုက်ရလေတော့သည်။

လူ(၃)ယောက်သည် ယန်းကျိုကွေအား ပြုံးစေ့စေ့ကြည့်နေ၏။

ထိုလူများမှာ လွန်ခဲ့သောတစ်လကျော်က ယန်းကျိုကွေ၏ အိမ်ထဲတွင် လုလာသောငွေများကို ဝေစုခွဲနေသူများဖြစ်၏။

ယန်းကျိုကွေက မှုံးမှုံးနှင့်အရက်အိုးများပစ်လိုက်သဖြင့် မေ့လဲပြီး လူဆိုးထိန်းဝမ်ဖမ်းခေါ်သွားသောလူများ ဖြစ်၏။

သူတို့သည် အမှုမှလွတ်လာခြင်းမဟုတ်ဘဲ ဖမ်းချုပ်ထားရာမှ ထွက်ပြေးလာသူများဖြစ်၏။

ထိုလူ(၃)ယောက်မှာ ခားပြမှု၊ လုယက်မှုများဖြင့် ဆိုးသွမ်းနေသောဗျိုင်းညီနောင်သုံးဖော်ပင် ဖြစ်၏။

သူတို့သည် တစ်ယောက်တစ်နယ်စီ ဆိုးသွမ်းနေသူများ ဖြစ်၏။



လွန်ခဲ့သောတစ်နှစ်ခန့်မှပူးပေါင်းမိကာ သွေးသောက်ဖွဲ့လိုက်ခြင်းဖြစ်၏။

သူတို့သည် ထမင်းစားသောက်ရန် ဆိုင်ထဲသို့ဝင်လာစဉ် စားပွဲမှထလာသော ယန်းကျိုကွေအား တွေ့မြင်လိုက်ရသဖြင့် ယခုကဲ့သို့ လမ်းပိတ်ကာ ရပ်နေခြင်းဖြစ်၏။

ဗျိုင်းညိုက....

"ဟဲ... ဟဲ... ကျုပ်တို့ကိုအရက်အိုးနဲ့ပေါက်ပြီး ဖမ်းနိုင်တဲ့သူရဲကောင်းကြီးပါလား"

သူကပြောပြောဆိုဆိုဖြင့် ယန်းကျိုကွေအား လက်သီးနှင့် ထိုးချလိုက်၏။

"အင့်...."

ယန်းကျိုကွေမှာ နောက်သို့လဲကျသွား၏။ ဗျိုင်းညိုက တစ်ဆိုင်လုံးသို့ အကဲခတ်လိုက်၏။

စားပွဲတစ်လုံးတွင် အဘွားအိုတစ်ယောက်နှင့် ကလေးတစ်ယောက်၊ အခြားစားပွဲတွင် အစိမ်းရောင်ဝတ်စုံနှင့် ခန့်ညားသောလူရွယ်တစ်ဦး၊ အခြားစားပွဲတွင် အမျိုးသမီးတစ်ဦးနှင့် ဆိုင်ရှင်မိန်းကလေးနှစ်ယောက်ကိုသာ တွေ့ရ၏။

ယန်းကျိုကွေက ထထိုင်ကာ ခေါင်းကိုသတ်ခနဲ ခါလိုက်၏။

ဗျိုင်းမဲက ခြေထောက်ဖြင့် ဆောင့်ကန်လိုက်၏။

"ဝုန်း...."

ယန်းကျိုကွေမှာ လိမ့်သွား၏။ ကျင်းစုမှာ ပြေးထွက်လာ၏။

"ရှင်တို့ ဘာလုပ်တာလဲ"

ဗျိုင်းဖြူက သူမ၏ပခုံးအား ဆုပ်ကိုင်ကာ တွန်းလိုက်၏။

"ငြိမ်ငြိမ်ထိုင်နေစမ်း"

ကျင်းယုက မသိမသာ အံကြိတ်ကာ....

"နင်နဲ့ဘာဆိုင်လို့လဲ"

ကျင်းစုမှာ ယန်းကျိုကွေ၏အဖြစ်အားကြည့်ကာ မျက်ရည်များ ကျလာ၏။

ယန်းကျိုကွေမှာ ပါးစပ်မှသွေးများစီးကျနေပြီး တော်တော်နှင့် မထနိုင်ပါ။

အဘွားအို၊ ကလေးနှင့်အမျိုးသမီးမှာ ငွေရှင်းကာဆိုင်ထဲမှ ပြေးထွက်သွား၏။

အစိမ်းရောင်ဝတ်စုံနှင့်လူမှာ ဖြစ်ပျက်သမျှ သူနှင့်မဆိုင်သကဲ့သို့ ထမင်းကိုသာ အေးအေးဆေးဆေး စားနေ၏။

ဗျိုင်းညီနောင်သုံးဖော်မှာ စားပွဲတွင်ဝင်ထိုင်ပြီး....

"ဟေ့... အရက်နဲ့စားစရာ ချစမ်း"

"ဟုတ်ကဲ့"

ကျင်းယုက ပျာပျာသလဲပင် အရက်နှင့်စားစရာများချပေးလိုက်၏။ ကျင်းစုမှာ ယန်းကျိုကွေကိုသာကြည့်နေ၏။

ယန်းကျိုကွေသည် စီးကျလာသောသွေးများအား သုတ်လိုက်၏။ အသားနာသဖြင့် သူက ဒေါသထွက်လာ၏။

အရက်ရှိန်ပြယ်သွားပြီဖြစ်၍ ထပ်သောက်ချင်လာ၏။ အရက်အိုးအားကြည့်လိုက်ရာ ကွဲသွားပြီဖြစ်၏။

အစိမ်းရောင်ဝတ်စုံနှင့်လူ၏စားပွဲတွင်မူ အရက်အိုးရှိနေ၏။

သူက ထိုလူ့ထံသို့ ဒယီးဒယိုင်ဖြင့် လျှောက်သွားလိုက်၏။



သူက စားပွဲနားရောက်သည်နှင့် အစိမ်းရောင်ဝတ်စုံနှင့်လူက ပြုံးကာ အရက်အိုးလှမ်းပေးလိုက်၏။

ယန်းကျိုကွေက အငမ်းမရပင် အရက်များမော့သောက်လိုက်၏။

အိတ်ထဲမှ ဆေးလုံးလေးတစ်လုံးကိုလည်း မျိုချလိုက်၏။

ထိုအချိန်တွင် ဗျိုင်းညီနောင်သုံးယောက်က အရက်များအားရပါးရသောက်နေ၏။

ဗျိုင်းမဲက....

"ဟေ့... မင်း လာခဲ့စမ်း"

ယန်းကျိုကွေက တစ်လှမ်းချင်းလျှောက်သွားလိုက်၏။

ကျင်းစုက....

"ရှင်တို့ ဘာလုပ်ဦးမလို့လဲ... ဒီလောက်နှိပ်စက်ရ တော်ရောပေါ့"

"ဖြန်း...."

ဗျိုင်းဖြူက သူမ၏ပါးပြင်အား ရိုက်ချလိုက်သဖြင့် လဲကျသွား၏။ ဗျိုင်းမဲက ယန်းကျိုကွေအား စိုက်ကြည့်လိုက်၏။

"မင်းနာမည် ဘယ်သူလဲ"

ယန်းကျိုကွေက သူတို့အနားတွင်ရပ်ကာ....

"ယန်းကျိုကွေ...."

ဗျိုင်းမဲက....

"မင်း ငါ့ကိုသိလား"

ယန်းကျိုကွေက ခေါင်းခါယမ်းလိုက်၏။

"မသိဘူး"

ဖျိုင်းမဲက ကျန်နှစ်ယောက်အား ညွှန်ပြလိုက်၏။

"သူတို့ကိုကော သိလား"

"ဘယ်သူ့ကိုမှ မသိဘူး"

ဖျိုင်းမဲက....

"ဒါကြောင့် မင်းက ငါတို့ကို အရက်အိုးနဲ့ပေါက်တာပေါ့... မင်းလိုလူမပြောနဲ့ လူဆိုးထိန်းဝမ်တောင် ငါတို့ကို ဘာမှမလုပ်ရဲဘူး... ဒီမှာ မင်းသိထားဖို့က ဖျိုင်းမဲရဲ့ခြေတံရှည်ရိုက်သိုင်းကွက်ပဲ"

သူကပြောပြောဆိုဆိုပင် ယန်းကျိုကွေကို ခြေထောက်ဆန့်ထုတ်ကာ ကန်ချလိုက်၏။

"ဝုန်း...."

ယန်းကျိုကွေမှာ နောက်သို့လန်ကျသွား၏။

ဖျိုင်းညိုက ဖမ်းထားကာ....

"ဒါက ဖျိုင်းညိုရဲ့နှုတ်သီးပေါက်သိုင်းကွက်"

ပြောပြီး သူ၏ရင်ဝအား လက်ချောင်းများကိုစု၍ ပေါက်ချလိုက်၏။

"အင့်...."

ယန်းကျိုကွေမှာ ကြမ်းပြင်ပေါ်သို့လဲကျသွား၏။

"ဒါကတော့ ဖျိုင်းဖြူရဲ့ခြေတစ်ချောင်းရပ် အစာရှာသိုင်းကွက်ပဲ"

ဖျိုင်းဖြူက ယန်းကျိုကွေ၏ဝမ်းဗိုက်အား ဖနောင့်ဖြင့်ပေါက်လိုက်၏။

ယန်းကျိုကွေမှာ နှုတ်ခမ်းထောင့်တွင် သွေးများစီးကျလာပြီး အလူးအလဲခံနေရ၏။



အစိမ်းရောင်ဝတ်စုံနှင့်လူသည် ဖျိုင်းညီနောင်သုံးဖော်အား အကဲခတ်လိုက်၏။

ရုတ်တရက် အရက်ဆိုင်တစ်ခုလုံး သိမ့်ခနဲ တုန်သွား၏။

အစိမ်းရောင်ဝတ်စုံနှင့်လူပင် ထိတ်လန့်ကာ လှည့်ကြည့်လိုက်၏။

ဖျိုင်းညီနောင်သုံးဖော်ထိုင်နေသည့် စားပွဲအထက်တွင် ထုပ်တန်းတစ်ခုရှိ၏။

ယန်းကျိုကွေက ရုတ်တရက် ခုန်ထကာ ထုပ်တန်းအား တွဲခိုလိုက်၏။

ထိုသို့တွဲခိုလိုက်ရင်း သူ၏သန်မာလှသော ခြေထောက်နှစ်ချောင်းဖြင့် ဖျိုင်းဖြူ၊ ဖျိုင်းမဲနှင့်ဖျိုင်းညိုတို့၏ မျက်နှာများအား လှည့်ပတ်ကန်ချလိုက်၏။

ဖျိုင်းညီနောင်သုံးယောက်မှာ အငိုက်ခံလိုက်ရသဖြင့် ပက်လက်လန်လဲကျသွား၏။

ဖျိုင်းညိုမှာ ပြန်မထနိုင်သေးပါ။ ဖျိုင်းဖြူနှင့်ဖျိုင်းမဲက ချက်ချင်းကုန်းထကာ ဓားများ ဆွဲ ထုတ်လိုက်၏။

ယန်းကျိုကွေမှာ စောစောကကဲ့သို့ မဟုတ်တော့ပါ။

သူက တက်ကြွနေကာ လက်ထဲတွင် ကုလားထိုင်တစ်လုံး ကိုကိုင်ထားပြီး ရင်ဘတ်ရှေ့တွင် ကာထား၏။

ဖျိုင်းဖြူက ခုတ်ချလိုက်ရာ....

"ဖြောင်း...."

ကုလားထိုင်မှာ ကျိုးပဲ့သွား၏။

ယန်းကျိုကွေမှာ ဖျိုင်းဖြူ၏ဆီးစပ်အား ကန်ချလိုက်သ

ဖြင့်....

"အင့်...."

ဗျိုင်းဖြူမှာခေါင်းလွတ်ကျကာ လဲကျသွား၏။

ယန်းကျိုကွေက ကုလားထိုင်တစ်လုံးကောက်ယူလိုက်၏။

ခုတ်ချလာသောဗျိုင်းမဲအား ရောင်တိမ်းကာ ကုလားထိုင်ဖြင့် ရိုက်ချလိုက်၏။

"ခွပ်...."

ဗျိုင်းမဲ၏နဖူးပေါ်မှ သွေးများစီးကျလာကာ မေ့လဲသွားလေတော့သည်။ ယန်းကျိုကွေက သက်ပြင်းတစ်ချက်ချလိုက်၏။

သူက အစိမ်းရောင်ဝတ်စုံနှင့်လူပေးသည့် အရက်အိုးအား မော့ချလိုက်၏။

ထို့နောက် အကဲခတ်ကြည့်နေသော အစိမ်းရောင် ဝတ်စုံနှင့်လူအား ပြုံးပြကာ ထွက်ခွာသွား၏။

သူထွက်သွားပြီးမကြာမီပင် အစိမ်းရောင်ဝတ်စုံနှင့်လူက လည်း ထွက်ခွာသွားလေသည်။

ကျင်းစုမှာ ပြုံးရွှင်ကာ ကျန်ရစ်ခဲ့လေတော့သည်။

ဗျိုင်းညီနောင်သုံးဖော်မှာ သတိရလာ၏။

သူတို့သည် စားပွဲ၊ ကုလားထိုင်များအား ဒေါသတကြီးကန်ကျောက်လိုက်ကြ၏။

ဗျိုင်းမဲက....



"ဟိုကောင် ဘယ်ရောက်သွားပြီလဲ"

ကျင်းယက ပါးစပ်ပိတ်ထား၏။

ကျင်းစုက....

"မသိဘူး"

ဗျိုင်းမဲက ကျင်းစုအနားသို့လျှောက်လာကာ....

"စကားကောင်းကောင်း ပြောစမ်း... အရက်သမား ဘယ်မှာလဲ"

"မသိဘူး"

ဗျိုင်းမဲက ကျင်းစုအား လက်ပြန်ရိုက်ချလိုက်၏။

"ဖြန်း...."

ကျင်းယုက ကျင်းစုအား ပြေးပွေ့ကာ....

"ကျွန်မ ညီမကိုမနှိပ်စက်ပါနဲ့.... သူ့အိမ်ကို ကျွန်မ သိပါတယ်"

"အဲ့ဒါ မင်းပြောမှမဟုတ်ဘူး... သူ့အိမ်ကို ငါတို့လည်းသိတယ်... သူ အခု ဒီမှာရှိသလားလို့မေးနေတာ"

"မရှိပါဘူး... ထွက်သွားပါပြီ"

ဗျိုင်းညီနောင်သုံးဖော်မှာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ ထွက်သွားရန်ဟန်ပြင်လိုက်၏။

ကျင်းယုက....

"အစ်ကိုကြီးတို့ ထမင်းဖိုး...."

ဗျိုင်းညိုက ပြန်လှည့်လာကာ....

"ထမင်းဖိုး... အေး... ပေးမယ်"

ခါးကြားမှဓားဆွဲထုတ်ကာ ကျင်းယု၏ရင်ဝသို့ထိုးစိုက်လိုက်

၏။

"အင်း...."

ကျင်းယုမှာ မျက်လုံးအစုံပြူးကာ ခွေကျသွား၏။

ကျင်းစုမှာ ထိတ်လန့်ကြောက်ရွံ့ကာ သတိလစ်သွားလေတော့သည်။

ရှင်းယုံ၏အခန်းထဲတွင် လင်းထိန်နေ၏။

သူက မှန်အိမ်မီးစာမြှင့်ထားသောကြောင့် ဖြစ်၏။

ရှင်းယုံသည် ယခုအချိန်အထိ လုကျောင်းပြန်မရောက်လာသဖြင့် ဒေါသထွက်နေ၏။

ရန်သူမှာ မိမိထံအချိန်မရွေး ရောက်လာနိုင်သည်ဟုပြောထားလျက် လုကျောင်းက လျစ်လျူရှုနေသည်ကို သူမက ဒေါသဖြစ်ခြင်းဖြစ်၏။

ထိုစဉ် တံခါးပွင့်ကာ လုကျောင်းဝင်လာ၏။ သူ၏ပခုံးတွင် အဝတ်စည်းထားသော်လည်း သွေးများစီး ကျနေသည်ကို တွေ့မြင်လိုက်ရ၏။

ရှင်းယုံမှာ အပြစ်တင်ရန် စဉ်းစားထားသော်လည်း စကားလုံးများမထွက်လာတော့ပါ။

သူမက စိုးရိမ်ကာ ပျာပျာသလဲဖြင့်....

"ရှင် ဒဏ်ရာရလာတယ် ဟုတ်လား"

လုကျောင်းက ပြုံးကာ....



"စိတ်မပူပါနဲ့... မများပါဘူး"

ရှင်းယုံက ချက်ချင်းပင် လုကျောင်း၏ဒဏ်ရာအား ဆေးကြောကာ ဆေးများထည့်ပြီး အဝတ်ဖြင့် သေချာစွာ စည်းပေးလိုက်၏။

လုကျောင်းက ငြိမ်သက်စွာပင် ဆေးထည့်ပေးသည်ကိုခံယူနေ၏။

ပြီးနောက် ရှင်းယုံပြင်ပေးသည့်ညစာကို အတူစားသောက်လိုက်၏။

ရှင်းယုံက....

"ရှင့်ကို ဘယ်သူတိုက်ခိုက်တာလဲ"

လုကျောင်းက....

"ကျုပ်မှာ ရန်သူမရှိဘူးဗျ... အခုမှတွေ့ရတဲ့ ကျားကြီးတပ်ကတို့က ရန်ငြိုးဖွဲ့ပြီးတိုက်ခိုက်တာ"

ရှင်းယုံက သက်ပြင်းချလိုက်၏။

"ဒီလူတွေက ကျွန်မကို တစ်သက်လုံး ဒုက္ခပေးတော့မလားမသိဘူး"

လုကျောင်းက....

"ရှင်းယုံ... နင့်ကို ငါတစ်ခုမေးမယ်"

"မေးပါ"

"နင် ဒီလိုပဲ အမြဲတမ်း ရှောင်တိမ်းနေမှာလား... တစ်နေ့မဟုတ်တစ်နေ့ သူတို့က ရအောင်ခေါ်မှာပဲ... အဲ့ဒီမှာ မင်း အမေရှိနေတာပဲ... မင်း အေးအေးဆေးဆေး ပြန်လိုက်သွားလို့မရဘူးလား"

ရှင်းယုံက....

"ရှင် မသိပါဘူး… မေမေက သူ့ယောကျ်ားကိုမလွန်ဆန်ရဲဘူးရှင့်"

လုကျော်းက….

"မင်းပထွေးက မင်းကို ဘယ်လိုဒုက္ခပေးလို့လဲ"

ရှင်းယုံက….

"ရှင် တော်တော်အတာပဲ… သူက ကျွန်မကို ဇနီးမယားလုပ်ခိုင်းမလို့ရှင့်"

လုကျော်းက ဇက်ပုသွား၏။

ပြီးမှ ရှင်းယုံအား ပြုံးစိစိ ကြည့်ကာ….

"မင်းက သူ့ကိုသဘောမကျဘူးလား"

ရှင်းယုံ၏မျက်နှာနီရဲသွားကာ….

"သဘောကျမကျသိချင်ရင် ရှင့် ညီမနဲ့ပေးစားပါလား"

သူမက ခပ်ရိုင်းရိုင်းပင် ပြန်ပြောလိုက်၏။

သို့သော် လုကျော်းက သူမစကားကိုစိတ်မဆိုးဘဲ တဟားဟား အော်ရယ်လိုက်၏။

"ဟား… ဟား… ကျုပ်မှာသာ ညီမရှိရင် ပေးစားပါတယ်ဗျာ… ဒါမှ အချင်းချင်း ဆွေမျိုးပြန်တော်မှာ…."

ရှင်းယုံက နှာခေါင်းရှုံ့လိုက်၏။

"ရှင်က လောင်းကစားဖို့ကလွဲပြီး ဘာမှမသိဘူး"

လုကျော်းက သူမအား မျက်လုံးပြူးကြည့်ကာ….

"မင်း မတရားမပြောပါနဲ့… ကျုပ်က အားလုံးသိပါတယ်"

"ရှင်က ဘာသိလို့လဲ"

"လောင်းကစားလုပ်ဖို့အပြင် စားဖို့လည်းသိတယ်"



"နောက်တော့…."

"အိပ်ဖို့လည်း သိတယ်"

"တော်တော်ဟုတ်တာပဲ… နောက်တော့ကော…."

လုကျော်းက….

"တော်ပြီလေ… မင်း ပြောတော့ လောင်းကစားဖို့ပဲသိတယ်ဆို… အခု အိပ်တာစားတာပဲ သိတယ်"

"အဲ့ဒါတိရစ္ဆာန်တောင် သိတယ်"

"ကျုပ်က တခြားဘာသိရဦးမှာလဲ"

ရှင်းယုံက ပါးစပ်ပိတ်ထားလိုက်၏။ လုကျော်းက စကားလွှဲလိုက်၏။

"မင်းရဲ့ဦးလေးရှင်း သေသွားလို့အိမ်ကို မင်းရတယ်ပဲ ထားပါဦး… သူတို့က အမြဲနှောင့်ယှက်နေမှာပဲ"

ရှင်းယုံက….

"ကျွန်မသာ အဲ့ဒီအိမ်ကိုရရင် လုပ်ငန်းတစ်ခုခုလုပ်မှာပေါ့… အဲ့ဒီအခါကျရင် ထိပ်တန်းသိုင်းသမားတွေ ငှားထားနိုင်မှာပေါ့"

လုကျော်းက အနည်းငယ်စဉ်းစားကာ….

"မင်းရည်ရွက်ချက် မဆိုးဘူး… ထိပ်တန်းသိုင်းသမားတွေသာ ငှားနိုင်မယ်ဆိုရင် မင်းအတွက်လည်း လုံခြုံမှုရှိတယ်… အဲ့ဒီတော့ လုပ်ငန်းလုပ်ဖို့ မင်းမှာငွေရှိလား"

ရှင်းယုံက….

"ကျွန်မ အမေဆီကတောင်းလို့ရတယ်"

လုကျော်းက….

"ဒါဖြင့် မင်းစိတ်ကူးမလွဲနဲ့… လောင်းကစားဝိုင်းထောင်ပါ

လား"

ရှင်းယုံက မျက်စောင်းထိုးကာ....

"ကစားဝိုင်းထောင်တာ ပြဿနာမရှိပါဘူး... တော်ကြာ ရှင် စိတ်ဆိုးနေမလားလို့ပါ"

လုကျောင်းက ရယ်ကာ....

"ကျုပ်က စကားကောင်းပြောတာပါ... စားသောက်ဆိုင်နဲ့ ကစားဝိုင်းတွဲဖွင့်ထားမယ်ဆိုရင် စီးပွားရေးလည်းကောင်းမယ်... လုံခြုံမှုလည်းရှိမယ်"

ရှင်းယုံက....

"ဒါပေမယ့် ခက်တာက အဲ့ဒီအိမ်ကို ယန်းကျိုကွေဆိုတဲ့လူကို ပေးသွားလို့ ကျွန်မ ဘာလုပ်ရမှန်း မသိတော့ဘူး"

လုကျောင်းက....

"ဒါ သက်သက်လိမ်ပြီး အိမ်ကိုအပိုင်စီးထားတာဖြစ်မယ်... ဘာမှသွေးမတော်တဲ့လူကို ဘယ်သူကပေးမှာလဲ"

"ဟုတ်တယ်... ကျွန်မလည်း အဲ့ဒီလိုပဲထင်ပါတယ်"

"အဲ့ဒီလူကို ကျုပ်သွားဆုံးမပြီး မင်း အိမ်ကိုပြန်ယူပေးမယ်"

"ဖြစ်ပါ့မလား... ကျွန်မဦးလေးက သူ့ကို အဲ့ဒီအိမ်ပေးခဲ့တယ်ဆိုတာ လူဆိုးထိန်းဝမ်လည်း သိတယ်လို့ပြောတယ်"

"လာပါ... ကျုပ်တို့ အခုပဲ သေသေချာချာ သိရအောင် သွားမေးကြမယ်"

သူတို့နှစ်ယောက်သည် ယန်းကျိုကွေ၏အိမ်သို့သွားကြလေတော့သည်။



ညဥ့်ဦးပိုင်းအချိန်....။

ချန်အန်းမြို့တော်မှာ စည်ကားနေဆဲဖြစ်၏။

မြို့လယ်လမ်းမကြီး၏ဈေးဆိုင်များမှ ထွန်းညှိထားသောမီးရောင်စုံမှာ လှပလှ၏။

ချန်အန်းမြို့မှာ မြို့တော်ဖြစ်သဖြင့် အထူးပင် သာယာလှပကာ စည်ကား၏။

အုပ်ချုပ်ရေးအချက်အချာကျသဖြင့် ရာဇဝတ်မှုမှာ အခြားမြို့များထက် နည်းပါ၏။

ယန်းကျိုကွေထံမှ အိမ်ကိုအနုနည်းကော အကြမ်းနည်းပါ သုံးကာပြန်ယူရန် လုကျောင်းက ဆုံးဖြတ်ထား၏။

ရှင်းယုံက....

"တကယ်လို့ တိုက်ခိုက်မယ်ဆိုရင် ရှင့်ဒဏ်ရာနဲ့ဖြစ်ပါ့မလား"

"မပူပါနဲ့... သူက အရက်သမားဆို... သိပ်ဂရုစိုက်စရာမလိုပါဘူး"

လုကျောင်း၏စကားကို ရှင်းယုံက ယုံကြည်၏။ လုကျောင်းအား ယန်းကျိုကွေက မယှဉ်နိုင်ဟုထင်မိ၏။

လုကျောင်းသည် လမ်းလျှောက်နေရင်း လက်ဝါးကိုဆုပ်ချည် ဖြန့်ချည်လုပ်နေ၏။အစတွင် သူ ဘာလုပ်နေမှန်း ရှင်းယုံက မသိ

ပါ။

သေသေချာချာကြည့်မှ လှကျောင်းက ဂျင်ကလေးအား က စားနေခြင်းဖြစ်သည်ကို သိလိုက်ရ၏။

"ရှင်ကတော့ တကယ့် လောင်းကစားသမားပါပဲလား" ဟု ညည်းညူလိုက်လေတော့သည်။

---

ညလေ တသွေးသွေးတိုက်ခတ်နေ၏။

လှကျောင်းက ရုတ်တရက်....

"ရှင်းယုံ... နင့်ပထွေးက ဘယ်သူလဲ"

ရှင်းယုံက....

"ရဲလောက်ဟို...."

လှကျောင်းက....

"သူက ဘာအလုပ်လုပ်သလဲ"

ရှင်းယုံက....

"သူက မြင်းကုန်သည်ကြီးပေါ့... တစ်ခါတလေ ကျောက်ကုန်သည်ကြီး"

"ဟာ... အဲ့ဒါဆို သူက ဘာဆိုးသွမ်းလို့လဲ"

"ရှင်က ဘာသိလို့လဲ... အဲ့ဒါတွေက ဟန်ပြလုပ်ငန်းတွေ ရှင့်... နောက်ကွယ်မှာ ဒုစရိုက်လုပ်ငန်းတွေလုပ်နေတာ"

"အဲ့ဒါကို အာဏာသားတွေမသိဘူးလား"

"ကျွန်မ မပြောတတ်ဘူး... ကျွန်မမှန်းဆမိသလောက်တော့



ကျွန်မပထွေးက အင်မတန်ဉာဏ်များတယ်... ဥပဒေကိုလက်တစ်လုံးခြား လုပ်နိုင်တယ်... နောက်ပြီး သူ့မှာကျားကြီးတို့လိုလူတွေ အများကြီးရှိတယ်"

လှကျောင်းက....

"ကျားကြီးက ဘယ်လောက်တော်လို့လဲ"

ရှင်းယုံက....

"ရှင် သူ့ကိုအထင်မသေးနဲ့... သူ အရင်က ကြေးစားလူသတ်သမားရှင့်... ကျုံကွမ်းမြို့တော်ဝန်က အဲ့ဒီအလုပ်ကို စွန့်လွှတ်ဖို့တိုက်တွန်းလို့ ရဲလောက်ဟိုဆီမှာ ဝင်လုပ်နေတာ... ရဲလောက်ဟိုက ခေါ်ပြတိုက် လုယက်တဲ့အလုပ်တွေကို ကျားကြီးတို့လိုလူတွေကို အသုံးချတယ်... သူ့လက်အောက်မှာ မြင်းကုန်သည်တွေ... မြင်းပွဲစားတွေရှိတယ်... သူတို့ကလည်း ရဲလောက်ဟိုရဲ့လက်အောက်ခံလူတွေပဲ"

လှကျောင်းက ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

ရှင်းယုံက ရှေ့တွင်မြင်ရသောအိမ်အား ညွှန်ပြကာ....

"ကျွန်မပြောတာ အဲ့ဒီအိမ်ပဲ"

သူတို့သည် ယန်းကျိုကွေ၏အိမ်ထဲသို့လှမ်းဝင်လိုက်ကြလေတော့သည်။

---

## အယောင်ဆောင်ကျား

ခြံရှေ့ရောက်သောအခါ လုကျောင်းမှာအံ့အားသင့်နေ၏။ ရှင်းယုံ၏ဦးလေးရှင်းအိမ်မှာ ဤမျှကြီးမားလိမ့်မည်ဟု မထင်ပေ။

သူသည် ဤနေရာတစ်ဝိုက်သို့ရောက်ဖူးသော်လည်း ဤအိမ်ကြီးအား မတွေ့မြင်ခဲ့ဖူးပါ။

ရှင်းယုံသည် ရှေ့မှဦးဆောင်ကာ ရဲတင်းစွာဝင်သွား၏။

လုကျောင်းက နောက်မှလိုက်ဝင်သွား၏။

ခြံကြီးနှင့်အိမ်မှာ ကြီးမားလှသော်လည်း မီးထွန်းထားခြင်း မရှိပါ။ အိမ်တစ်ခုလုံးမှာ မှောင်မဲတိတ်ဆိတ်နေ၏။

"ယန်းကျိုကွေ အိပ်နေလောက်ပြီရှင့်"

သူမက လုကျောင်းအားပြောကာ အသံပြုလိုက်၏။

"အစ်ကိုယန်း... ထွက်ခဲ့ပါဦး"

မည်သည့်တုံ့ပြန်သံမှ မကြားရပါ။

လုကျောင်းနှင့်ရှင်းယုံက တံခါးတွန်းဖွင့်ကာ အိမ်ထဲဝင်လိုက်၏။



"ဝေါင်း...."

ကျားဟိန်းသံထွက်ပေါ်လာသည်ကို ကြားလိုက်ရသဖြင့် သူတို့က လန့်သွား၏။

ရှင်းယုံသည် မီးအိမ်တစ်ခုလုံးအား ကပျာကယာ ထွန်းလိုက်၏။

အလင်းရောင်ရသည်နှင့်အခန်းတစ်ခုလုံးအား ဝေ့ကြည့်လိုက်၏။

မည်သည့်အရာကိုမှမတွေ့ရသော်လည်း ကျားဟိန်းသံကြောင့် လုကျောင်းမှာထိတ်လန့်နေ၏။

ရှင်းယုက ရုတ်တရက် ပြုံးလိုက်၏။

"အစ်ကိုယန်း... ကျွန်မ သိတယ်နော်... ကျားယောင်ဆောင်ပြီး မခြောက်လှန့်နဲ့...."

သူမ ပြောလိုက်ရာ အခန်းတံခါးတစ်ခုပွင့်သွားပြီး ကျားတစ်ကောင်ထွက်လာ၏။

လုကျောင်းမှာ ထိတ်လန့်ကာ ဓားဆွဲထုတ်လိုက်၏။

ရှင်းယုံက....

"အဲ့ဒါ အစ်ကိုယန်းပါ... ကျားအရေခွံဝတ်ပြီး ကျားရုပ်ခေါင်းဆောင်းစွပ်ထားတာပါ"

သူမကပြောသော်လည်း လုကျောင်းက မယုံရဲသေးပါ။

ယန်းကျိုကွေသည် မတ်တတ်ထရပ်ကာ ခေါင်းဆောင်းနှင့်ဝတ်စုံကိုချွတ်လိုက်၏။

ယန်းကျိုကွေ၏မျက်နှာအားတွေ့မြင်ရသောအခါ လုကျောင်းက မျက်လုံးပြူးသွား၏။

သူက ချက်ချင်းပင် လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်၏။ အကြောင်းမှာ ကျားကြီးတို့နှင့်တိုက်ခိုက်စဉ်က သူ့အား ကူညီခဲ့သော အရက်သမားဖြစ်နေသောကြောင့် ဖြစ်၏။

ရှင်းယုံသည် လုကျောင်းကကြည့်ကာ အံ့အားသင့်နေ၏။ ယန်းကျိုကွေအား ဆုံးမမည်ဟုကြွေးကြော်ခဲ့သောလုကျောင်းမှာ အဘယ်ကြောင့် အရှိအသေ ပေးနေရပါသနည်း။

"ခင်ဗျားက ယန်းကျိုကွေကို... လေးစားပါတယ်... ကျုပ်ကို ကျားကြီးတို့လူစုလက်ထဲက ကယ်တင်ခဲ့တာမမေ့ပါဘူး"

ယန်းကျိုကွေမှာ သူပြောမှပင် ထိုကိစ္စကိုသတိရမိ၏။

"ကိစ္စမရှိပါဘူးဗျာ"

သူက ရှင်းယုံအား ကြည့်ကာ....

"ဒါနဲ့... ကျုပ် နောက်နေ့နိုးတော့ မင်းတို့သုံးယောက် ဘယ်ရောက်သွားတာလဲ"

ရှင်းယုံက မျက်စောင်းထိုးကာ....

"ကျွန်မ ဦးလေးက ရှင့်ကို ဒီအိမ်အပြီးအပိုင်ပေးခဲ့ပြီဆိုတော့ ကျွန်မ ဘယ်နေရဲတော့မှာလဲ"

"ထိုင်ကြပါဦး"

လုကျောင်းသည် ရှင်းယုံဘက်မှနေ၍ အိမ်ကိစ္စကိုဝင်ပါမည်ဟု ဆုံးဖြတ်လာသော်လည်း ယန်းကျိုကွေမှာ သူ၏အသက်သခင်ကျေးဇူးရှင်ဖြစ်နေသဖြင့် ဘာမပြောတော့ပါ။



ယန်းကျိုကွေက စားပွဲအောက်မှ အရက်အိုးတစ်လုံးအား စားပွဲပေါ်တင်လိုက်၏။

လုကျောင်းသည် အခန်းထောင့်တွင်ရှိနေသော အရက်အိုးလွတ်များကိုကြည့်ကာ မျက်လုံးပြူးသွား၏။

ရှင်းယုံက....

"ရှင်က ဘာဖြစ်လို့ ကျားယောင်ဆောင်ထားရတာလဲ"

"ကျုပ်က ဒီနေ့လူ(၃)ယောက်နဲ့ ရန်ဖြစ်လာတယ်ဗျ... သူတို့က ဒီကိုလိုက်လာမှာသေချာတယ်... ဒါကြောင့် ကျားယောင်ဆောင်တာ မင်းက ဘာဖြစ်လို့သိနေတာလဲ"

ရှင်းယုံက ပြုံးကာ....

"ဒီဝတ်စုံကို ရှင့်အခန်းထဲမှာ ကျွန်မတွေ့ဖူးတယ်လေ"

"ဒါနဲ့ မင်း ဒီကိုဘာလာလုပ်တာလဲ"

ရှင်းယုံက လုကျောင်းအား ကြည့်လိုက်၏။ လုကျောင်းက အားနာကာ ပြောမထွက်ပေ။

ယန်းကျိုကွေက....

"ခင်ဗျားက ဘာပြောချင်လို့လဲ"

"ဒီလိုဗျ... ဒီမိန်းကလေးမှာ အကျပ်အတည်းကြုံနေလို့ ကျုပ်ကိုငှားထားတယ်"

လုကျောင်းက အဖြစ်အပျက်များအားလုံးကို ပြန်ပြောပြလိုက်၏။

ယန်းကျိုကွေမှာ ရှင်းယုံအား သနားမိကာ သက်ပြင်းချလိုက်၏။

"မင်းမှာအခက်အခဲရှိနေရင် ကျုပ်ကိုအစကတည်းက ပြော

သင့်တယ်... ကျုပ်ကိုဦးလေးရှင်းက ဒီအိမ်ပေးခဲ့တယ်ဆိုတာ လူဆိုး ထိန်းဝမ် သိတယ်... မယုံရင်မေးကြည့်ပါ"

"မယုံစရာမရှိပါဘူး... ဦးလေးက သဘောကျလို့ပေးခဲ့တာ ကျွန်မ ဘာတတ်နိုင်မှာလဲ"

လုကျောင်းက....

"သူက စားသောက်ဆိုင်နဲ့တွဲပြီး လောင်းကစားဝိုင်းထောင်ဖို့ စဉ်းစားထားတယ်... ဒါဆိုရင် သူရဲ့ရန်သူကိုကာကွယ်ပြီးသား ဖြစ်လိမ့်မယ်"

ယန်းကျိုကွေက ခေါင်းတဆတ်ဆတ်ညိတ်ကာ....

"ဒါဖြင့် ဒီလိုလုပ်ရအောင်...."

"ပြောပါ"

"ဒီအိမ်ကို ဦးလေးရှင်းက ကျုပ်ကိုပေးခဲ့ပေမယ့် ကျုပ် မတရားမလုပ်ချင်ဘူး... မင်းက သူ့ရဲ့တူမဆိုတော့ မင်းပိုင်ဆိုင်သင့်ပါတယ်... ဒီတော့ မင်းလုပ်ချင်တဲ့လုပ်ငန်းကို ဒီမှာပဲလုပ်ပါ... တစ်ခုပဲ ကျုပ်ကိုခွင့်ပြုပါ"

"ဘာများလဲရှင်"

ယန်းကျိုကွေက....

"ကျုပ်နေဖို့ အခန်းတစ်ခုတော့ပေးပါ"

ရှင်းယုံက ခေါင်းခါယမ်းလိုက်၏။

"အဲ့ဒီလိုတော့ မဖြစ်နိုင်ဘူး"

"ဗျာ...."

ယန်းကျိုကွေမှာ စိတ်ထဲတွင်အောင့်သက်သက် ဖြစ်သွား၏။



လုကျောင်းက....

"ရှင်းယုံ... မင်းက သူ့ကိုအခန်းတစ်ခုတော့ ပေးသင့်တာပေါ့"

ရှင်းယုံက ပြုံးကာ....

"ကျွန်မစကားကိုဆုံးအောင် နားထောင်ပါဦး"

လုကျောင်းတို့နှစ်ယောက်မှာ သူမကို စိုက်ကြည့်လိုက်၏။

ရှင်းယုံက....

"ကျွန်မပြောတာ စားသောက်ဆိုင်နဲ့ လောင်းကစားဝိုင်းဖွင့်မယ်ဆိုရင် လူလိုမယ်လေ... အဲ့ဒီတော့ အရက်ခန်းနဲ့ပတ်သက်ရင် အစ်ကိုယန်းက တာဝန်ယူရမယ်... ကစားဝိုင်းနဲ့ပတ်သက်ရင် အစ်ကိုလုကျောင်းက တာဝန်ယူရမယ်... ရှင်တို့ကြိုက်တဲ့အခန်းမှာ နေနိုင်တယ်... ဘယ်လိုလဲ... ဘာဘောတူလား"

လုကျောင်းက....

"ဒါဆို အတော်ပဲ... ယန်းကျိုကွေ မကောင်းဘူးလား"

ယန်းကျိုကွေက ခေါင်းခါယမ်းလိုက်၏။

"မကောင်းဘူး"

ရှင်းယုံက....

"ဘာဖြစ်လို့လဲ"

ယန်းကျိုကွေက....

"ဘာဖြစ်ရမှာလဲ... ငါက အရက်သမားပဲ... အရက်နဲ့ပါးစပ်ပြတ်တာ မဟုတ်ဘူး... ငါ့လိုလူကိုအရက်ခန်းမှာ တာဝန်ပေးတော့ နင် ဘယ်လိုလုပ်စီးပွားဖြစ်တော့မှာလဲ"

လုကျောင်းက စဉ်းစားကာ ခေါင်းညိတ်လိုက်၏။

"သူပြောတာလည်း ဟုတ်တာပဲ… ကျုပ်ကလည်း မကစားရရင် မနေနိုင်တဲ့လောင်းကစားသမား… လောင်းကစားဝိုင်းမှာတာဝန်ယူလို့ မဖြစ်ပါဘူးဟာ"

ရှင်းယုံက….

"ကောင်းပြီလေ… ဒါဆိုလည်း ရှင်တို့သဘောပဲ… ဒါပေမယ့် ကျွန်မနဲ့တော့ နေရမယ်နော်"

လုကျောင်းနှင့်ယန်းကျိုကွေက ခေါင်းညိတ်လိုက်၏။

"ကောင်းပါပြီဗျာ"

လုကျောင်းက….

"ဒါနဲ့ မင်းငွေကကော…."

"ကျွန်မ အမေဆီမှာပြန်ယူရမှာပေါ့"

"ဖြစ်ပါ့မလား… မင်းပထွေးက…."

ရှင်းယုံက ပြုံးလိုက်၏။

"အမေက ကျွန်မကိုလျှို့ဝှက်ဆက်သွယ်နိုင်မယ့်နည်းလမ်းပြောပြထားတယ်"

"ဒါဆိုရင်တော့ ကောင်းတာပေါ့ဗျာ"

ရုတ်တရက် ယန်းကျိုကွေက ခေါင်းထောင်လိုက်၏။

သူ့နားထဲတွင် အသံတစ်ခုကြားလိုက်ရသောကြောင့်ဖြစ်၏။

"ရန်သူလာပြီ"

လုကျောင်းသည် ပခုံးတွင်ဒဏ်ရာရထားသော်လည်း ယန်း



ကျိုကွေက ရန်သူလာပြီပြောလိုက်သည်နှင့် ဓားအား ချက်ချင်းဆွဲထုတ်လိုက်၏။

ယန်းကျိုကွေက….

"ကျုပ်နဲ့ရန်ဖြစ်တဲ့လူ(၃)ယောက်ပဲ ဖြစ်မယ်"

လုကျောင်းက….

"သူတို့က ဘယ်သူတွေလဲ"

"ဗျိုင်းညီနောင်သုံးဖော်…."

ထိုနာမည်ကြားလိုက်ရသောအခါ လုကျောင်း၏မျက်နှာကွက်ခနဲ ပျက်သွား၏။

ယန်းကျိုကွေက မီးအိမ်အား ငြိမ်းလိုက်၏။ ရှင်းယုံအားအခန်းတစ်ခုထဲတွင် တံခါးပိတ်နေရန် မှာကြား လိုက်၏။

ညအမှောင်ထဲတွင် တစ်အိမ်လုံး တိတ်ဆိတ်နေ၏။

"ဝုန်း…."

ရုတ်တရက် ပြတင်းပေါက်တံခါးကျိုးပွဲ့ကာ လူတစ်ယောက်ခုန်ဝင်လာ၏။

အမှောင်ထဲတွင်ရပ်နေသောလုကျောင်းသည် ပြတင်းပေါက်မှ ဝင်လာသောလူ၏ အတွင်းအားပညာမှာ အဆင့်မြင့်ကြောင်း သိလိုက်ရ၏။

ပြတင်းပေါက်မှတစ်ဆင့် အလင်းရောင်အချို့ဝင်ရောက်လာ၏။

"ဝေါင်း…."

ရုတ်တရက် ကျားဟိန်းသံထွက်ပေါ်လာ၏။

ယန်းကျိုကွေက ကျားဟန်ဆောင်ကာ ခြောက်လှန့်နေ

ကြောင်း လုကျောင်းက နားလည်လိုက်၏။

ထိုလူက အခန်းထဲမှ ပြန်ပြေးထွက်ရင်း ဝင်လာသူနှစ်ယောက်နှင့်ဆုံမိ၏။

ဗျိုင်းဖြူက....

"ကျား... ကျားသံကြားလိုက်တယ်"

ဗျိုင်းမဲက ခေါင်းခါယမ်းကာ....

"မဖြစ်နိုင်ဘူး... ဒီအိမ်မှာ ဘယ်လိုလုပ်ကျားရှိနိုင်မှာလဲ"

ဗျိုင်းဖြူက....

"အရက်သမားမွေးထားတာ မဖြစ်နိုင်ဘူးလား"

ဗျိုင်းမဲက....

"ဘယ်လိုမှမဖြစ်နိုင်ဘူးကွ... ကျားမွေးတယ်ဆိုရင်တောင် ဘယ်သူက လွတ်လွတ်လပ်လပ် ထားမှာလဲ"

ဗျိုင်းညိုက....

"တောထဲရောက်လာပြီး ခိုအောင်းနေတာကော မဖြစ်နိုင်ဘူးလား"

ဗျိုင်းမဲက....

"မင်းတို့တော်တော် ညံ့တာပဲ... စောစောက မီးရောင်မြင်လိုက်တယ် မဟုတ်လား... အရက်သမားက ငါတို့လာမှန်းသိလို့ ကျားယောင်ဆောင်ထားတာ ဖြစ်မှာပေါ့"

သူတို့သုံးယောက်သည် ကျားဟိန်းသံကြားသည့်အခန်းသို့ ဖြည်းညင်းစွာ လျှောက်သွားကာ....

"မီးအိမ်ထွန်းလိုက်ကွာ"

ဗျိုင်းမဲက မီးအိမ်ထွန်းလိုက်၏။



ထိုအခါ လုကျောင်းအား ရိပ်ခနဲတွေ့မြင်လိုက်သဖြင့် ဗျိုင်းညိုက တိုက်ခိုက်လိုက်၏။

"ဝေါင်း...."

အခန်းထဲမှ ကျားပြေးထွက်လာ၏။

ဗျိုင်းဖြူက နောက်လှည့်ပြေးသော်လည်း ဗျိုင်းညိုနှင့်ဗျိုင်းမဲက ကျားအား ဓားဖြင့်လှမ်းခုတ်လိုက်၏။

"အရက်သမားကျားယောင်ဆောင်တာကို ငါတို့ကကြောက်ရမှာလားကွ"

သူတို့သည် ယန်းကျိုကွေအား ဓားဖြင့် တိုက်ခိုက်လိုက်၏။

ဗျိုင်းဖြူက လုကျောင်းအား တိုက်ခိုက်လိုက်၏။

လုကျောင်းသည် သူတို့တိုက်ခိုက်နေရင်း ရှင်းယုံကို ထိုလူများမြင်သွားမည်ကို စိုးရိမ်သွား၏။

သူက ထိုလူများကိုမြှားခေါ်သည့်အနေနှင့် ပြတင်းပေါက်မှ ခုန်ထွက်လိုက်၏။

ဗျိုင်းဖြူက နောက်မှထက်ကြပ်မခွာလိုက်လာ၏။ အပြင်ဘက်တွင် လရောင်မရှိသော်လည်း တစ်ယောက်နှင့်တစ်ယောက် မြင်ရ၏။

လုကျောင်း၏လက်တွင်ဒဏ်ရာရထားသဖြင့် စိတ်ထင်သလို မတိုက်ခိုက်နိုင်ပါ။

"ဝုန်း...."

ပြတင်းပေါက်မှလူတစ်ယောက် လွင့်စင်လာ၏။

"အင့်...."

ညည်းညူရင်း ထိုလူငြိမ်ကျသွား၏။ တစ်ဆက်တည်းပင်

ပြတင်းပေါက်အပြင်ဘက်သို့ ယန်းကျို ကွေ ခုန်ထွက်လာ၏။

လုကျောင်းမှာ ရင်အေးသွား၏။ ယန်းကျိုကွေနောက်မှ လူတစ်ယောက်ခုန်ထွက်လာ၏။

ဗျိုင်းမဲဖြစ်နေသဖြင့် လဲကျသွားသူမှာ ဗျိုင်းညိုဖြစ်မှန်း သိလိုက်ရ၏။

ယန်းကျိုကွေ၏လက်ထဲတွင် မည်သည့်လက်နက်မှမရှိသော်လည်း သူ၏တိုက်ခိုက်မှုကို လုကျောင်းက ကျိတ်၍ချီးကျူးလိုက်၏။

ယန်းကျိုကွေသည် ဗျိုင်းမဲ၏ ဓားကိုင်ထားသောလက်အား ဖမ်းဆုပ်နိုင်သည်နှင့် ခြေထောက်ကို ဆန့်ထုတ်လိုက်၏။

"ဝုန်း....."

ဗျိုင်းမဲ လွင့်စင်သွား၏။ ယန်းကျိုကွေသည် ဗျိုင်းဖြူထံ လျှောက်လာ၏။

ဗျိုင်းဖြူသည် လုကျောင်းအားတိုက်ခိုက်နေရာမှ ယန်းကျိုကွေအားလှည့်၍ တိုက်ခိုက်လိုက်၏။

ထိုစဉ် ဗျိုင်းမဲက ဗျိုင်းညိုအားထမ်းကာ ခြံစည်းရိုးမှတစ်ဆင့် ပြေးထွက်သွား၏။

ထိုအခါ ဗျိုင်းဖြူကလည်း ယန်းကျိုကွေအား တိုက်ခိုက်ဟန်ပြ၍ နောက်မှပြေးလိုက်သွားလေတော့သည်။

ယန်းကျိုကွေနှင့်လုကျောင်းမှာ ပခုံးဖက်ကာ အိမ်ထဲသို့ပြန်ဝင်လိုက်လေတော့သည်။



ချန်အန်းမြို့တော်သည် ကြီးမားပြီးစည်ကားလှသဖြင့် လူမျိုးအလွှာအသီးသီးရှိ၏။

ထိုလူများထဲတွင် ယန်းကျိုကွေကဲ့သို့ အရက်သမား၊ လုကျောင်းကဲ့သို့ လောင်းကစားသမားများရှိသလို မိန်းမလိုက်စားသူများလည်း ရှိ၏။

တော်တော်များများမှာ အရက်၊ လောင်းကစားနှင့် မိန်းမ,မကင်းကြပါ။

သို့သော် အချို့သည် သာမန်လူများထက် ထူးထူးခြားခြား လိုက်စားကြ၏။

ချန်အန်းမြို့တွင် ယန်းကျိုကွေလောက် အရက်သောက်သူမရှိသလို လုကျောင်းကဲ့သို့လောင်းကစားဝါသနာပါသူ မရှိပါ။

ထို့အတူ သခင်လေးစုံကဲ့သို့ မိန်းမစိတ်ဝင်စားသူလည်း မရှိပါ။

သခင်လေးစုံ....။

သူသည် အလွန်ထူးခြားသောလူဖြစ်၏။ သူ၏မိဘများမှာ အလွန်ပင်ချမ်းကြွယ်ဝကြ၏။

ငယ်စဉ်ကပင် သိုင်းပညာနှင့်စာပေပညာကို သင်ပေးခဲ့၏။

သို့သော် သူ၏ဝါသနာမှာမိန်းကလေး ချောချောလှလှမြင်လျှင် မနေနိုင်မထိုင် တကောက်ကောက် ပိုးပန်းခြင်းဖြစ်၏။

မိန်းကလေးတစ်ယောက်ကိုမျက်စိကျမိလျှင် အနားမှလုံးဝ မခွာတော့ပေ။

ပါးစပ်မှချစ်စကား ကြိုက်စကားများကို အထပ်ထပ် ပြောနေ၏။

ထူးခြားသည်မှာ မိန်းကလေးတစ်ယောက်က သဘောမတူလျှင် သူက လုံးဝမတို့မထိပါ။

သူကြိုက်သောမိန်းကလေးက တောင်းဆိုလျှင် သူ့တွင်ရှိသမျှ ငွေကြေးပစ္စည်းများအား အားလုံးမနှမြောဘဲ ပေး၏။

ထို့ကြောင့်လည်း သူ၏မိဘများမှာ နောက်ဆုံး သူ့အား အိမ်ပေါ်မှ နှင်ချလိုက်၏။

သခင်လေးစုံသည် မိန်းကလေးက သူ့အား မနှစ်သက်၍ အေးအေးဆေးဆေး ဖျောင်းဖျပြောဆိုပါက လက်လျှော့ကာ နောက်ဆုတ်သွား၏။

ထို့အတူ မိန်းကလေးက လက်ထပ်ရန် တောင်းဆိုပါကလည်း နောက်ဆုတ်သွားတတ်၏။

သခင်လေးစုံသည် အသက်(၃၀)နှစ်ခန့်ရှိပြီ ဖြစ်၏။

သူ၏ရုပ်ရည်မှာ ချောမောသန့်ပြန့်သဖြင့် အချို့မိန်းကလေးများက သူ့အား ပြန်ကြိုက်ကြ၏။

သို့သော် သူက ယခုအချိန်ထိ လက်ထပ်ရန် စိတ်ကူးလုံးဝမရှိသေးပေ။



မြေပုံ....။

မြေပုံမှာ အသစ်စက်စက်ဖြစ်ပြီး တူးထားသည်မှာမကြာသေးပေ။

မြေပုံ၏ခြေရင်းတွင် မိန်းကလေးတစ်ယောက်ဒူးထောက်ကာ ငိုကြွေးနေ၏။

"မမ... ကျွန်မတစ်ယောက်တည်း ဘယ်လိုလုပ်နေရမှာလဲရှင်"

မိန်းကလေးမှာ မချိတင်ကဲပြောဆိုကာ ငိုကြွေးနေ၏။

ထိုမိန်းကလေးမှာ သုသာန်တစ်ခုလုံး တိတ်ဆိတ်နေသော်လည်း ကြောက်ရွံ့ခြင်းမရှိဘဲ မြေပုံအားကြည့်ကာ တတွတ်တွတ်ပြောနေ၏။

မြေပုံပေါ်တွင် သစ်သားပြားဖြင့်'ကျင်းယု၊ အသက်၃၀'ဟု ရေးထား၏။ ငိုကြွေးနေသောမိန်းကလေးမှာ ကျင်းစုပင်ဖြစ်၏။

ငိုကြွေးရလွန်းသဖြင့် သူမ၏မျက်လုံးများ မို့မောက်နေ၏။

သူမနောက်တွင် လူတစ်ယောက်ရောက်နေသည်ကို သတိမပြုမိပါ။

ထိုလူသည် အသက်(၃၀)ခန့်ရှိပြီး အဖြူရောင်ဝတ်စုံဝတ်ဆင်ထား၏။ ရုပ်ရည်ခန့်ညား၏။

သူက ငိုကြွေးနေသောကျင်းစုအား ကရုဏာသက်စွာကြည့်

ပြီး....

"ညီမလေး...."

ဟု ညင်သာစွာ ခေါ်လိုက်၏။

ကျင်းစုက မော့ကြည့်လိုက်ရာ ခန့်ညားသည့် ထိုလူအား တွေ့လိုက်ရ၏။

ထိုလူက....

"ညီမလေး... ငိုကြွေးနေလို့လည်း သေသူက ရှင်လာမှာမဟုတ်ဘူး... ညီမတစ်ယောက်တည်း ဒီနေရာမှာ အကြာကြီးနေလို့ မသင့်တော်ဘူး"

ကျင်းစုသည် သူမပြောမှပင် ညနေစောင်းရောက်ပြီကိုသတိပြုမိ၏။

ကျင်းစုက ထိုလူအား မျက်မှောင်ကုတ်ကာ ကြည့်လိုက်၏။

"ဘယ်လိုလူပါလိမ့်... ငါ့လိုပဲသင်္ချိုင်း လာကန်တော့တာလား"

သူမက စိတ်ထဲမှတွေးလိုက်၏။

ထိုလူသည် ကျင်းစုကို မျက်နှာစိုက်ကြည့်နေသဖြင့် သူမက ရုတ်တရက် ထကာ သင်္ချိုင်းထဲမှထွက်လာခဲ့လေတော့သည်။

ကျင်းစုသည် အိမ်တံခါးဖွင့်ကာ ဝင်လိုက်၏။

သူမက ပြတင်းပေါက်တံခါးအားဖွင့်လိုက်ရာ တစ်ကိုယ်လုံးတုန်လှုပ်သွား၏။



စားပွဲတစ်လုံးတွင် လူနှစ်ယောက်ထိုင်နေသည်ကို တွေ့လိုက်ရ၏။

ဇိုင်းဖြူနှင့်ဇိုင်းမဲဖြစ်၏။ သူတို့နှစ်ဦး၏မျက်နှာမှာ တင်းမာခက်ထန်နေ၏။ သူတို့လူ ဇိုင်းညိုသေဆုံးသွားသောကြောင့်ဖြစ်၏။

သူတို့နှစ်ဦးသည် တစ်အိမ်လုံး မွှေနှောက်ကာ အရက်များသောက်ထားသည်ကို တွေ့လိုက်ရ၏။

ကျင်းစုသည် သူတို့အားတွေ့သည်နှင့် တံခါးဖွင့်ကာ ပြေးထွက်ရန် ဟန်ပြင်လိုက်၏။

ဇိုင်းမဲက သူမ၏လက်အား ဖမ်းဆွဲလိုက်၏။

"လွှတ်... လွှတ်"

ကျင်းစုက အော်ဟစ်ကာ ရုန်းလိုက်၏။ ဇိုင်းဖြူထလာကာ သူမ၏ပါးစပ်အားပိတ်ကာ သိုင်းဖက်လိုက်၏။

"ဟား... ဟား... ဟား"

သူတို့သည် အားရပါးရရယ်မောလိုက်၏။

ဇိုင်းမဲက သူမ၏အင်္ကျီအား ဖြဲဆုတ်လိုက်၏။

"အင့်... အူး...."

ကျင်းစုက အော်သော်လည်း ပါးစပ်ပိတ်ထားသဖြင့် အသံထွက်မလာပါ။

ဇိုင်းမဲက အင်္ကျီအား ဆောင့်ဖြဲရာအတွင်းခံအင်္ကျီ အထင်းသားပေါ်လာ၏။

"ဟား... ဟား... ဟား"

ဇိုင်းဖြူက သူမအား သိုင်းဖက်ရင်း အော်ရယ်လိုက်၏။ ရယ်မောရင်း ရုတ်တရက် ရယ်သံရပ်တန့်သွား၏။

အကြောင်းမှာ သူ၏ပါးစပ်ထဲသို့ မာကျောသောအတုံးလေးများ ဝင်သွားသောကြောင့်ဖြစ်၏။

"ထွီ...."

ဖျိုင်းဖြူက ထွေးထုတ်လိုက်၏။ သူက မျက်လုံးပြူးသွား၏။

အကြောင်းမှာထွေးလိုက်သောအခါ သူ၏ရှေ့သွားနှစ်ချောင်းပါ ပြုတ်ထွက်သွားသောကြောင့်ဖြစ်၏။

တစ်စုံတစ်ယောက်က လက်နက်ပုန်းဖြင့် ပစ်လိုက်ခြင်းဖြစ်၏။

"ဟေ့... ဘယ်သူလဲကွ... ခိုးကြောင်ခိုးဝှက် လုပ်...."

"ထောက်...."

သူက စကားကိုဆုံးအောင်မပြောနိုင်ပါ။ သူ့မျက်လုံးအားထိမှန်သွားပြန်၏။

"ထောက်... ထောက်"

လက်နက်ပုန်းလေးများသည် ဖျိုင်းဖြူနှင့်ဖျိုင်းမဲ၏မျက်လုံးများဆီသို့ တန်းတန်းမတ်မတ် ဝင်သွား၏။

"အား... အား..."

နာကျင်သဖြင့် အော်လိုက်သောအခါ ပါးစပ်ထဲဝင်သွားပြန်၏။

"ထောက်... ထွီ...."

ဖျိုင်းမဲ၏ရှေ့သွားတစ်ချောင်း ကျိုးသွားပြန်၏။



ထိုစဉ်....

"ဝှီး... ဝှီး...."

ပျားအော်သံများကြားရပြီး သူတို့၏ခန္ဓာကိုယ်အနှံ့တွင် ပျားတုပ်သကဲ့သို့ ခံစားလိုက်ရ၏။

"အား...."

"အား...."

ဖျိုင်းဖြူနှင့်ဖျိုင်းမဲမှာ အပြင်သို့ပြေးထွက်လိုက်၏။

ဆိုင်ပြင်ရောက်မှမကျေနပ်ဘဲ လှည့်ကြည့်လိုက်ရာ....

"ထောက်... ထောက်...."

ချွန်ထက်သောအပ်ကလေးများက သူတို့၏မျက်နှာသို့စိုက်မိကာ တစ်ကိုယ်လုံး ယားယံလာ၏။

ဖျိုင်းဖြူနှင့်ဖျိုင်းမဲမှာ မနေနိုင်တော့ဘဲ တစ်ချိုးတည်း လှည့်ပြေးရလေတော့သည်။

"ဟား... ဟား... ဟား"

ထမင်းဆိုင်ထောင့်တစ်နေရာမှ ရယ်သံထွက်ပေါ်လာ၏။

ကျင်းစုသည် အခန်းထဲပြေးဝင်ကာ အကျီဝတ်လိုက်၏။

ထိုစဉ် ထမင်းချက်ခန်းထဲမှလူတစ်ယောက်ထွက်လာ၏။

ထိုလူအား တွေ့မြင်ရသောအခါ ကျင်းစုက အံ့အားသင့်သွား၏။

ထိုလူမှာ သုသာန်တွင်တွေ့ခဲ့ရသောလူဖြစ်၏။

ထိုလူမှာ သခင်လေးစုံပင်ဖြစ်၏။

သခင်လေးစုံက သူမအား စိုက်ကြည့်ကာ....

"ညီမလေးက ကိုယ်လုံးသိပ်လှတာပဲ"

"အို...."

ကျင်းစု၏မျက်နှာနီရဲကာ ခေါင်းငုံ့သွား၏။ သူမ၏အဝတ်အစားများ စုတ်ဖြဲခံရသည်ကို ထိုလူတွေ့သွားပြီ မဟုတ်ပါလား။

သခင်လေးစုံက....

"မရှက်ပါနဲ့ကွယ်... ကျုပ်တော့ ညီမလေးကိုကြိုက်သွားပြီ"

"ရှင် ဘယ်လိုလူလဲ... ပါးစပ်ရဲလှချည်လား"

သခင်လေးစုံက သူမအနားတွင် ရပ်တန့်ကာ စိုက်ကြည့်နေ၏။

ကျင်းစုမှာ မျက်နှာတစ်ခုလုံးနီရဲကာ ဘာလုပ်ရမှန်းမသိပေ။

သခင်လေးစုံက ကုလားထိုင်တွင်ထိုင်ကာ သူမအား သေသေချာချာပင် စိုက်ကြည့်နေ၏။

"ညီမ... ကျုပ်ကိုလက်ထပ်ပါလား... မဟုတ်ဘူး... ကျုပ်ကို ပြန်ချစ်ပါလား"

"ရှင်...."

"ရှင်ဆိုတာ အဖြေစကားမဟုတ်ဘူး... ချစ်ရင်ချစ်တယ်... မချစ်ရင် မချစ်ဘူးပေါ့"

ကျင်းစုသည် သခင်လေးစုံအား ကြည့်လိုက်၏။ သခင်လေးစုံမှာ ရုပ်ရည်ချောမောပြီး အပြစ်ဆိုစရာမရှိပေ။

အဖိုးတန်အဝတ်အစားများ ဝတ်ဆင်ထားသဖြင့် သူဌေးသားတစ်ယောက်နှင့် တူ၏။



သူဌေးသားများသည် မိမိတို့လို ဆင်းရဲသူများကို အတည်တကျ လက်ထပ်လိမ့်မည်ဟု မထင်ပေ။

"ရှင် ဘယ်လိုလူလဲ... အခုပဲတွေ့တဲ့လူကို ကျွန်မက အခုပဲ ချစ်ရတော့မှာလား"

သခင်လေးစုံက ပြုံးကာ....

"ဒါဖြင့် အခုမကြိုက်ဘူး... နောက်မှကြိုက်မယ်ပေါ့"

"အခုလဲ မကြိုက်ဘူး... နောက်လည်း မကြိုက်ဘူး... ရှင်းရှင်းပြောရရင် ရှင် အခုထွက်သွားပါ"

သခင်လေးစုံက ရုတ်တရက် သူမလက်ကိုဆုပ်ကိုင်လိုက်၏။

"အို... ဘာလုပ်တာလဲ... လွှတ်ပါ"

ကျင်းစုက အတင်းရုန်းလိုက်၏။ သို့သော် သခင်လေးစုံက ခပ်သာသာ ကိုင်ထားခြင်းဖြစ်သော်လည်း သူမက မည်သို့မျှ ရုန်းမရပါ။

သခင်လေးစုံက....

"ဘာဖြစ်လို့ အတင်းရုန်းနေရတာလဲ... လက်ကလေးကိုင်လို့ ညီမ ဘာမှဖြစ်မသွားပါဘူး"

"ကျွန်မမှာ ဒီလောက်ဒုက္ခရောက်နေတာ... ရှင်က ဒီလိုစကားလာပြောရက်တယ်"

သခင်လေးစုံက ရယ်မောလိုက်၏။

"ခက်လိုက်တာ ညီမရယ်... သေတဲ့လူကသေသွားပြီပဲ... မင်းဆီပြန်လာနိုင်မှာမှမဟုတ်တော့တာ... ကျုပ်က ဒီအချိန်မှာ ချစ်စကားကြိုက်စကားပြောတော့ စိတ်အပြောင်းအလဲဖြစ်တာပေါ့... မဟုတ်ဘူးလား"

ကျင်းစုက သက်ပြင်းတစ်ချက်ချလိုက်၏။ ထိုလူမှာ ဖျိုင်းဖြူနှင့် ဖျိုင်းမဲကဲ့သို့ မဟုတ်၍ တော်သေးသည်ဟု တွေးမိ၏။

"ကျွန်မ စိတ်ရှုပ်နေလို့ပါ... တောင်းပန်ပါတယ်ရှင်"

သခင်လေးစုံက လက်လွှတ်ပေးကာ ဆက်ထိုင်နေလေတော့သည်။

⁂

ကျင်းစုသည် စိတ်ရှုပ်စွာ အခန်းထဲသို့ဝင်လိုက်၏။

သူမသည် အစ်မဖြစ်သူသေဆုံးသွားပြီဖြစ်၍ တစ်ယောက်တည်း မည်သို့ရပ်တည်ရမည်ကို စဉ်းစား၍ပင်မရပါ။

ချန်အန်းမြို့တွင် အသိမိတ်ဆွေအနည်းငယ်ရှိသော်လည်း ဆွေမျိုးသားချင်းမရှိပါ။

သူမသည် ယန်းကျိုကွေ၏မျက်နှာကိုမြင်ယောင်လာ၏။

ယန်းကျိုကွေသည် သူမအား စောင့်ရှောက်ပါမည်လော။

သူမက ယန်းကျိုကွေထံသွားရန် စဉ်းစားကာ အပြင်ဘက်မှ သခင်လေးစုံကို ချောင်းကြည့်လိုက်၏။

သခင်လေးစုံမှာ ထိုင်ခုံတွင် ထိုင်စောင့်နေဆဲဖြစ်၏။

ကျင်းစုက သက်ပြင်းချလိုက်၏။ သခင်လေးစုံ တစ်ညလုံး ပြန်မည်မဟုတ်မှန်း နားလည်လိုက်၏။

သူမက ဘာလုပ်ရမှန်းမသိပါ။ သူ့ကယ်တင်သောကြောင့် သူမ ဖျိုင်းဖြူနှင့်ဖျိုင်းမဲလက်ထဲမှ လွတ်မြောက်ခြင်းဖြစ်၏။

သူမက သခင်လေးစုံအား ကျေးဇူးတင်မိသော်လည်း ချစ်စ



ကားကြိုက်စကားပြောနသည်ကို စိတ်ပျက်မိ၏။

ကျင်းစုက ရုတ်တရက် ဆုံးဖြတ်ချက်ချကာ အိမ်နောက်ဖေးဘက်မှထွက်ကာ ယန်းကျိုကွေထံသွားလေတော့သည်။

⁂

ယန်းကျိုကွေမှာ အရက်သောက်နေ၏။

လုကျောင်းကလည်း တစ်ယောက်တည်း ဂျင်လှည့်နေ၏။

ပါးစပ်မှလည်း တစ်ယောက်တည်း အလောင်းအစားလုပ်နေ၏။

ရှင်းယုံသည် သူတို့နှစ်ယောက်အားကြည့်ကာ စိတ်ပျက်နေ၏။

သို့သော် သူတို့တွင် ချီးကျူးစရာကောင်းသော အချက်များရှိ၏။

ယန်းကျိုကွေသည် အရက်ကိုအလွန်အကျွံသောက်သော်လည်း သူတစ်ပါးကိုဒုက္ခမပေးပေ။

သူတစ်ပါးပစ္စည်းကိုခိုးယူခြင်း၊ လုယက်ခြင်းမရှိပေ။

လုကျောင်းမှာလည်း လောင်းကစားဝါသနာပါသော်လည်း အခြားလူများအား လိမ်ညာခြင်းမရှိပေ။ တာဝန်ကျေကာ ကတိတည်၏။

ရှင်းယုံသည် သူတို့နှစ်ယောက်အား ကြည့်ကာ မိမိဘဝကို ပြန်တွေးမိ၏။

ယခုဆိုလျှင် ယန်းကျိုကွေသည် ဦးလေးရှင်း၏အိမ်ကို မိမိ

အား ပြန်ပေးပြီဖြစ်၏။

မိမိက မိခင်ထံမှငွေတောင်းပြီး လုပ်ငန်းလုပ်ရန်ဖြစ်၏။ သူမ စိုးရိမ်သည်မှာ ရဲလောင်ဟို နှောင့်ယှက်မည်ကိုဖြစ်၏။

ရဲလောက်ဟိုသည် သူမထက် ငယ်ရွယ်ချောမောသည့် မိန်းကလေး(၁၀)ယောက်အား တစ်ပြိုင်တည်း ယူနိုင်သော်လည်း မိမိကိုသာ နှောင့်ယှက်နေသဖြင့် စဉ်းစား၍မရအောင် ဖြစ်နေ၏။

ရဲလောက်ဟိုသည် ငွေကြေးသြဇာရှိ၏။ သို့သော် တခြားမိန်းကလေးများကိုမယူဘဲ မိမိကိုသာ လိုချင်သည်ဟု သူ၏တပည့်များကိုပြောနေသည်ကို သူမကိုယ်တိုင် ကြားခဲ့၏။

ထို့ကြောင့် ရဲလောက်ဟိုအား မျက်နှာမကြည့်ချင်တော့သဖြင့် ယခုကဲ့သို့ ထွက်လာခြင်းဖြစ်၏။

အကယ်၍ သူမက လုပ်ငန်းလုပ်လျှင်လည်း ရဲလောက်ဟိုက ဒုက္ခပေးမည်မှာ သေချာ၏။

သူမ ဘာဆက်လုပ်သင့်သည်ကို တွေးနေစဉ်မှာပင် လုကျောင်းထံမှအသံများ ထွက်ပေါ်လာသည်ကိုကြားလိုက်ရလေတော့သည်။

"မင်းလာတာ အတော်ပဲ… ကျုပ်နဲ့တစ်ပွဲလောက် ကစားပါလား"

ရှင်းယုံက နားစွင့်လိုက်ရာ မိန်းကလေးတစ်ယောက်၏ မောဟိုက်နေသောအသံကို ကြားလိုက်ရ၏။



"ကျွန်မ ကစားဖို့လာတာမဟုတ်ဘူး"

"မင်းနိုင်ရင် ကျုပ်က နှစ်ဆလျော်ပေးပါ့မယ်"

"ကျွန်မက အစ်ကိုယန်းကျိုကွေနဲ့တွေ့ချင်လို့ပါ… သူ ရှိလား"

လုကျောင်းက….

"အဲဒီအရက်သမားကို ထားလိုက်စမ်းပါ… ငါးရှဉ့်ယူမလား… ဝက်ယူမလား… ငါ နှစ်ဆလျော်ပေးပါ့မယ်"

ထိုမိန်းကလေးမှာ ကျင်းစုဖြစ်၏။ သူမသည် ယနေ့မည်ကဲ့သို့သော လူများနှင့်တွေ့နေရသနည်းဟု တွေးကာ သက်ပြင်းချလိုက်၏။

ထိုစဉ် ရှင်းယုံထွက်လာကာ….

"အစ်မက ဘယ်သူနဲ့တွေ့ချင်လို့လဲ"

ရှင်းယုံအား ကြည့်ကာ ကျင်းစုမျက်နှာတစ်မျိုးဖြစ်သွား၏။ ယန်းကျိုကွေအား မတွေ့ရဘဲ လူစိမ်းများကိုသာတွေ့နေရသဖြင့် ရင်ထိတ်သွား၏။

"ဟို… အစ်ကိုယန်းကျိုကွေ မရှိဘူးလား"

ရှင်းယန်သည် ကျင်းစုအား အကဲခတ်လိုက်၏။

ကျင်းစု၏မျက်နှာတွင် သောကအရိပ်အယောင်များတွေ့လိုက်သဖြင့် ယန်းကျိုကွေ ဘာလုပ်လို့ပါလိမ့်ဟုတွေးနေစဉ် လုကျောင်းက….

"အတော်ပဲ… မင်းတို့နှစ်ယောက်ရှိတယ်ဆိုရင် ကစားလို့ကောင်းသွားပြီ"

ရှင်းယုံက လုကျောင်းအား မျက်စောင်းထိုးကာ….

"လာ... မမ"

သူမက ယန်းကျိုကွေ့ အရက်သောက်နေသောအခန်းသို့ ခေါ်သွားလိုက်၏။

ကျင်းစုသည် ယန်းကျိုကွေ့အား တွေ့မြင်လိုက်သည်နှင့်အခန်းထဲ ခပ်သွက်သွက်ဝင်ကာ....

"အစ်ကိုယန်း...."

ယန်းကျိုကွေ့က ကျင်းစုအား မော့ကြည့်လိုက်၏။ ကျင်းစု အကြွေးလာတောင်းခြင်းလားဟု ထင်မိ၏။

"ထမင်းဖိုးလာတောင်းသလား"

ကျင်းစုမှာ မျက်နှာနီရဲသွား၏။

"ဒီလိုအချိန်မှာ ကျွန်မက အကြွေးလာတောင်းပါ့မလား... အစ်ကို့ဆီကလည်း ရစရာမရှိပါဘူး"

ယန်းကျိုကွေ့က စားပွဲအောက်မှအရက်အိုးသစ်ကို စားပွဲပေါ်သို့တင်လိုက်၏။

"မင်းမှာ တခြားကိစ္စရှိသေးတယ်... ဟုတ်လား... ထိုင်ပါဦး"

ကျင်းစုက အခန်းဝမှရှင်းယုံအား တစ်ချက်ကြည့်လိုက်၏။ ရှင်းယုံက အလိုက်သိစွာပင် ချာခနဲလှည့်ထွက်သွား၏။

ကျင်းစုက ယန်းကျိုကွေ့ရှေ့တွင် ဝင်ထိုင်လိုက်၏။

ယန်းကျိုကွေ့က ကျင်းစုရှေ့သို့ဝင်ထိုင်လိုက်၏။ ယန်းကျိုကွေ့က ကျင်းစုရှေ့သို့ အရက်တစ်ခွက်ငှဲ့ပေးကာ ....

"သောက်ပါ... ကျုပ်မှာတော့ အရက်ပဲဧည့်ခံစရာရှိတယ်"

ကျင်းစုမှာ စိတ်ရှုပ်သွား၏။ သူမ ယနေ့တွေ့ကြုံရသမျှကို ပြန်တွေးကာ ရှုးချင်နေ၏။



ယန်းကျိုကွေ့က သူမ မျက်နှာကိုကြည့်ကာ....

"မင်းမျက်နှာလည်း မကောင်းဘူး... ဘာဖြစ်လို့လဲ"

ကျင်းစုက....

"ဟိုနေ့က အစ်ကိုနဲ့ရန်ဖြစ်တဲ့လူတွေ ကျွန်မ အစ်မကို သတ်သွားတယ်"

"ဗျာ...."

ယန်းကျိုကွေ့မှာ မျက်လုံးပြူးသွား၏။

သူက ဗျိုင်းညီနောင်သုံးဖော်အားတိုက်ခိုက်ပြီး ထွက်လာသော်လည်း နောက်ကွယ်တွင် ဘာဖြစ်မှန်းမသိပေ။

ကျင်းစုက အဖြစ်အပျက်အလုံးစုံအား ပြန်ပြောပြလိုက်၏။

ယန်းကျိုကွေ့သည် မိမိကြောင့် ကျင်းယုသေဆုံးရသဖြင့် စိတ်မကောင်းပေ။ သူက အလွန်ပင် စိတ်ထိခိုက်ကာ ခေါင်းငိုက်စိုက်ကျသွား၏။

"ကျုပ် လုံးဝမသိဘူးဗျာ... သူတို့က ဒီလောက်ရက်စက်မယ်လို့ မထင်မိဘူး"

"ဒါ သက်သက်ရိုင်းစိုင်းတာပဲ"

ကျင်းစုက....

"အခုလည်း သူတို့က ကျွန်မကိုဇော်ကားဖို့ကြိုးစားတယ်... လူတစ်ယောက်ဝင်ကယ်လို့ ကျွန်မ ကံကောင်းတာ"

သူမက သခင်လေးစုံနှင့်တွေ့ကြုံခဲ့ရသည်များကို ပြန်ပြောလိုက်၏။

ယန်းကျိုကွေ့သည် အံတင်းတင်းကြိတ်ကာ....

"ကျုပ်ထင်တာမမှားရင် သူတို့ ဒီညရောက်လာဦးမှာပဲ...

တွေ့ကြသေးတာပေါ့... မင်းအစ်မအတွက် လက်စားချေပေးပါ့မယ်"

ထိုစဉ် ပြတင်းပေါက်မှလူတစ်ယောက်၏မျက်နှာထွက်ပေါ်လာ၏။

ကျင်းစု၏မျက်လုံးအစုံ ဝိုင်းစက်ပြူးကျယ်သွား၏။

"ရှင်... ရှင်...."

ပြတင်းပေါက်မှလူက....

"ဟုတ်ပါတယ်... သခင်လေးစုံပါဗျာ... မင်းကပျောက်သွားလို့ ကျုပ်က မနေတတ်မထိုင်တတ်ဖြစ်လာလို့ လိုက်ရှာရတာပါ"

ကျင်းစုမှာ ကြက်သေသေသွားလေတော့သည်။

## ရန်သူများနှင့်လူထူးဆန်းများ

ယန်းကျိုကွေက အရက်ခွက်ကိုချကာ သခင်လေးစုံကို ကြည့်လိုက်၏။

သခင်လေးစုံက မည်သူ့ကိုမှဂရုမစိုက်ဘဲ ကျင်းစုအနီးတွင် ဝင်ထိုင်လိုက်၏။

"တကယ်ဆို မင်း ငါ့ကိုချစ်သင့်ပါတယ်... ငါက လူကောင်းတစ်ယောက်ပါ"

ကျင်းစုက ခေါင်းခါယမ်းကာ အော်လိုက်၏။

"မသိဘူး... ကျွန်မ ရှင့်ကိုမချစ်ဘူး"

သူမ၏အော်သံကြောင့် လုကျောင်းနှင့်ရှင်းယုံက အခန်းထဲပြေးဝင်လာ၏။

သူတို့သည် ကျင်းစုနှင့် နောက်ထပ်ရောက်လာသောလူကိုမသိသဖြင့် ယန်းကျိုကွေနှင့် မည်သို့ပတ်သက်သည်ကို စောင့်ကြည့်နေ၏။

ယန်းကျိုကွေက ကျင်းစုအား ညွှန်ပြကာ....

"သူက ထမင်းဆိုင်ပိုင်ရှင်ပါ... ကျုပ်ကိစ္စနဲ့ပတ်သက်ပြီး ရန်

သူတွေက သူ့အစ်မကိုသတ်သွားတယ်… ဒီလူကိုတော့ ကျုပ် မသိဘူး”

သခင်လေးစုံက….

“ကျုပ်က သခင်လေးစုံဗျ… ခင်ဗျားတို့ဆီလာတာမဟုတ်ဘူး… ဒီညီမလေးကိုချစ်လို့ လိုက်ရှာနေတာဗျ”

ကျင်းစု၏မျက်နှာနီရဲလာကာ….

“ရှင် ဘာစကားတွေပြောနေတာလဲ… မိန်းကလေးတစ်ယောက်ကိုချစ်တယ်ဆိုပြီး အမျိုးမျိုးလိုက်နှောင့်ယှက်နေတာလား”

“ဒါတော့ ကျုပ် မသိဘူး… ကျုပ်က ညီမလေးနားမှာနေရတာကို ကျေနပ်လို့ပါ”

ယန်းကျိုကွေက မကြားဟန်ပြုကာ အရက်အားတစ်ခွက်ပြီးတစ်ခွက် သောက်နေ၏။

ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက် အမှောင်ထုကိုသာကြည့်နေ၏။

လုကျောင်းက….

“ခင်ဗျားက လောင်းကစားကော ဝါသနာမပါဘူးလား… ကျုပ်တို့ကစားကြမယ်လေ”

သခင်လေးစုံက ခေါင်းခါယမ်းလိုက်၏။

“မကစားဘူး… ကျုပ်က မိန်းကလေးတွေရဲ့အလှအပကိုပဲ စိတ်ဝင်စားတယ်”

သူက ယခုမှ ရှင်းယုံအား သတိပြုကြည့်မိကာ….

“ဟာ… ဒီကညီမကလည်း တော်တော်လှတာပဲ”

ရှင်းယုံက မျက်လုံးပြူးသွား၏။



“ဟင်… ရှင် ဘယ်လိုလူစားလဲ… မိန်းကလေးမြင်တိုင်း ဒီလိုပဲ ပြောနေတာပဲလား”

သခင်လေးစုံက….

“မဟုတ်ဘူး… ကျုပ်က မျက်စိထဲမှာ လှလို့လှတယ်ပြောတာပါ… ညီမမှာ လက်ထပ်ရမယ့်လူမရှိရင် ကျုပ်ကိုချစ်ပါလားဗျာ”

ကျင်းစုသည် သခင်လေးစုံမှာ ရှင်းယုံဘက်လှည့်သွားပြီဖြစ်၍သက်ပြင်းချကာ ပြုံးလိုက်၏။

လုကျောင်းက သူ့ရှေ့တွင်ရပ်ကာ….

“ဟေ့လူ… ခင်ဗျား ရှုံးများရှုံးနေသလား”

သခင်လေးစုံက….

“ခင်ဗျားက ကျုပ်ကိုရှုံးတယ်လို့ထင်နေလို့လား”

“ဟုတ်တယ်… ခင်ဗျား အခုချက်ချင်း ထွက်သွားစမ်း”

လုကျောင်းမှာပြောနေရင်း ရပ်သွား၏။

အကြောင်းမှာ တံခါးပေါက်ဝတွင် လူနှစ်ယောက်ရပ်နေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်၏။

ဗျိုင်းဖြူနှင့်ဗျိုင်းမဲသည် တံခါးဝတွင် ရပ်နေ၏။

သူတို့က ဗျိုင်းညီအတွက် လက်စားချေရန် ယန်းကျိုကွေထံ ရောက်လာခြင်းဖြစ်၏။

ယန်းကျိုကွေသည် ထိုလူနှစ်ယောက်အားတွေ့မြင်လိုက်ရသောအခါ ဒေါသခြောင်းခြောင်းထွက်မိ၏။

ကျင်းယုအတွက် ကလဲ့စားချေရမည်မဟုတ်ပါလား။

သခင်လေးစုံက ထိုလူနှစ်ယောက်အားကြည့်ကာ....

“ဒီနှစ်ယောက်ကျန်တဲ့သွားတွေ ပြုတ်ချင်လို့လိုက်လာတာ ထင်တယ်”

သူကပြောပြီး ဗျိုင်းဖြူနှင့်ဗျိုင်းမဲရှေ့တွင် ရပ်တန့်လိုက်၏။

ဗျိုင်းဖြူနှင့်ဗျိုင်မဲမှာ သခင်လေးစုံအား တွေ့မြင်ရသောအခါ မျက်နှာကွက်ခနဲပျက်သွားကြ၏။

သခင်လေးစုံက....

“လိုက်လာမှတော့ ခင်ဗျားတို့သွားတွေ အားလုံးပြုတ် အောင်လုပ်ပေးရမှာပေါ့”

သူက ရင်ဘတ်ထဲမှတစ်စုံတစ်ရာအား နှိုက်ယူလိုက်၏။

ဗျိုင်းဖြူနှင့်ဗျိုင်းမဲမှာ ချက်ချင်းပင် နောက်ကြောင်းလှည့် ကာ ထွက်ပြေးသွား၏။

ယန်းကျိုကွေမှာ အံ့အားသင့်နေ၏။

ထိုလူနှစ်ယောက်၏သိုင်းပညာမှာ အဆင့်မနိမ့်ဘဲ သခင် လေးစုံအား ကြောက်ရွံ့ကာ ထွက်ပြေးသဖြင့် သခင်လေးစုံ၏ လက် နက်ပုန်းပစ်ပညာ မည်မျှအဆင့်မြင့်မည်ကို တွေးနေ၏။

ဗျိုင်းဖြူနှင့်ဗျိုင်းမဲထွက်သွားသည်နှင့် ဝင်လာသောလူ(၃) ယောက်နှင့် တွေ့လိုက်ရ၏။

ထိုလူများမှာ ရှင်းယုံအား ရှာဖွေနေသော ကျားကြီးတဟူတို့ ဖြစ်၏။

ကျားကြီးတဟူတို့(၃)ယောက်သည် ဗျိုင်းဖြူနှင့်ဗျိုင်းမဲအား တွေ့လိုက်ရသောအခါ ရုတ်တရက် ဓားများဆွဲထုတ်ကာ တိုက်ခိုက်



လိုက်၏။

ထိုအခါ ဗျိုင်းဖြူနှင့်ဗျိုင်းမဲကလည်း ထိုလူများမှာ ယန်းကျို ကွေ၏လူများဟုထင်ကာ ပြန်လည်တိုက်ခိုက်လိုက်၏။

ခြံဝင်းထဲအားကြည့်ကာ လုကျောင်းက ရှင်းယုံကိုပြုံးပြ လိုက်၏။

“ကျားကြီးတို့ရောက်လာပြန်ပြီ... ဒီတစ်ခါတော့ ကျုပ် မ ညှာနိုင်တော့ဘူး”

ယန်းကျိုကွေက....

“ဟုတ်တယ်... ရန်သူတွေက တဖြည်းဖြည်း အတင့်ရဲလာ တယ်... အားလုံးကိုတိုက်ထုတ်ပစ်မှဖြစ်မယ်”

ထိုအချိန်တွင် ခြံဝင်းထဲမှလူ(၅)ယောက်မှာ ဘုမသိဘမသိ နှင့် အထင်မှားကာ တိုက်ခိုက်နေကြ၏။

ဗျိုင်းညီနောင်က တိုက်ခိုက်ရင်း အပြင်ဘက်သို့ပြေးထွက် သွားကြ၏။

ယန်းကျိုကွေက ဗျိုင်းဖြူနှင့်ဗျိုင်းမဲနောက်သို့ပြေးလိုက်သွား လေတော့သည်။

ကျားကြီးတဟူနှင့်ပါလာသူမှာ လူသစ်နှစ်ယောက်ဖြစ်၏။

သူတို့သုံးယောက်အိမ်ထဲမဝင်နိုင်စေရန် လုကျောင်းက အ ပြင်ထွက်ရင်ဆိုင်လိုက်၏။

ရှင်းယုံနှင့်ကျင်းစုက တံခါးပိတ်၍ ပုန်းနေရာ သခင်လေးစုံ

က....

"ညီမတို့ပုန်းမနေနဲ့... အေးအေးဆေးဆေး နေပါ... ရန်သူဝင်လာရင် ကျုပ် ကာကွယ်ပေးပါ့မယ်"

ကျင်းစုက သခင်လေးစုံအား ယုံကြည်သော်လည်း ရှင်းယုံက.....

"ရှင်က ရန်သူကိုမကြောက်ရင် သွားတိုက်ပေးပါလား"

သခင်လေးစုံက....

"အဲ့ဒီရန်သူတွေက ဘယ်သူတွေလဲ ကျုပ် မသိဘူး... ကျုပ်က မဆိုင်တဲ့ကိစ္စတွေမလုပ်ဘူး ညီမလေးရဲ့...."

ရှင်းယုံက....

"သူတို့က ကျွန်မကိုဒုက္ခပေးနေတဲ့ရန်သူတွေပါ... အစ်ကိုလုကျောင်းက ကျွန်မကိုကာကွယ်ပေးနေတာ"

သခင်လေးစုံက ထရပ်လိုက်၏။

"သူတို့က ညီမကိုဒုက္ခပေးတဲ့ရန်သူ ဟုတ်လား"

သူက တံခါးဖွင့်ကာ အပြင်ထွက်လိုက်၏။ အပြင်ဘက်တွင် ကျားကြီးတဟူနှင့်လုကျောင်းတို့ တိုက်ခိုက်နေ၏။

သခင်လေးစုံသည် မည်သည့်လက်နက်မှမပါဘဲ တိုက်ပွဲအတွင်းသို့ခုန်ဝင်လိုက်၏။ သူက လွှားခနဲမြင့်မားအောင် ခုန်လိုက်၏။

ကျားကြီးတဟူက ဓားဖြင့်ဆီးခုတ်လိုက်သော်လည်း မထိပေ။

လုကျောင်းမှာအားတက်လာသဖြင့် တိုက်ကွက်မှာ သွက်လက်လာ၏။

သခင်လေးစုံသည် ရန်သူများအား ပေါ့ပေါ့တန်တန် သဘောထားမိ၏။



အသေအချာတိုက်ခိုက်မှ ရန်သူ၏သိုင်းပညာ အဆင့် မနိမ့်မှန်းသိလိုက်၏။

သူက ပေါ့ပေါ့တန်တန် သဘောမထားဝံ့တော့ဘဲ ကျားကြီးအား ကြည့်ကာ....

"ခင်ဗျားက သိုင်းပညာမဆိုးဘူး"

ကျားကြီးတဟူက....

"မင်းက ရှင်းယုံနဲ့ဘယ်လိုပတ်သက်လို့လဲ... ငါ့အလုပ်ကိုဝင်ရှုပ်ရင် ငရဲပြည်ကိုသွားရမယ်"

"ခင်ဗျားက တော်တော်လေကြီးတာပဲ... ခင်ဗျားရဲ့ပညာလေးတစ်ကွက်လောက် ချီးမြှင့်ပေးပါလား"

ကျားကြီးတဟူက....

"မင်းက ကျားကြီးတဟူအကြောင်း မသိဘူးလား"

သခင်လေးစုံက မျက်ခုံးပင့်သွား၏။ ကျားကြီးတဟူမှာ ကျုံ့ကွမ်းနယ်တွင် နာမည်ကျော်ကြား သူတစ်ယောက်ဖြစ်၏။

"သြော်... ခင်ဗျားက နာမည်ကြီးပဲ... နေပါဦး... ခင်ဗျားက ရှင်းယုံ...."

ကျားကြီးတဟူက... ကြားဖြတ်ပြောလိုက်၏။

"ရှင်းယုံကိုခေါ်ဖို့က ငါ့တာဝန်ပဲ... ကဲ... စကားမရှည်နဲ့...."

သူကပြောပြီး သခင်လေးစုံအား စတင်တိုက်ခိုက်လိုက်၏။

သခင်လေးစုံက ပြန်လည်တိုက်ခိုက်လိုက်၏။ ရုတ်တရက် သခင်လေးစုံ၏လက်ဝါးက ကျားကြီးတဟူ၏ ကျောပြင်အား ထိထိမိမိ ရိုက်ချမိ၏။

"အင့်...."

ကျားကြီးတဟူ၏ပါးစပ်ထဲမှ သွေးများ အန်ထွက်လာ၏။

သခင်လေးစုံ၏လက်ဝါးရိုက်ချက်မှာ အလွန်ပြင်းထန်လှ၏။

ထိုအချိန်တွင် လုကျောင်းလက်ချက်ဖြင့် ကျားကြီးတဟူ၏ လူနှစ်ယောက်မှာ လဲကျသွား၏။

"မင်းတို့သတိထားနေကြပါ"

ကျားကြီးတဟူက ကြိမ်းမောင်းကာ ခြံထဲမှပြေးထွက်သွား၏။

လုကျောင်းနှင့်သခင်လေးစုံသည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ပြုံးလိုက်၏။

ထို့နောက် အလောင်းနှစ်လောင်းအား ခြံပြင်သို့ထမ်းထုတ်သွားလေတော့သည်။

ကောင်းကင်ပေါ်တွင် လတစ်ဝက်ရှိနေ၏။

ယန်းကျိုကွေသည် ဗျိုင်းဖြူနှင့်ဗျိုင်းမဲအား အပြီးသတ်တိုက်ခိုက်ရန် နောက်မှပြေးလိုက်သွား၏။

ချန်အန်းမြို့၏တောင်ဘက်တွင် တောအုပ်တစ်ခုရှိ၏။

ဗျိုင်းဖြူနှင့်ဗျိုင်းမဲသည် ထိုတောအုပ်ထဲ ပြေးဝင်သွားသဖြင့် ယန်းကျိုကွေက နောက်မှပြေးလိုက်သွား၏။

အမှန်တော့ သူပါလာမှန်းသိသဖြင့် ဗျိုင်းဖြူနှင့်ဗျိုင်းမဲက မျှားခေါ်သွားခြင်းဖြစ်၏။



တောစပ်သို့ရောက်သည်နှင့် ယန်းကျိုကွေမှာ မျက်ခြေပြတ်သွား၏။ သူက တောလမ်းအတိုင်း ပြေးဝင်သွား၏။

ထိုအခါ တစ်နေရာတွင် ပုန်းအောင်းနေသော ဗျိုင်းညီနောင်နှင့်လွဲသွား၏။

ယန်းကျိုကွေက ခြေလှမ်းရပ်ကာ တဖြည်းဖြည်းချင်း လှည့်ပတ်ရှာဖွေလိုက်၏။

ရုတ်တရက် သူက ခြေလှမ်းရပ်သွားကာ တစ်ကိုယ်လုံးတောင့်တင်းသွား၏။

စူးရဲသောမျက်လုံးအစုံနှင့် ကျားတစ်ကောင်ကိုတွေ့မြင်လိုက်ရသောကြောင့် ဖြစ်၏။

သူက ကမန်းကတန်းပင် သစ်ပင်ပေါ်ပြေးတက်ကာ အသက်ပင် မရှူရဲတော့ပါ။

ကျားကြီးမှာ လူနံ့ရသဖြင့် ယန်းကျိုကွေရှိနေသော သစ်ပင်အောက် မလှမ်းမကမ်းတွင် ရပ်တန့်အကဲခတ်နေ၏။

"ဝေါင်း...."

"ဝေါင်း...."

ဗျိုင်းဖြူနှင့်ဗျိုင်းမဲသည် ကျားဟိန်းသံကိုကြားလိုက်ရ၏။

ဗျိုင်းဖြူက....

"ယန်းကျိုကွေက ကျားယောင်ဆောင်ပြီး တို့ကိုလှည့်စားမလို့ထင်တယ်"

ဖျိုင်းမဲက....

"ငါတို့က တစ်ခါခံပြီးရင် ထပ်လှည့်စားလို့မရတော့ဘူးဆိုတာ သူ မသိအူးထင်တယ်"

ဖျိုင်းဖြူက....

"ငါတို့ သူ့ကိုလိုက်ရှာပြီး ဖျိုင်းညိုအတွက် လက်စားချေကြမယ်"

သူတို့၏စကားသံများ ကြားလိုက်ရသဖြင့် ယန်းကျိုကွေက အော်လိုက်၏။

"ဟော့... သတ္တိရှိရင် လာကြလေ"

"ဝေါင်း...."

ဖျိုင်းညီနောင်သည် အော်သံနှင့်ကျားဟိန်းသံကြားရသည့်ဘက်သို့ ပြေးလွှားသွားကြ၏။

ရုတ်တရက် သူတို့ရှေ့သို့ ကျားတစ်ကောင် လွှားခနဲ ခုန်ထွက်လာ၏။

ဖျိုင်းဖြူက သိုင်းကွက်တစ်ကွက်ထုတ်လိုက်၏။ သို့သော် ကျားက သူ၏သိုင်းကွက်ကိုဂရုမစိုက်ဘဲ တစ်ချက်ရှောင်ကာ ခုန်အုပ်လိုက်၏။

"အား...."

ဖျိုင်းဖြူ၏မျက်နှာတစ်ခုလုံး သွေးချင်းချင်းရဲနေ၏။

သူတို့သည် ယန်းကျိုကွေက ဟန်ဆောင်ထားခြင်းမဟုတ်မှန်း ကျားအစစ်ဖြစ်မှန်းသိလိုက်ရသော်လည်း နောက်ကျသွားပြီဖြစ်၏။

ဖျိုင်းဖြူမှာ ကျားကြီး၏လက်သည်းများကြားထဲတွင် အ



သက်ပျောက်သွား၏။

ဖျိုင်းမဲက အံ့အားသင့်နေရာမှသတိဝင်ကာ ဓားဆွဲထုတ်ကာ တိုက်ခိုက်လိုက်၏။

သူ၏ဓားသည် ကျားကြီး၏ပခုံးအား ခုတ်မိသွား၏။

"ဂရား... ဂရူး"

ကျားကြီးမှာ ဒဏ်ရာရသွားသဖြင့် ဒေါသထွက်ကာ ဓားကိုလုံးဝဂရုမစိုက်တော့ဘဲ ဖျိုင်းမဲ၏မျက်နှာကိုသာ မရမရ ကုတ်ခြစ်လိုက်၏။

"အား...."

ဖျိုင်းမဲမှာ နာကျင်စွာ အော်ရင်းလဲကျသွား၏။ ကျားကြီးက သူ့အား အပေါ်စီးမှ ခုန်အုပ်လိုက်လေတော့သည်။

ယန်းကျိုကွေမှာ ဖျိုင်းညီနောင်အားကြည့်ကာ သနားစိတ်ဝင်လာ၏။

ဖျိုင်းညီနောင်သည် ကျားအစစ်ဖြစ်သည်ကို နောက်ကျမှသိလိုက်ရသဖြင့် ကျားစာဖြစ်သွားခြင်းဖြစ်၏။

သူသည် အသက်အောင့်ကာ ကြည့်နေ၏။ အတန်ကြာမှ ကျားကြီးက တောအုပ်ထဲသို့ ပြန်လည်ဝင်ရောက်သွား၏။

ယန်းကျိုကွေမှာ သစ်ပင်ပေါ်မှဆင်းကာ တောအုပ်ထဲမှ ပြေးထွက်လာလေတော့သည်။

သန်းခေါင်ကျော်အချိန်....။

ယန်းကျိုကွေသည် မောပန်းတကြီးဖြင့် အိမ်သို့ပြန်ရောက်လာ၏။ လုကျောင်းတို့မှာ တစ်ယောက်မှမအိပ်ကြသေးပါ။

သူတို့သည် အချင်းချင်း အဖြစ်အပျက်များကိုပြန်လည်ပြောပြကြ၏။

ကျင်းစုက ယန်းကျိုကွေအား....

"အစ်ကို့ကို ကျွန်မ ကျေးဇူးတင်ပါတယ်... ကျွန်မ အစ်မကို သတ်ပြီး ကျွန်မကိုစော်ကားဖို့ကြိုးစားတဲ့လူတွေ အခုလိုဖြစ်တာ ဝမ်းသာတယ်... ဒုက္ခတော့အေးတာပေါ့"

ရှင်းယုံက....

"မမရဲ့ဒုက္ခကအေးသွားပေမယ့် ကျွန်မဒုက္ခက မအေးသေးဘူး"

သခင်လေးစုံက....

"ညီမလေး စိတ်မပူပါနဲ့... ကျုပ်တခ်ယောက်လုံး ရှိပါတယ်... ကျုပ် ကာကွယ်ပေးမှာပေါ့"

သူက ရှင်းယုံအား သဘောကျနေကာ ရင်ကော့၍ ပြောလိုက်၏။

လုကျောင်းက ပြုံးကာ....

"အတော်ပဲ... ငါလည်း သက်တော်စောင့်ဘဝက ကျွတ်ပြီ... ရှင်းယုံကိုစောင့်ရှောက်မယ့်လူ ရောက်လာပြီ"

ရှင်းယုံ၏မျက်နှာနီရဲသွား၏။

သို့သော် သူမက ခပ်တည်တည်ဖြင့်....

"ကျွန်မ စားသောက်ဆိုင်နဲ့လောင်းကစားဝိုင်းဖွင့်ရင် အခက်အခဲမရှိတော့ဘူး... အရက်ခန်းကို အစ်ကိုယန်းက တာဝန်ယူရမယ်... လောင်းကစားဝိုင်းကို အစ်ကိုလုကျောင်းက တာဝန်ယူလိမ့်မယ်"



ကျင်းစုက....

"သခင်လေးစုကိုကော ဘာတာဝန်ပေးမှာလဲ"

ရှင်းယုံက....

"ညှို့ကြိုမိန်းကလေးတွေကိုထိန်းဖို့ သခင်လေးစုံကို တာဝန်ပေးရမှာပဲ"

အားလုံးက ရယ်မောလိုက်၏။

သို့သော် သခင်လေးစုံက မရှက်ဘဲ....

"ကောင်းတယ်... အဲ့ဒီတာဝန်ကို ကျုပ်ကိုပေး... အခကြေးငွေမယူဘဲ လုပ်ပေးပါ့မယ်"

ဟု ရယ်မောကာ ပြောလိုက်လေတော့သည်။

ချန်အန်းမြို့တော်တွင် ခါတိုင်းနှင့်မတူဘဲ အနည်းငယ် ထူးခြားနေ၏။

လူများသည် ဟိုတစ်စုဒီတစ်စုနှင့် တစ်စုံတစ်ရာကို တီးတိုးဝေဖန်ပြောဆိုနေကြ၏။

အချို့ကလည်း ကျယ်ကျယ်လောင်လောင်ပင် ပြောဆိုနေ၏။ အခြားမဟုတ်ပါ။

တိဘက်နယ်မှ ဘုရင်မင်းမြတ်ထံ ဆက်သလိုက်သော အဖိုးတန်ရတနာပစ္စည်းအကြောင်း ဖြစ်၏။

ထိုအဖိုးတန်ရတနာမှာကြီးမားသော စိန်တုံးကြီးဖြစ်၏။

တိဘက်တရုတ်ချစ်ကြည်ရေးအတွက် ဆက်သလိုက်ခြင်း ဖြစ်၏။

ထိုစိန်တုံးကြီးကို ပီကင်းနေပြည်တော်ရှိ ဘုရားကျောင်းတစ်ခုမှ တန်ဖိုးကြီးရုပ်ပွားတော်တစ်ဆူတွင် ဌာပနာမည်ဟုသိရ၏။

ထိုစိန်တုံးကြီးအား မြို့စားကြီးကိုယ်တိုင် သယ်ဆောင်ကာ ချန်အန်းမြို့တော်ဝန်ဂေဟာတွင် တစ်ထောက်ရပ်နားမည်ဖြစ်၏။

ထိုကိစ္စမှာ အထူးအဆန်းမဟုတ်ပါ။ သို့သော် ထိုကိစ္စနှင့် ပတ်သက်သည့်သတင်းစကားများမှာ စိတ်ဝင်စားစရာကောင်းနေ၏။

စိန်တုံးကြီးသည် ချန်အန်းမြို့တော်ဝန်ဂေဟာတွင် ခရီးတစ်ထောက်ရပ်နားမည်ဖြစ်၏။

မြို့တော်ဝန်နှင့် နေပြည်တော်မှ အထူးကိုယ်ရံတော်တပ်ဖွဲ့က အထပ်ထပ် ဝန်းရံကာ စောင့်ကြပ်ရမည်ဖြစ်၏။

ထိုသို့လုံခြုံအောင်စီမံထားလျှင် စိန်တုံးကြီးပျောက်ဆုံးစရာအကြောင်းမရှိတော့ပေ။

ဤမျှ လုံခြုံရေးအထပ်ထပ်ရှိသောနေရာသို့ မည်သူကမှဝင်ရောက်ခိုးယူ၍ ရမည်မဟုတ်ပါ။

အချို့ဒုစရိုက်သမားများသည် ဤမျှခက်ခဲနက်နဲသောကိစ္စကိုမှ လိုချင်တပ်မက်ကြ၏။

ထိုစိန်တုံးကြီးအား ရရှိပါက ရွှေစင်တစ်ပိဿာပေးမည်ဟု သတင်းထွက်နေ၏။

အချို့သောဒုစရိုက်သမားများက ထိုစိန်တုံးကြီးအား ခိုးယူမည်ဟု သတင်းထွက်ပေါ်နေ၏။

မည်မျှပင် အစောင့်အကြပ်များသော်လည်း ရအောင်ခိုးယူ



မည်ဟု ကြုံးဝါးနေကြ၏။

ထိုသို့ သတင်းများထွက်ပေါ်နေသဖြင့် မြို့တော်ဝန်နှင့် လုံခြုံရေးတပ်သားများမှာ စိန်တုံးကြီးမရောက်မီကပင် ဒုစရိုက်သမားများကိုစုံစမ်းကာ မျက်ခြေမပြတ်စောင့်ကြည့်နေကြ၏။

ဂိုဏ်းအသီးသီး၊ အဖွဲ့အသီးသီးမှလူများကလည်း ချန်အန်းမြို့တော်သို့တဖွဲဖွဲ ရောက်ရှိလာကြ၏။

သေသေချာချာ ဂရုစိုက်ကြည့်လျှင် ချန်အန်းမြို့တော် ထူးခြားနေသည်ကို တွေ့ရမည်ဖြစ်၏။

အချို့က စားသောက်ဆိုင်ထဲတွင်လည်းကောင်း၊ တည်းခိုခန်းတွင်လည်းကောင်း၊ အတည်လိုလို ရယ်စရာလိုလို ပြောနေကြ၏။

စိန်တုံးကြီးအား မည်သို့မည်ပုံ ခိုးယူမည်ကိုလည်းကောင်း တိုက်ယူမည်ကိုလည်းကောင်း ပြောနေကြ၏။

အချို့ကလည်း ထိပ်တန်းပညာရှင်များ စောင့်ကြပ်နေသော စိန်တုံးကို မည်သို့မျှတိုက်ယူ၍မဖြစ်နိုင်ပေ။

ခိုးယူမှသာရမည်ဟု ထင်ကြေးပေးနေကြ၏။ မဖြစ်ဖြစ်သည့်နည်းနှင့်ခိုးယူမည်ဟု အချို့က ကြွေးကြော်နေ၏။

လွီဖုံးရှန်....။

လွီဖုံးရှန်သည် အသက်(၃၀)မပြည့်သေးသော်လည်း အသက်(၃၀)အရွယ်ကဲ့သို့ ရင့်ကျက်သူဖြစ်၏။

သူသည် အမြဲတစေ အစိမ်းရောင်အင်္ကျီကိုသာဝတ်ဆင်

တတ်၏။

သူ၏မျက်နှာမှာ ယောကျ်ားပီသတည်ကြည်၏။ သူ့မျက်နှာတွင် အပြုံးအရယ်သိပ်မတွေ့ရပေ။

လှိုင်ဖုံးရှန်သည် ထူးထူးခြားခြားပင် တိုင်းပြည်နှင့်လူမျိုးကို ချစ်မြတ်နိုးသူ ဖြစ်၏။

သူသည် မည်သည့်အခါမှ မမှန်မကန်သောအလုပ်ကို မလုပ်ပေ။

စကားကိုလည်း ကွေ့ဝိုက်လိမ်ညာမပြောတတ်ပေ။ အလွန်ဉာဏ်ကောင်းသူဖြစ်၏။

သူ၏မိဘများမှာ အလွန်ကြွယ်ဝချမ်းသာသည့် ရတနာကုန်သည်များ ဖြစ်၏။

မိဘများက သူ့အား အဆင့်အတန်းတူသောမိန်းကလေး တစ်ယောက်နှင့်အိမ်ထောင်ချပေးလို၏။

သို့သော် သူက အိမ်ထောင်ရေးအား စိတ်မဝင်စားပေ။ အိမ်ထောင်ပြုခြင်းဖြင့် သူ့ကိုယ်သူ အကျဉ်းချမထားနိုင်ဟု ဆို၏။

သူသည် စုံစမ်းထောက်လှမ်းရခြင်းကိုဝါသနာပါသော်လည်း မင်းမှုထမ်းမလုပ်လိုပေ။

အုပ်ချုပ်ရေးမှူးတာဟာန်က သူ့အား စုံစမ်း ထောက်လှမ်းရေးဌာနတွင် အမှုထမ်းရန် ကမ်းလှမ်းခဲ့၏။

သို့သော် သူက လုံးဝစိတ်မဝင်စားပေ။ မင်းမှုထမ်းဘဝမှာ ကျပ်တည်းပြီး လွတ်လပ်မှုနည်းသည်ဟု ထင်၏။

သူက လွတ်လွတ်လပ်လပ် လှုပ်ရှားလိုသူဖြစ်၏။ နာမည်ကောင်းလက်မှတ်နှင့်ဆုငွေများကို သူက လုံးဝမမက်မောပါ။



သူ့စိတ် ကူးအတိုင်း ဒုစရိုက်သမားများကို ဖမ်းဆီးနှိမ်နင်းသူ ဖြစ်၏။

ထို့ကြောင့် အုပ်ချုပ်ရေးတာဟာန်မှာ သူ့အား မင်းမှုထမ်း လုပ်ရန် မတိုက်တွန်းတော့ပေ။

လူများသည် တီးတိုးတစ်မျိုး ကျယ်ကျယ်တစ်မျိုး ပြောဆိုနေကြ၏။

သို့သော် အကြောင်းအရာမှာတစ်ခုတည်းသာ ဖြစ်၏။

အလွန်အဖိုးတန်သည့် စိန်တုံးကြီးအကြောင်းပင်ဖြစ်၏။

လှိုင်ဖုံးရှန်သည် ထိုစကားများကို ခဏခဏကြားနေရသဖြင့် ဒေါသဖြစ်နေမိ၏။

ဘုရင်မင်းမြတ်ဘဏ္ဍာတော်ဖြစ်သည့်စိန်တုံးကြီးအား နည်းလမ်းအမျိုးမျိုးဖြင့်ရယူရန် ကြံစည်ပြောဆိုနေကြခြင်းကို သူက မခံမရပ်နိုင်ဖြစ်နေ၏။

သူက ထိုဒုစရိုက်သမားများကိုဆုံးမရန် စိတ်ဆုံးဖြတ်လိုက်လေသည်။ မည်သို့မည်ပုံဆုံးမရမည်ကို ကြိုတင်စဉ်းစားထား၏။

အကယ်၍ ထိုဒုစရိုက်သမားများက လက်ဦးပြီးခိုးယူသွားနိုင်လျှင်လည်း သူက မရရအောင် ဖော်ထုတ်မည်ဟုဆုံးဖြတ်လိုက်၏။

သူသည် ကိုယ့်ကိုယ်ကိုယ် လူစွမ်းကောင်းတစ်ယောက်ဟု ခံယူထားသဖြင့် တိုင်းပြည်နှင့်လူမျိုးအတွက် အသက်စွန့်ရန်ပင် ဝန်မလေးပေ။

သူက ချန်အန်းမြို့သို့ရောက်ရှိလာသည့် ဒုစရိုက်သမားများကို မသိမသာ အကဲခတ်နေလေတော့သည်။

လူထူးဆန်းသုံးယောက်ကိုကြည့်ကာ ကျင်းစုနှင့်ရှင်းယုံမှာ အံ့အားသင့်နေ၏။

အရက်အား ရေအမှတ်နှင့်သောက်သူ ယန်းကျိုကွေ၊ လူမရှိလျှင် တစ်ယောက်တည်းကစားနေတတ်သည့် လောင်းကစားသမား လုကျောင်း၊ မိန်းကလေးချောချောမြင်လျှင် မနေနိုင်မထိုင်နိုင် ချစ်စကားပြောတတ်သည့်သခင်လေးစုံ။

ကျင်းစုနှင့်ရှင်းယုံမှာ လုကျောင်းနှင့်ယန်းကျိုကွေကြောင့် စိတ်အနှောင့်အယှက်မဖြစ်သော်လည်း သခင်လေးစုံကြောင့် နားညည်းလှ၏။

သခင်လေးစုံသည် သူမတို့နှစ်ယောက်အားတွေ့သည်နှင့် ချစ်ခွင့်တောင်းတတ်သဖြင့် အခန်းတံခါးပိတ်ထားရ၏။

သို့သော် (၅) ရက်ခန့်ကြာသောအခါ သခင်လေးစုံကို မကြောက်တော့ပါ။

နားညည်းလောက်အောင် ချစ်စကားပြောသည်မှလွဲ၍ သခင်လေးစုံမှာ လူကောင်းတစ်ယောက်ဖြစ်၏။

သူက ဝါသနာကြောင့်သာ ချစ်စကားပြောတတ်သော်လည်း အလိုက်အထိုက်ဆက်ဆံလျှင် ခိုင်းစေသမျှ အကုန်လုပ်ပေးသူဖြစ်၏။



ကြာသောအခါ ရှင်းယုံနှင့်ကျင်းစုသည် ထိုလူထူးဆန်းသုံးယောက်အပေါ် ခင်တွယ်လာ၏။

ယန်းကျိုကွေမှာ ချစ်ရာကောင်းသောအကျင့်ရှိ၏။

သူသည် အရက်ကို အလွန်နှစ်သက်စွဲလန်းသော်လည်း အခြားမိန်းမ၊ လောင်းကစားကိုစိတ်မဝင်စားပေ။

မိန်းကလေးများကို လုံးဝစိတ်မဝင်စားသည်မှာ ကျင်းစုနှင့်ရှင်းယုံကို မိန်းကလေးဟုမထင်သည်အထိ ဖြစ်၏။

မေးလျှင်ပြောပြီး ခေါ်လျှင် ထူးတတ်သူဖြစ်၏။

လုကျောင်းမှာလည်း ချစ်စရာကောင်းသောလောင်းကစားသမားဖြစ်၏။

သူ့တွင် ငွေရှိရှိ မရှိရှိ စိတ်ချမ်းသာအောင်နေတတ်သူဖြစ်၏။

သူက တစ်နေ့လုံးလောင်းကစားလုပ်နေရလျှင် ကျေနပ်သူဖြစ်၏။ သူ့ကိုယ်သူ စားသောက်ဖို့ပင် အပူအပင်မရှိပေ။

သို့သော် သူ့မိတ်ဆွေတစ်ယောက်ယောက်က ဆာလောင်လျှင် သူက မဖြစ်မနေ ရှာဖွေကျွေးမွေးတတ်၏။

လုကျောင်းမုန်းတီးသူများမှာ အမြတ်များများယူသောဈေးသည်များနှင့်အတိုးများများယူသော ငွေတိုးချေးသမားများဖြစ်၏။

သူက ကြုံလျှင်ကြုံသလို ထိုလူများအား တစ်ပတ်ရိုက်လေ့ရှိ၏။

ဤကဲ့သို့သောလူများအား မည်သူက မချစ်ခင်ဘဲနေနိုင်ပါမည်နည်း။

ထို့ကြောင့် ရှင်းယုံနှင့်ကျင်းစုမှာ ထိုလူ(၃)ယောက်နှင့် တစ်အိမ်တည်း တူနေရသော်လည်း စိတ်မညစ်သည့်အပြင် ပျော်ရွှင်နေကြ

လေတော့သည်။

ကျင်းစုသည် ကျင်းယုသေပြီးနောက် ယန်းကျိုကွေ၏အိမ်သို့ ရောက်လာခြင်းဖြစ်၏။

သူမက ဘာဆက်လုပ်ရမှန်းမသိသေးပါ။

ရှင်းယုံက....

"မမနဲ့ကျွန်မက ဂုံတူအကျိုးပေးလို့ ဒီနေရာမှာ လာဆုံတွေ့ကြတာ... ဘာမှအားမငယ်နဲ့... ကျွန်မတို့အတူတူ လုပ်ကိုင်စားကြတာပေါ့"

သူမ၏စကားကြောင့် ကျင်းစုမှာဝမ်းသာသွား၏။

"အခုလိုကြားရတာ မမတော့ သိပ်ဝမ်းသာတာပဲ"

ရှင်းယုံက....

"ဒါနဲ့ ဟိုလူ(၃)ယောက်က ဘာလုပ်နေကြလဲမသိဘူး"

ကျင်းစုက....

"ထုံးစံအတိုင်း သူတို့အလုပ် သူတို့လုပ်နေကြမှာပေါ့"

ရှင်းယုံက....

"ဒီတစ်ခါ ငြိမ်နေသလိုပဲ"

သူမက ပြောပြောဆိုဆို ယန်းကျိုကွေတို့အား သွားချောင်းကြည့်လိုက်၏။ ထို့နောက် အံ့ဩသောမျက်နှာဖြင့် ကျင်းစုအား ကြည့်ကာ....

"ဒီတစ်ခါ ထူးဆန်းနေတယ်... အခန်းတစ်ခုထဲမှာ သုံး



ယောက်ထိုင်ပြီး စကားပြောနေတယ်"

ကျင်းစုမှာ အံ့အားသင့်သွား၏။ ခါတိုင်းဆိုလျှင် ယန်းကျိုကွေမှာ သူ့အခန်းထဲတွင် အရက်သောက်နေ၏။

လုကျောင်းကလည်း အခန်းထဲတွင် တစ်ယောက်တည်းထိုးသားလုပ်လိုက် ဒိုင်လုပ်လိုက်ဖြင့် ဂျင်လှည့်နေ၏။

သခင်လေးစုံမှာ မိမိတို့အခန်းနားတွင် ရစ်သီရစ်သီလုပ်ကာ အခန်းထဲမှထွက်လာသူကို ချစ်စကားကြိုက်စကားပြောတတ်၏။

ယခု သူမတို့အနားသို့ရောက်မလာပေ။ သခင်လေးစုံရောက်လာလျှင် အော်ထုတ်တတ်သော်လည်း ရောက်မလာသောအခါ ပျင်းခြောက်ခြောက်ဖြစ်နေ၏။

ကျင်းစုက ထိုင်ရာမှထကာ....

"လာ... မမတို့ သူတို့ဘာလုပ်နေလဲ သွားကြည့်ကြမယ်"

သူမက ရှင်းယုံ၏လက်အားဆွဲကာ ယန်းကျိုကွေတို့ရှိနေသောအခန်းဆီသို့ ထွက်လာခဲ့လေတော့သည်။

ရှင်းယုံပြောသည်မှာ မှန်၏။

ယန်းကျိုကွေ၊ လုကျောင်းနှင့်သခင်လေးစုံသည် ထူးထူးခြားခြားပင် တစ်ခန်းထဲတွင် ဖိုခနောက်ဆိုင်ထိုင်ကာ စကားပြောနေကြ၏။

သခင်လေးစုံက ကျင်းစုံတို့နှစ်ယောက်အား တွေ့သည်နှင့်ပြုံးကာ....

"ငါ့နတ်သမီးလေးတွေ… လာကြ… ဒီမှာ ကျုပ်တို့က လုပ်ငန်းတစ်ခုလုပ်ဖို့ တိုင်ပင်နေကြတာ"

ကျင်းစုနှင့်ရှင်းယုံမှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ နှာခေါင်းရှုံ့လိုက်ကြ၏။

ထို့နောက် သခင်လေးစုံ၏ ဘေးတစ်ဖက်စီတွင် ဝင်ထိုင်လိုက်၏။

သခင်လေးစုံ၏မျက်နှာမှာ ပြုံးရွှင်သွား၏။ ထူးထူးခြားခြားပင် ယန်းကျိုကွေက အရက်သောက်မနေပါ။

သူ့ရှေ့တွင် စက္ကူတစ်ရွက်ရှိပြီး စုတ်တံနှင့်မင်အိုးများ ချထားသည်ကို တွေ့ရ၏။

စက္ကူပေါ်တွင် မျဉ်းကြောင်းအကွေ့အကောက်များနှင့်မြေပုံတစ်ခုရေးဆွဲထား၏။

သူတို့က မည်သည့်မြေပုံရေးဆွဲနေကြသည်ကို ကျင်းစုတို့မသိပါ။

ရှင်းယုံက….

"ရှင်တို့ ဘာလုပ်နေတာလဲ"

သခင်လေးစုံက သူမအား ပြုံးကြည့်ကာ….

"ကျုပ်တို့အားလုံး သူဌေးဖြစ်တော့မယ်ကွ"

ရှင်းယုံက….

"ဟုတ်လား… ရှင်တို့ ရတနာမြေပုံရထားလို့လား"

လုကျောင်း၏မျက်နှာရှုံ့မဲ့သွား၏။

"ရတနာမြေပုံ… ဟုတ်လား၊ အေးလေ… ရတနာမြေပုံပဲထားလိုက်ပါတော့… ဒါပေမယ့် ကျုပ် နှစ်ဆပေးပြီးလောင်းရဲတယ်…



ရှစ်ဆယ်ရာခိုင်နှုန်းအောင်မြင်ဖို့ နည်းလမ်းနည်းတယ်"

ရှင်းယုံက သူ့အား မျက်စောင်းထိုးလိုက်၏။

"ရှင်ကတော့ နေရာတကာ လောင်းကစားဖို့ပဲသိတယ်… စကားပြောတာတောင် လောင်းကစားက မလွတ်ဘူး"

လုကျောင်းက ပြုံးနေလိုက်၏။

ကျင်းစုက….

"နေပါဦး… ရှင်တို့ ဘာတွေကြံစည်နေတယ်ဆိုတာ ကျွန်မတို့ကိုလည်း ပြောပြပါဦး"

ယန်းကျိုကွေက ရုတ်တရက် မတ်တတ်ရပ်လိုက်၏။

"ကျင်းစုကိုမြင်မှ ငါ အရက်မသောက်ရသေးတာ သတိရတယ်"

ကျင်းစု မျက်နှာရှုံ့မဲ့သွား၏။

"ဟင်း… ဘာမှလည်း မဆိုင်ဘူး"

ယန်းကျိုကွေက….

"ဆိုင်ဆိုင်မဆိုင်ဆိုင် ကျုပ် အရက်တစ်ငုံလောက် သွားသောက်လိုက်ဦးမယ်… မကြာဘူး… ချက်ချင်းပြန်လာခဲ့မယ်"

သူက ပြောပြောဆိုဆို အခန်းထဲမှထွက်သွား၏။

ထိုစဉ် သခင်လေးစုံက ရှင်းယုံအနီးသို့ကပ်ထိုင်လိုက်၏။ တစ်ခါတစ်ရံ အသားချင်းထိမိ၏။

ရှင်းယုံမှာ သခင်လေးစုံအကြောင်းသိသဖြင့် မတွန့်တိုတော့ပါ။ စိတ်ချမ်းသာသလို နေပါစေဟုသဘောထားလိုက်၏။

ရှင်းယုံက….

"အစ်ကိုလုကျောင်း… ရှင်က မအောင်မြင်ဘူးဆိုတာ ဘာကို

ပြောတာလဲ"

လုကျောင်းက....

"ငါ မပြောဘူး... ယန်းကျိုကွေ ပြောလိမ့်မယ်"

သူက လက်ထဲမှဂျင်အား လှည့်ကာ ခွက်တစ်ခုနှင့်အုပ်လိုက်၏။

"ကဲ... အပျင်းပြေရအောင် ထိုးကြဗျာ... ဘယ်သူကံကောင်းသလဲဆိုတာ သိရတာပေါ့"

သခင်လေးစုံက....

"ကျုပ်က ဝက်ဗျာ"

ရှင်းယုံက....

"ကျွန်မက ငါးရှဉ့်"

လုကျောင်းက ကျင်းစုအား ကြည့်ကာ....

"နင်ကကော...."

ကျင်းစုက ခွက်အား တစ်ချက်ကြည့်ကာ....

"ကျွန်မလည်း ဝက်ပဲ"

လုကျောင်းက ပြုံးကာ ခွက်အား လှန်လိုက်၏။

"ဟေး... ဝက်ကွ"

သခင်လေးစုံက ဝမ်းသာအားရပင် အော်လိုက်၏။

လုကျောင်းက ပြုံးကာ....

"မင်းနဲ့ကျင်းစုက ကံကောင်းတယ်... သဘောချင်းလည်း တိုက်ဆိုင်တယ်"

သခင်လေးစုံက ရှင်းယုံအနားမှခွာကာ ကျင်းစုအနားသို့ ကပ်ထိုင်လိုက်၏။


ကျင်းစုက နှာခေါင်းရှုံ့ကာ ရှင်းယုံက ပြုံးလိုက်၏။

သခင်လေးစုံက သူမတို့အား ဂရုမစိုက်ဘဲ လုကျောင်းအား ကြည့်ကာ....

"ငါနဲ့ကျင်းစု ညားနိုင်မလား"

လုကျောင်က ခပ်တည်တည်နှင့် ခေါင်းခါယမ်းလိုက်၏။

"မညားဘူး"

သခင်လေးစုံက ကျင်းစုအနားမှခွာလိုက်ပြီး....

"ဘာဖြစ်လို့လဲ"

လုကျောင်းက....

"မင်းက ဘယ်မိန်းမနဲ့မှမညားဘူး... မယုံဘူးဆိုရင် မင်းနဲ့ငါ လောင်းကြမယ်... မင်း တစ်နှစ်အတွင်း မိန်းမ မရဘူး"

သခင်လေးစုံက ပြုံးစေ့စေ့ဖြင့်....

"ရရင်ကော...."

လုကျောင်းက....

"တစ်နှစ်အတွင်းရရင် မင်းကို ငွေတစ်သောင်းလက်ဖွဲ့မယ်... မရရင် မင်းက ငါ့ကိုငွေတစ်သောင်းလျော်ရမယ်"

သခင်လေးစုံက ပြုံးကာ ကျင်းစုနှင့်ရှင်းယုံအား ကြည့်လိုက်၏။ ကျင်းစုနှင့်ရှင်းယုံမှာ မျက်လုံးပြူးသွား၏။

သခင်လေးစုံက....

"မင်းတို့စိတ်ကူးမလွဲနဲ့နော်... ကျုပ်ကိုယူရင် လုကျောင်းဆီက ငွေတစ်သောင်းရမယ်"

ကျင်းစုက ခေါင်းခါယမ်းလိုက်၏။

"ကျွန်မ ငွေတစ်သောင်းမမက်ဘူး"

ရှင်းယုံကလည်း အကြောက်အကန်ပင် ငြင်းလိုက်၏။

"ဟုတ်တယ်… ကျွန်မလည်း မယူဘူး"

သခင်လေးစုံ၏မျက်နှာရှုံ့မဲ့သွားကာ….

"လုကျောင်း… မင်းက ဘာကြောင့် ငါမိန်းမ မရနိုင်ဘူးလို့ ပြောရတာလဲ"

လုကျောင်းက ရယ်မောကာ….

"မင်းက ငွေကြေးချမ်းသာတဲ့လူတစ်ယောက်ပဲ… မင်း ဒီအသက်အရွယ်ရောက်တဲ့အထိ မိန်းမ မယူဘူး… မင်းလိုလူက မိန်းမလိုချင်ရင် လက်ထပ်ပြီးတာကြာပြီပေါ့… မင်းက လက်မထပ်ခင်လို့သာ အခုအချိန်အထိ နေလာခဲ့တာ… အဲ့ဒါကို ကျင်းစုနဲ့ညားမလားလို့မေးတော့ ဒီတစ်နှစ်အတွင်း လုံးဝမညားနိုင်ဘူးလို့ ငါပြောရဲတယ်… မင်းမယုံလို့ လောင်းချင်တယ်ဆိုရင် တစ်သောင်းကြေးလောင်းကြမယ်… ဘယ်လိုလဲ"

သခင်လေးစုံက မဖြေမီ ယန်းကျိုကြွေ ပြန်ရောက်လာ၏။

"ကဲ… ငါတို့လုပ်ငန်းကိစ္စ ဆက်ပြောကြမယ်… ငါ သေသေချာချာ စဉ်းစားကြည့်တယ်… ဒီကိစ္စမှာ ကျင်းစုနဲ့ရှင်းယုံလည်း ပါသင့်တယ်ကွ"

သူကပြောပြီး ထိုင်ချလိုက်၏။

ရှင်းယုံက….

"ရှင်တို့က ဘာလုပ်ငန်းလုပ်မလို့လဲ"

ယန်းကျိုကြွေက….

"မကြာခင် ချန်အန်းမြို့ကိုရောက်လာမယ့်စိန်တုံးကြီးကို ခိုးယူမလို့"



"ရှင်…."

ကျင်းစုနှင့်ရှင်းယုံမှာ မျက်လုံးပြူးကာ ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

## အကြံကြီးသူများ

အခန်းတစ်ခုလုံး တိတ်ဆိတ်နေ၏။

အတန်ကြာမှ ရှင်းယုံက....

"ရှင်တို့ကိစ္စက မဖြစ်နိုင်တာဘဲ"

သခင်လေးစုံက....

"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ"

ရှင်းယုံက....

"ဒီကိစ္စက အင်မတန် အန္တရာယ်များတဲ့အလုပ်ပါ... နောက်ပြီး ကျွန်မတို့က အထင်ကြီးထားတယ်... သူတစ်ပါးပစ္စည်းကို ဘယ်တော့မှမတရားမလုပ်ဘူးလို့ ထင်ထားတာ"

လုကျောင်းက....

"ဟုတ်တယ်လေ... ငါတို့က မတရားမလုပ်ပါဘူး... မရှိဆင်းရဲသားတွေလည်း ဒုက္ခမရောက်ဘူး... ဘုရင်မင်းမြတ်လည်း မထိခိုက်ပါဘူး... တိဘက်နိုင်ငံဘုရင်က အလကားပေးတဲ့ပစ္စည်းပဲဟာ... ငါတို့ကသာရရင် တစ်သက်လုံး ချမ်းချမ်းသာသာ နေသွားနိုင်မှာ..."

သခင်လေးစုံက....



"ဟုတ်တယ် ရှင်းယုံ... ငါက တစ်သက်လုံး ဘာမှမလုပ်လည်း ငါရမယ့်အမွေတွေက အေးအေးဆေးဆေး ထိုင်စားနိုင်တယ်... ဒါပေမယ့် ဒီပစ္စည်းက ငါတို့မခိုးလည်း တခြားဒုစရိုက်သမားတွေက ခိုးမှာပဲ... ဒီတော့ ငါတို့လက်ဦးမှုယူကြမယ်"

ရှင်းယုံက ခေါင်းခါယမ်းလိုက်၏။

"ရှင်တို့အယူအဆ မှားနေပြီ... ဒုစရိုက်သမားတွေ ခိုးချင်ခိုးပစေပေါ့... ရှင်တို့က ဒုစရိုက်သမားတွေမှမဟုတ်တာ"

ယန်းကျိုကွေက....

"ကဲ... တော်ပြီ... တော်ပြီ... ဒီကိစ္စကို နင်တို့ဝင်မပါနဲ့တော့... ဘေးကပဲကြည့်နေပါ... ဒါပေမယ့် နှုတ်လုံကြပါ"

သူကပြောပြီး သခင်လေးစုံနှင့်လုကျောင်းဘက်လှည့်ကာ စာရွက်ပေါ်တွင် လက်ထောက်လိုက်၏။

"ကဲ... ဒီမှာကြည့်... ဒါက မြို့တော်ဝန်အိမ်ပဲ... အရှေ့ဘက်ကိုမျက်နှာလှည့်ဆောက်ထားတယ်... ဂေဟာရှေ့မှာ တခြားအိမ်တွေမရှိဘူး... လမ်းမကြီးကိုဖောက်ထွက်တဲ့ သူ့ရဲ့ကိုယ်ပိုင်လမ်းပဲ ရှိတယ်"

လုကျောင်းနှင့်သခင်လေးစုံမှာ သူပြောသည်ကို ဂရုတစိုက်နားထောင်နေ၏။ ယန်းကျိုကွေက စကားဆက်လိုက်၏။

"ဂေဟာရဲ့အပေါ်ဘက်မှာ တခြားသူဌေးသုံးလေးယောက်ရဲ့အိမ်တွေ ရှိတယ်... အောက်ဘက်မှာတော့ မြို့တော်ဝန်ရဲ့အလုပ်သမားတွေ... အမှုထမ်းတွေနေတဲ့အိမ်ကလေးတွေ အများကြီးရှိတယ်... ဒါပေမယ့် အဲဒီအိမ်ကလေးတွေနဲ့ဂေဟာကို လူတစ်ရပ်ကျော်မြင့်တဲ့တံတိုင်းနဲ့ခြားထားတယ်"

လုကျောင်းက....

"ဒီအောက်ဘက်ပိုင်းက မလွယ်ဘူးပေါ့"

ယန်းကျိုကွေက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... အောက်ဘက်ကလုံးဝမလွယ်ဘူး... အရှေ့ဘက်ကလည်း ဝင်လို့လွယ်မှာမဟုတ်ဘူး... လမ်းတစ်လျှောက်မှာ အစောင့်တွေချထားမှာပဲ"

လုကျောင်းက....

"ဒါဖြင့် အနောက်ဘက်မှာကော"

ယန်းကျိုကွေက....

"ဂေဟာရဲ့အနောက်ဘက်မှာ ဝက်မွေးတဲ့ခြံနဲ့မြင်းဇောင်းတွေရှိတယ်... ဂေဟာနဲ့မြင်းဇောင်းကြားထဲမှာ ပန်းဥယျာဉ်ရှိတယ်... အဲ့ဒီအနောက်ဘက်ကတော့ နည်းနည်းလွယ်မယ်... ဘာဖြစ်လို့လဲဆိုတော့ သူတို့က မြင်းဇောင်းနဲ့ဝက်ခြံမှာ အလုပ်သမားတွေရှိနေနိုင်တဲ့အတွက် အစောင့်အကြပ်ကထားမှာမဟုတ်ဘူး... ဒါပေမယ့် ပန်းခြံထဲမှာတော့ အစောင့်ရှိနိုင်တယ်... ပန်းခြံထဲက အစောင့်ကိုရှင်းနိုင်ရင်တော့ လွယ်သွားပြီ... ဂေဟာထဲဝင်နိုင်ဖို့နီးစပ်ပြီ"

အားလုံး ငြိမ်သက်သွား၏။ မြေပုံကိုသာ မျက်စိထဲမြင်အောင်ကြည့်နေ၏။

အတန်ကြာမှ သခင်လေးစုံက....

"အပေါ်ဘက်က သူဌေးတစ်ယောက်ရဲ့ခြံထဲကဝင်မယ်ဆိုရင်ကော ဘယ်လိုရှိသလဲ"

ယန်းကျိုကွေက ပြုံးလိုက်၏။

"ဟုတ်တယ်... ငါလည်း အဲ့ဒါကိုစဉ်းစားနေတာ... အဲ့ဒီအပေါ်ဘက်က အိမ်ကသူဌေးကိုစုံစမ်းကြည့်တော့ တရားသူကြီးဖြစ်



တယ်လို့သိရတယ်... အဲ့ဒီမှာ တရားသူကြီးနေတဲ့အတွက် မြို့တော်ဝန်က အဲ့ဒီဘက်ကိုတော့ အစောင့်ချမှာမဟုတ်ဘူး... စိုးရိမ်စရာမဟုတ်ဘူးလို့ ယူဆရမယ်"

လုကျောင်းက....

"အဲ့ဒီဘက်ကဝင်ရင် ပိုမကောင်းဘူးလား"

ယန်းကျိုကွေက ခေါင်းညိတ်လိုက်၏။

"ကောင်းတယ်... အဲ့ဒီတရားသူကြီးဂေဟာထဲကို ဝင်နိုင်ဖို့ပဲလိုတယ်"

လုကျောင်းက....

"မင်း အဲ့ဒီလိုလုပ်ဖို့ ဆုံးဖြတ်လိုက်ပြီလား"

ယန်းကျိုကွေက....

"ငါကတော့ အဲ့ဒီလိုစဉ်းစားထားတယ်... ဒါပေမယ့် အထိတ်တလန့်ဖြစ်အောင် လုပ်နိုင်ဖို့လိုတယ်"

သခင်လေးစုံက....

"ကျုပ် နားမလည်ဘူး"

ယန်းကျိုကွေက....

"ဒီလိုကွာ... ဝက်ခြံကိုဖြစ်ဖြစ် မြင်းဇောင်းကိုဖြစ်ဖြစ် မီးရှို့လိုက်ရင် လူတွေအထိတ်တလန့်ဖြစ်ပြီး အဲ့ဒီကိုတစုတဝေးတည်း သွားကြလိမ့်မယ်"

လုကျောင်းက လက်ဖျောက်တစ်ချက်တီးလိုက်၏။

"အဲ့ဒီအကြံကောင်းတယ်"

သခင်လေးစုံက....

"ဘယ်သူက ဘယ်လိုတာဝန်ယူရမယ်ဆိုတာကော စဉ်းစား

ပြီးပြီလား"

ယန်းကျိုကွေက....

"စဉ်းစားပြီးပြီ"

လုကျောင်းက....

"ကျုပ်က ဘာတာဝန်ယူရမှာလဲ"

ယန်းကျိုကွေက....

"မင်းက သွေးကြောပိတ်ပညာကျွမ်းကျင်တဲ့အတွက် မြင်းဇောင်းက အစောင့်တွေနဲ့ဝက်ခြံထဲက အစောင့်တွေကို သွေးကြောပိတ်ပြီး မီးရှို့ရမယ်... ဘယ်လိုလဲ"

လုကျောင်းက အနည်းငယ် စဉ်းစားကာ....

"မဖြစ်သေးဘူးကွ... သူတို့ကိုသွေးကြောပိတ်ပြီး မီးရှို့တော့ အားလုံးသေကုန်မှာပေါ့... ငါက လူတွေသေတာကို မလိုလားဘူး"

ယန်းကျိုကွေက မျက်မှောင်ကုတ်၍ စဉ်းစားကာ....

"အဲ့ဒါလည်း ဟုတ်တာပဲ... မင်းက လူတွေကိုမသေတဲ့နည်းနဲ့ မီးမရှို့နိုင်ဘူးလား"

လုကျောင်းက ခေါင်းကုတ်လိုက်၏။

သခင်လေးစုံက....

"ကောင်းပြီ... မီးရှို့ဖို့တာဝန် ငါယူမယ်... လုကျောင်းနဲ့မင်းက တရားသူကြီးအိမ်ကနေ တစ်ဘက်ခြံကိုကူးဖို့လုပ်ကြပေါ့... လိုအပ်လို့သွေးကြောပိတ်ရရင်တောင် မသေဘူးလေ... အဲ့ဒီအကြံမကောင်းဘူးလား"

ယန်းကျိုကွေက မေးစေ့ပွတ်ကာ စဉ်းစားလိုက်၏။ အတန်ကြာမှ ခေါင်းကိုဆတ်ခနဲ ညိတ်လိုက်၏။



"အဲ့ဒါကောင်းတယ်... ဒီမှာလုကျောင်း... ငါတို့အားလုံးက ကိုယ်ရံတော်တပ်သားဝတ်စုံတွေကိုဝတ်ထားနိုင်မှ ဖြစ်မယ်နော်... ဒါမှလူတွေ အထိတ်တလန့်ဖြစ်ပြီး ပြေးလွှားချိန်မှာ ငါတို့အလုပ်လုပ်ဖို့ ပိုအဆင်ပြေမှာ...."

လုကျောင်းက ခေါင်းညိတ်လိုက်၏။

ယန်းကျိုကွေက....

"နောက်တစ်ခုက သခင်လေးစုံက မြင်းဇောင်းနားမှာရှိနေမှာဆိုတော့ လူတွေ အထိတ်တလန့်ဖြစ်ပြီးမြင်းဇောင်းတွေ ဝက်ခြံတွေနားမလာခင် မင်းက မြင်းသုံးကောင်းအသင့်ပြင်ထားဖို့လိုတယ်"

သခင်လေးစုံက....

"ကောင်းပြီ... ငါက မြင်းသုံးကောင်ယူပြီးရင် ဘယ်နေရာမှာ စောင့်ရမှာလဲ"

ယန်းကျိုကွေက....

"အဲ့ဒီနေ့က(၁၉)ရက်နေ့ဆိုတော့ လသာနေမှာအမှန်ပဲ... မြင်းသုံးကောင်ကို အမှောင်ထဲမှာဝှက်ထားဖို့လိုတယ်... အဲ့ဒီတရားသူကြီးဂေဟာနောက်မှာ တောအုပ်လေးတစ်ခုရှိတယ်... မင်းက အဲ့ဒီတောအုပ်ထဲမှာ အသင့်စောင့်နေပါ... ကျုပ်တို့ပြန်ထွက်လာရင်လဲ တရားသူကြီးဂေဟာထဲကပဲ ပြန်ထွက်ခဲ့မယ်"

လုကျောင်းနှင့်သခင်လေးစုံက ပြိုင်တူခေါင်းညိတ်လိုက်၏။

လုကျောင်းက....

"နှစ်လပိုင်း ဆယ့်ခြောက်ရက်နေ့ဆိုတာ သေချာပါတယ်နော်"

ယန်းကျိုကွေက ရက်တွက်ကာ....

"ဒီနေ့ ဆယ့်လေးရက်ဆိုတော့ သန်ဘက်ခါ သေချာပါတယ် ... သူတို့ရောက်လာကြမှာပါ"

သူတို့၏ကြံစည်ခြင်း စီမံကိန်းချမှတ်ပြီးနောက် ယန်းကျိုကွေက အရက်အိုးလိုက်မော့သောက်လိုက်၏။

လုကျောင်းက လက်ထဲမှဂျင်ကိုလှည့်လိုက်၏။ သခင်လေးစုံက ကျင်းစုနှင့်ရှင်းယုံအား တစ်ယောက်တစ်လှည့်စီ စိုက်ကြည့်နေ၏။

ဘေးတွင်နားထောင်နေသော ကျင်းစုနှင့်ရှင်းယုံမှာ အံ့အားသင့်နေကြ၏။

ရှင်းယုံက ယန်းကျိုကွေအား ကြည့်ကာ....

"အစ်ကိုယန်း... ရှင်တို့ တကယ်ပဲလုပ်ကြတော့မှာလား"

ယန်းကျိုကွေက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... ကျုပ်တို့စကားလွန်ထားကြပြီ... ဒီကိစ္စအောင်မြင်ရင် ကျုပ်တို့တစ်ယောက်ငါးသောင်းစီ ရကြမှာ...."

ရှင်းယုံက အံ့အားသင့်သွား၏။

"အဲ့ဒီလူက ရှင်တို့ကို တကယ်ပေးမယ်ဆိုတာ သေချာလို့လား"

ယန်းကျိုကွေက....

"မသေချာဘဲနေမလား... သူကမပေးလဲ ဒီပစ္စည်းကိုလိုချင်တဲ့ တခြားလူတွေအများကြီးရှိတယ်... ဒီအတွက် မပူစမ်းပါနဲ့... ပစ္စည်းလက်ထဲရောက်လာဖို့ကအဓိကပဲ"

ရှင်းယုံက သက်ပြင်းချလိုက်၏။

"ဒါ ရင်လေးစရာကိစ္စမဟုတ်ဘူး... ဒီလောက်လွယ်ကူတဲ့အ



လုပ်ကို သုံးယောက်ပေါင်းပြီးလုပ်ရတာ ဘာမအောင်မြင်စရာရှိလဲ... တစ်ခုပဲရှိတယ်... အဲ့ဒီညမှာ ကျုပ်တို့သုံးယောက်လုံး မင်းတို့နဲ့အတူတူရှိနေတယ်ဆိုတာ ဘယ်သူမေးမေး ပြောပေးပါ"

ရှင်းယုံနှင့်ကျင်းစုမှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ခေါင်းညိတ်လိုက်လေတော့သည်။

"ကောင်းပါပြီရှင်"

လှီဖုံးရှန်သည် တစ်ယောက်တည်း အလုပ်များနေ၏။

သူသည် ချန်အန်းမြို့သို့ရောက်ရှိလာသည့်မျက်နှာစိမ်း ဒုစရိုက်သမားများအား လေ့လာစုံစမ်းနေ၏။

လှီဖုံးရှန်ကဲ့သို့ပင် ချန်အန်းမြို့မှလူဆိုးထိန်းများကလည်း လှုပ်ရှားနေကြ၏။

သူတို့သည် ဒုစရိုက်သမားများအား မျက်ခြေမပြတ် စောင့်ကြည့်နေကြ၏။

ချန်အန်းမြို့သို့ စိန်တုံးကြီးရောက်လာလျှင် လုယက်မည့်ဟူသောသတင်းကို သူတို့လည်း ကြားထားဟန်တူ၏။

ထိုစိန်တုံးကြီး ပျောက်ဆုံးပါက မြို့တော်ဝန်လည်း အပြစ်ကင်းမည်မဟုတ်ပေ။

ထို့ကြောင့် စိန်တုံးကိစ္စနှင့်ပတ်သက်၍ တာဝန်ရှိသူများမှာ အထူးပင် စိုးရိမ်ပူပန်နေကြ၏။

ထိုစိန်တုံးကြီး မြန်မြန်ရောက်ရှိပြီး ချန်အန်းမြို့မှ မြန်မြန်

ထွက်သွားရန်သာ ဆုတောင်းနေကြ၏။

ထိုလုံခြုံရေးသမားများကဲ့သို့ စိုးရိမ်ပူပန်နေသူမှာ လှိုဖုံးရှန်ပင်ဖြစ်၏။

လှိုဖုံးရှန်သည် ဒုစရိုက်သမားများကိုလေ့လာရာတွင် သတိထားသင့်သူ(၄)ယောက်အား တွေ့ရှိခဲ့၏။

ပထမတစ်ယောက်မှာ တောင်ပင်လယ်တွင် အလွန်ဆိုးသွမ်းသောတောင်ပင်လယ်နဂါးဖြစ်၏။

တောင်ပင်လယ်နဂါးသည် အလွန်ဆိုးသွမ်းပြီး ရက်စက်ကြမ်းကြုတ်၏။

ရတနာပစ္စည်းများအား အလွန်မက်မောသူဖြစ်၏။

ဒုတိယတစ်ယောက်မှာ 'မျက်စိသုံးလုံးစန်းမု' ဖြစ်၏။ စန်းမုသည် ကြေးစားလူသတ်သမားတစ်ယောက်ဖြစ်၏။

မကြာမီကမှ ချန်အန်းမြို့သို့ရောက်ရှိနေကာ သေးငယ်သောတည်းခိုခန်းတစ်ခုတွင် မထင်မရှား တည်းခိုနေ၏။

တတိယတစ်ယောက်မှာ 'ငှက်မုဆိုး' ဖြစ်၏။ သူသည် တစ်ကိုယ်တော်ဓားပြကြီးအဖြစ် နာမည်ကျော် ကြားနေသော်လည်း ယခုထိလက်ပူးလက်ကြပ်မဖမ်းနိုင်သေးပါ။

ငှက်မုဆိုးမှာ ယနေ့မှရောက်လာပြီး ဘုန်းတော်ကြီးကျောင်းတစ်ခုတွင် တည်းခိုနေသည်ကိုသတိပြုမိ၏။

စတုတ္ထတစ်ယောက်မှာ 'နတ်မိမယ်တလျှံ' ဖြစ်၏။ လှိုဖုံးရှန်စိတ်အဝင်စားဆုံးဖြစ်၏။

နတ်မိမယ်တလျှံသည် မြောက်ပိုင်းတွင် ကျော်ကြားသူဖြစ်၏။



သူမ၏ရုပ်ရည်မှာ မြင်သူတကာငေးလောက်အောင် လှပချောမော၏။

သို့သော် သူမ၏သူမတူအောင် ကျွမ်းကျင်သောအဆိပ်ပညာကြောင့် သိုင်းလောကသားများမှာ အနားမကပ်ရဲကြပါ။

အချို့မှာမူ သူမနှင့်ခပ်ဝေးဝေး ရှောင်ကြ၏။

ယခု သူမက တည်းခိုခန်းတစ်ခုတွင် မထင်မရှား တည်းခိုနေသည်ကိုတွေ့ရ၏။

အခြားလူများက သူမအား ဂရုစိုက်မိမည်မဟုတ်သော်လည်း လှိုဖုံးရှန်က သူမအား သတိပြုမိ၏။

လှိုဖုံးရှန်က သူမအား ကောင်းစွာသိထား၏။ တစ်ခါက ကြေးစားလူသတ်သမားနှစ်ယောက်နှင့် စိန်ခေါ်တိုက်ခိုက်စဉ်က သူကောင်းစွာတွေ့မြင်ထားသည် မဟုတ်ပါလား။

ယခု ထိုဆိုးသွမ်းလှသောလူ(၄)ယောက်သည် တစ်ယောက်တစ်ကွဲစီ ချန်အန်းမြို့သို့ ရောက်ရှိလာကြ၏။

သူတို့သည် မည်သည့်ကိစ္စကြောင့် ရောက်လာရပါသနည်း။

စိန်တုံးအား ခိုးယူရန်မဟုတ်ဟု မည်သူက ပြောနိုင်ပါမည်နည်း။

မည်သို့ဆိုစေ လှိုဖုံးရှန်သည် ထိုလူလေးယောက်အပေါ် သံသယဝင်ကာ စောင့်ကြည့်နေလေတော့သည်။

## လုကျောင်းနှင့်ယန်းကျိကွေသည် တရားသူကြီးဂေဟာမှ

ဝင် ရောက်ရမည်ဖြစ်သဖြင့် တရားသူကြီးဂေဟာအား ကြိုတင်လေ့လာရမည်ဖြစ်၏။

ဝင်လမ်း ထွက်လမ်းကိုမှတ်ထားရပေမည်။ ထို့ကြောင့် သူတို့သည် တရားသူကြီးဂေဟာသို့ဝင်ရောက်ရန် နည်းလမ်းရှာနေကြလေသည်။

လုကျောင်းက....

"ငါတို့ဘုန်းတော်ကြီးဟန်ဆောင်ပြီး ဝင်အလှူခံရင် မကောင်းဘူးလား"

ယန်းကျိုကွေက အနည်းငယ်စဉ်းစားကာ....

"မကောင်းဘူးကွ"

လုကျောင်းက....

"ဘာဖြစ်လို့လဲ"

ယန်းကျိုကွေက....

"သူတို့က လှူတယ်ပဲထား... အလှူငွေရတာနဲ့ ချက်ချင်းပြန်ထွက်ရမှာ... ဘယ်လိုလုပ်လေ့လာဖို့ အချိန်ရမှာလဲ... ဒီတော့ ငါ အကြံရပြီ"

"အင်း... ပြောပါဦး"

ယန်းကျိုကွေက....

"ငါတို့အရက်မူးဟန်ဆောင်ပြီး ရန်ဖြစ်မယ်ကွာ... ဒါဆိုရင် တရားသူကြီးက ခေါ်ဆုံးမမှာသေချာတယ်"

လုကျောင်းက ခေါင်းညိတ်ကာ....

"မဆိုးဘူးကွ... ဒါဆိုရင် လေ့လာဖို့အချိန်ရတယ်"

ဤသို့ဖြင့် ညနေစောင်းအချိန်ရောက်လာ၏။ သူတို့သည်



တိုင်ပင်ထားသည့်အတိုင်းပင် မျက်နှာချင်းဆိုင် လျှောက်လာကြ၏။

ယန်းကျိုကွေက အရက်မူးမူးနှင့်....

"ဟေ့... ကစားသမား... မင်း ငါ့ဆီကလိမ်ထားတဲ့ငွေတွေ ပြန်ပေးမလား မပေးဘူးလား"

လုကျောင်းက....

"အရက်သမား... မင်း မူးနေရင် အေးအေးဆေးဆေး သွားစမ်းကွာ... တော်ကြာ ငါထိုးမိလိမ့်မယ်"

ယန်းကျိုကွေက....

"မင်းလိုလောင်းကစားသမားကို ငါ ကြောက်မယ်ထင်လား"

သူတို့သည် အော်ကြီးဟစ်ကျယ်ပြောဆိုရန်ဖြစ်နေသဖြင့် တရားသူကြီးအိမ်မှတံခါးစောင့်က သဘောကျကာ ကြည့်နေ၏။

လုကျောင်းက....

"မင်းဆီမှာကျန်တဲ့ကြွေးတွေတောင် ငါ မတောင်းတော့ဘူး မဟုတ်လား... ငါ့လိုကောင်းတဲ့လူကိုရှာကြည့်စမ်းပါဦး"

ယန်းကျိုကွေက....

"မင်းတောင်းရင်ကော ငါကပေးရမှာလား... လူလိမ်လူညာ... မင်း မတရားယူထားတာပြန်ပေး"

လုကျောင်းက....

"မပေးဘူးကွာ"

ယန်းကျိုကွေက....

"မပေးရင် ထိုးတယ်ကွာ"

သူကပြောရင်း ဟန်ဆောင်ထိုး၏။ လုကျောင်းကလည်း

ဟန်ဆောင်ကာ ပြန်ခံထိုး၏။

သူတို့သည် ပါးစပ်မှ အော်ကြီးဟစ်ကျယ်ပြောဆိုကာ လုံးထွေးသတ်ပုတ်နေ၏။

ထိုသို့သတ်ပုတ်ရင်း အိမ်ဂေဟာထဲသို့ မသိမသာ ကြည့်ကြ၏။

ထိုအခါ တရားသူကြီးကတော်နှင့် သမီးဖြစ်သူတို့ ထွက်ကြည့်နေသည်ကို တွေ့လိုက်ရ၏။

ယန်းကျိုကွေတို့နှစ်ယောက်မှာ ပို၍ ကြမ်းတမ်းစွာ ပြောဆိုကြ၏။

ထိုစဉ် ရုတ်တရက် တရားသူကြီး၏အသံ ဟိန်းထွက်လာ၏။

"ဟေ့... ရန်ဖြစ်နေတဲ့နှစ်ယောက်ကို အထဲခေါ်ခဲ့စမ်း"

အမိန့်သံကြားသည်နှင့် တံခါးစောင့်ထွက်လာရာ....

"ဟေ့ကောင်တွေ... ရပ်ကြစမ်း"

ဟု အမိန့်အာဏာသံနှင့်ပြောလိုက်၏။ ယန်းကျိုကွေနှင့် လုကျောင်းက သတ်ပုတ်နေရာမှ ရပ်တန့်လိုက်၏။

တံခါးစောင့်က....

"မင်းဘို့ကိုတရားသူကြီး ခေါ်နေတယ်"

ယန်းကျိုကွေနှင့်လုကျောင်းသည် အိမ်ဘက်ဆီသို့လှည့်ကြည့်လိုက်လေတော့သည်။



တရားသူကြီးသည် အိမ်ပေါက်ဝတွင် ခါးထောက်ကာ ရပ်တန့်နေ၏။

ယန်းကျိုကွေနှင့်လုကျောင်းမှာ ခေါင်းငုံ့ကာ ရပ်နေ၏။

"မင်းတို့နှစ်ယောက် ဘာဖြစ်နေတာလဲ"

ယန်းကျိုကွေက....

"သူက ကျွန်တော့်ကိုလိမ်ပြီး ကစားပါတယ်... ဒါကြောင့် ကျွန်တော့်ငွေတွေ ပြန်တောင်းနေတာပါ"

လုကျောင်းက....

"မဟုတ်ပါဘူးဗျာ... ကျွန်တော်က မှန်မှန်ကန်ကန် ကစားတဲ့လောင်းကစားသမားဆိုတာ အားလုံးသိပါတယ်... သူ ရှုံးသွားလို့ သူ့ငွေတွေ ကျွန်တော်ရတာပါ"

တရားသူကြီးသည် နှစ်ယောက်စလုံးမူးနေသည်ကို သတိပြုမိ၏။

အမူးသမားများမှာ ရန်ဖြစ်ပြီးလျှင် အမူးပြေသောအခါ ပြဿနာပြေလည်သွားလေ့ရှိသည်ကို သူက သိထား၏။

တရားသူကြီးက....

"မင်းတို့နှစ်ယောက်လုံး အရက်သောက်ထားကြတယ်... မဟုတ်လား"

ယန်းကျိုကွေက....

"ဟုတ်ကဲ့… ကျွန်တော်နည်းနည်းလေး သောက်ထားပါတယ်"

တရားသူကြီးက နှာခေါင်းရှုံ့ကာ လုကျောင်းအား ကြည့်လိုက်၏။

"မင်းကော…"

လုကျောင်းက…

"ကျွန်တော်လည်း နည်းလည်းပဲသောက်ထားတာပါ"

တရားသူကြီးက…

"မင်းတို့က ငါ့အိမ်ရှေ့မှာမူးနေပြီးသောင်းကျန်းနေတာ ငါ့ကိုစော်ကားရာရောက်တယ်… ဒါကြောင့် မင်းတို့ကိုပြစ်ဒဏ်ပေးရမယ်"

သူက တံခါးစောင့်အား ပေါက်တူးနှစ်လက်ယူခိုင်းလိုက်၏။

"မင်းတို့ညနေစောင်းတဲ့အထိ ငါ ခြံထဲမှာမြက်တွေရှင်းရမယ်"

"ဗျာ…"

ယန်းကျိုကွေနှင့်လုကျောင်းမှာ စိတ်ထဲတွင်ပျော်သွားသော်လည်း မကျေနပ်ဟန်ဆောင်ထားလိုက်၏။

တရားသူကြီးက……

"မင်းတို့အတူတူ မလုပ်နဲ့… နေရာခွဲပြီး လုပ်ရမယ်"

"ဟုတ်ကဲ့"

လုကျောင်းနှင့်ယန်းကျိုကွေမှာ တရားသူကြီးတို့အလစ်တွင် တစ်ယောက်ကိုတစ်ယောက် လက်မထောင်ပြလိုက်၏။

ထို့နောက် တစ်ယောက်က ဂေဟာရှေ့တွင်လည်းကောင်း



တစ်ယောက်က ဂေဟာနောက်တွင်လည်းကောင်း မြက်ပေါက်ကာ ခြံရှင်းနေလေတော့သည်။

## ပန်းချီဆရာသခင်လေးစုံ

သခင်လေးစုံသည် ပန်းချီပညာကို အနည်းငယ်တတ်မြောက်ထား၏။

အထူးသဖြင့် ရှုမျှော်ခင်းပုံနှင့်ပုံတူရေးဆွဲခြင်းကို ပိုကျွမ်းကျင်၏။ ယခု သူသည် ဆေးခွက်များ၊ စုတ်တံများယူဆောင်ကာ ရှုမျှော်ခင်းပုံဆွဲရန် ထွက်လာ၏။

သူက အခြားနေရာသို့မသွားပါ။ မြို့တော်ဝန်ဂေဟာရှိ အနောက်ဘက်ရှိ မြင်းဇောင်းနှင့်မလှမ်းမကမ်းတွင် နေရာယူလိုက်၏။

အမှန်တော့ သူက ပန်းချီဆွဲဟန်ဆောင်ကာ ဝက်ခြံနှင့်မြင်းဇောင်းများကို လေ့လာနေခြင်းဖြစ်၏။ သူက ပန်းချီရေးမည့် ကားချပ်ကိုချကာ တောတန်းအနေအထားကို လေ့လာနေ၏။

သူက အကြမ်းဆွဲပြီးသောအခါ သူ့အနားသို့ အသက်(၄၀)ခန့် လူကြီးတစ်ယောက်ရောက်လာ၏။ ထိုလူမှာ မြို့တော်ဝန်ဂေဟာမှဝက်ခြံမှူး ဖြစ်၏။

ဝက်ခြံမှူးက ပန်းချီကားပုံကြမ်းအားတစ်လှည့် သခင်လေး



စုံအားတစ်လှည့် ကြည့်နေ၏။

သခင်လေးစုံက မသိဟန်ဆောင်ကာ ပန်းချီကားဆက်ဆွဲနေ၏။

ဝက်ခြံမှူးက....

"ဒီမှာ ငါ့ကူ...."

သခင်လေးစုံက ယခုမှလှည့်ကြည့်ကာ မွန်ရည်စွာ ပြုံးပြလိုက်၏။

"ဘာကိစ္စလဲခင်ဗျာ"

ဝက်ခြံမှူးက....

"ငါ့တူက လူပုံကော ဆွဲသလားကွ"

သခင်လေးစုံက....

"ဟုတ်ကဲ့... ဆွဲပါတယ်"

ဝက်ခြံမှူးက....

"ဟန်ကျတာပဲကွာ... ကျုပ် သမီးပုံကိုဆွဲပေးပါလား"

သခင်လေးစုံမှာ ဝမ်းသာသွား၏။ မနက်ဖြန်ညသည် သူတို့လှုပ်ရှားရမည့်ညဖြစ်၏။

အကယ်၍ ဝက်ခြံမှူးအိမ်၌ ပန်းချီဆွဲနေရလျှင် မနက်ဖြန်ညအထိ အဆင်ပြေသွားမည်ဖြစ်၏။

သခင်လေးစုံက....

"စိတ်မရှိပါနဲ့ဗျာ... လူပုံတူဆွဲရင် အခကြေးငွေ များပါတယ်"

ဝက်ခြံမှူးက....

"ငွေကိစ္စကို စိတ်မပူပါနဲ့... ကျုပ်သမီးနဲ့တူအောင်သာ ဆွဲ

ပေးပါ... မင်းတောင်းသတလောက် ပေးပါ့မယ်"

ဝက်ခြံမှူးမှာ ငွေကြေးချမ်းသာပုံရ၏။ ထို့ပြင် မြို့တော်ဝန်၏ အမှုထမ်းဖြစ်သောကြောင့် အနည်းငယ် မာနကြီးနေ၏။

သခင်လေးစုံက....

"ဒီလိုဆိုရင်တော့ စိတ်ချပါ... မိတ်ဆွေရဲ့သမီးနဲ့မတူရင် ငွေတစ်စမှပေးစရာမလိုပါဘူး"

ဝက်ခြံမှူးက....

"ဒီလိုစကားကိုပဲ လိုချင်တယ်"

သူက သခင်လေးစုံအား အကဲခတ်လိုက်၏။ သခင်လေးစုံမှာ ချမ်းသာပြီး ပန်းချီကားဆရာပုံပေါက်သည်ကို အကဲခတ်မိ၏။

ရှခင်းပုံကြမ်းကိုကြည့်ကာ သဘောကျသဖြင့် သူက ချက်ချင်း အလုပ်အပ်လိုက်ခြင်းဖြစ်၏။

ဝက်ခြံမှူးက....

"ဒီကိစ္စကိုလက်ခံရင် ကျုပ် အိမ်လိုက်ခဲ့ပါဦး"

သခင်လေးစုံက ဝက်ခြံမှူး၏အိမ်အား တစ်ချက်အကဲခတ်ကာ....

"ကောင်းပါပြီခင်ဗျာ"

သူက ပစ္စည်းများ သိမ်းကာ ဝက်ခြံမှူးအိမ်သို့လိုက်ပါသွားလေတော့သည်။



သခင်လေးစုံသည် သူ့ကံကြမ္မာကို အံ့အားသင့်နေ၏။

သူလိုချင်နေသောအချက်အလက်များကို မပင်မပန်းစုံစမ်းနိုင်၏။

မြင်းဇောင်းမှာ ဝက်မွေးသောခြံကြီးနှင့် ကပ်လျက်ရှိသော်လည်း ပေနှစ်ဆယ်ခန့်ခြား၏။ မြင်းဇောင်းထဲတွင် မြင်းအကောင်နှစ်ဆယ်ခန့်ရှိသည်ကို သတိပြုမိ၏။

သူက မြင်းသုံးကောင်းအားချန်ပြီး ကျန်မြင်းများကို မီးလောင်သည်နှင့်တစ်ပြိုင်နက် မြို့တော်ဝန်ဂေဟာသို့ ရုတ်ရုတ်သဲသဲဖြစ်အောင် မောင်းသွင်းရန် စိတ်ကူးလိုက်၏။

မီးရှို့ရန် အကောင်းဆုံးနေရာမှာ ဝက်ခြံဖြစ်၏။ ဝက်တဲများမီးလောင်သည်နှင့်ဝက်များ မြင်းများ ခြေဦးတည့်ရာ ပြေးကြမည်ဖြစ်၏။

၎င်းတို့ပြေးလွှားရမည့်ဦးတည်ချက်မှာ မြို့တော်ဝန်ဂေဟာဖြစ်နေစေရမည်။ သခင်လေးစုံက ဝက်ခြံများ မြင်းဇောင်းများအားအကဲခတ်နေ၏။

ဝက်ခြံမှူးက ရှခင်းနေရာကောင်းကောင်းကြည့်နေသည်ဟုထင်၏။ အတန်ကြာမှ အိမ်ထဲသို့ဝင်ကာ တိုင်ကြ၏။

ဝက်ခြံမှူးက....

"ပုံတူဆွဲခအတွက် ကျုပ် ဘယ်လောက်ပေးရမလဲ"

သခင်လေးစုံက အနည်းငယ်စဉ်းစားကာ....

"ကျွန်တော် အချိန်နဲ့တွက်ရမှာပါ"

ဝက်ခြံမှူးက မျက်မှောင်ကုတ်ကာ....

"ဘယ်လို... အချိန်ဟုတ်လား"

"ဟုတ်ကဲ့"

ဝက်ခြံမှူးက....

"ကျုပ်ကိုရှင်းပြနိုင်မလား"

သခင်လေးစုံက....

"ဒီလိုပါ... ဦးသမီးက အချိန်များများပေးနိုင်မယ်ဆိုရင် နှစ်ရက်တည်းနဲ့ ဆွဲပေးနိုင်ပါတယ်... အချိန်သိပ်မပေးနိုင်ရင်တော့ တစ်ပတ်လောက် ကြာသွားပါလိမ့်မယ်... အဲ့ဒီတော့ ရက်အနည်းအများကို ကြည့်ပြီးမှ ငွေစကားပြောရမှာပါ... စိတ်ချပါ... ကျွန်တော် အတတ်နိုင်ဆုံး သက်သာအောင် ဆွဲပေးပါ့မယ်"

ဝက်ခြံမှူးက....

"ကောင်းပါပြီ... ငါ့တူ အဆင်ပြေသလိုသာ လုပ်ပါ"

သခင်လေးစုံက....

"အလုပ်အပ်မှာသေချာရင် ကျွန်တော် အခုပဲ အစပျိုးဆွဲချင်ပါတယ်"

ဝက်ခြံမှူးက ပြုံးကာ ခေါင်းညိတ်လိုက်လေတော့သည်။



အသက်(၁၇)နှစ်ခန့် မိန်းမပျိုလေးတစ်ဦး....။

သူမသည် ခုံတစ်ခုတွင် လက်ထောက်၍ထိုင်ကာ မျက်နှာကို ပြုံးထား၏။ သူမက တစ်နေရာတည်းသို့သာ စိုက်ကြည့်နေ၏။

အမှန်တော့ သူမက ပုံတူပန်းချီအဆွဲခံနေခြင်းဖြစ်၏။ သခင်လေးစုံမှာ မျက်နှာအနည်းငယ်ပျက်နေ၏။

သူသည် မိန်းကလေးများ၏အလှအပကို အလွန်စိတ်ဝင်စားသူဖြစ်၏။

လှပချောမောသော မိန်းကလေးများစွာကို တွေ့ဖူးသလို သာမန်မိန်းကလေးများကိုလည်း တွေ့ဖူး၏။

သို့သော် ဤကဲ့သို့ရုပ်ဆိုးသည့် မိန်းကလေးမျိုးကို မတွေ့ခဲ့ဖူးပါ။

ထိုမိန်းကလေးမှာ အသက်ငယ်ရွယ်ပြီး ကိုယ်ခန္ဓာအချိုးအစား ဖွံ့ဖြိုးလှပ၏။ မျက်နှာတစ်ခုတည်းသာ ရုပ်ဆိုးနေခြင်းဖြစ်၏။

နှာခေါင်းပြားကာ မျက်လုံးအနည်းငယ်ဇွေနေ၏။ နှုတ်ခမ်းထူကာ သွားများကျဲ၏။

မိန်းကလေးများ၏ အလှအပကိုမက်မောသောသခင်လေးစုံမှာ ထိုကဲ့သို့ရုပ်ဆိုးသောမိန်းကလေးကိုမြင်ရသည်မှာ ငိုချင်နေမိ၏။

ဝက်ခြံမှူးသည် အဘယ်ကြောင့်ရုပ်ဆိုးသောသမီး၏ပုံကို

ပုံတူဆွဲခိုင်းရပါသနည်း။

ဝက်များကိုခြောက်လှန့်ရန် သမီးဖြစ်သူ၏ပုံကို ဆွဲထားခြင်းလောဟု တွေးလိုက်၏။

မိန်းကလေးက သခင်လေးစုံအား ပြုံးပြလိုက်၏။ သခင်လေးစုံမှာ မျက်နှာမရှုံ့မိအောင် ထိန်းထားရ၏။

သူက မလွှဲသာ၍ ပြန်ပြုံးပြလိုက်ပြီး....

"ညီမလေး နာမည် ဘယ်လိုခေါ်သလဲ"

မိန်းကလေးက ရှက်စနိုးဟန်ဖြင့် သူ့အား ကြည့်ကာ....

"လီလီပါ"

သခင်လေးစုံက ဟန်လုပ်ပြုံးကာ....

"နာမည်လေးက လှလိုက်တာကွယ်"

လီလီက ရှက်ရွံ့ဟန်ဖြင့်....

"အို... အစ်ကိုကြီးကလဲ"

သူမက ခေါင်းငုံ့လိုက်သဖြင့် သခင်လေးစုံ၏အနံ့ချင်နေသော မျက်နှာကို မြင်မသွားပေ။

သခင်လေးစုံက....

"ကဲ... ကဲ... ညီမလေး ပန်းချီဆွဲရအောင် အဝတ်အစားလှလှ သွားဝတ်လိုက်နော်"

လီလီက သခင်လေးစုံအား တစ်ချက်ကြည့်ကာ အခန်းထဲသို့ဝင်သွား၏။

မိန်းကလေးမြင်တိုင်း ချစ်စကားပြောတတ်သောသခင်လေးစုံမှာ ရေနွေးကိုသာ တစ်ခွက်ပြီးတစ်ခွက် သောက်နေလိုက်လေတော့



သည်။

တစ်ခဏအကြာတွင် လီလီ ပြန်ရောက်လာ၏။ သူမက ပုံတူဆွဲရန် ထိုင်ခုံတွင်ထိုင်လိုက်၏။

သခင်လေးစုံက သူမ၏မျက်နှာကိုမကြည့်ပေ။ ခန္ဓာကိုယ်အနေအထားကိုသာကြည့်၍ စုတ်တံကိုကိုင်ကာ စတင်ရေးဆွဲလိုက်၏။

လီလီမှာ သခင်လေးစုံ၏မျက်နှာကိုသာ ငေးကြည့်နေ၏။

သခင်လေးစုံမှာ မကြာခဏ သက်ပြင်းချနေရ၏။

သူမ၏ ခန္ဓာကိုယ်သည် ခဏခဏ ပုံဟန်ပြောင်းနေသဖြင့် သခင်လေးစုံက သူမ၏ခန္ဓာကိုယ်အား ကိုင်တွယ်ကာ ပုံပြန်ပြင်ပေး၏။ ထိုအခါ သခင်လေးစုံမှာပင့်သက်ရှိုက်ရ၏။

အကြောင်းမှာ ထိုသို့ပြင်ပေးတိုင်း လီလီက သူ၏ လက်မောင်းကို ဆုပ်ကိုင်ကာ ပွတ် သပ်နေသောကြောင့် ဖြစ်၏။

"ဒုက္ခပဲ... သခင်လေးစုံရေ... မင်းတော့ ဝဋ်လည်ပြီထင်ပါရဲ့ကွာ"

သူက တစ်ကိုယ်တည်း စိတ်ထဲမှ ညည်းလိုက်လေတော့သည်။

ယနေ့သည် နှစ်လပိုင်း ဆယ့်ခြောက်ရက်နေ့ဖြစ်၏။
ချန်အန်းမြို့တော်သို့ စိန်တုံးကြီးသယ်ဆောင်သည့်အဖွဲ့

ရောက်လာမည့်နေ့ ဖြစ်၏။

မည်သည့်အချိန်တွင်ရောက်လာမည်ကို မသိရသေးသော်လည်း အချို့မှာ လှုပ်လှုပ်ရွရွဖြစ်နေ၏။

မနက်မိုးလင်းအချိန်မှာပင် ကျောင်းစုက ယန်းကျိုကွေ၏အခန်းသို့ရောက်ရှိလာ၏။

သူမသည် ယန်းကျိုကွေ စိန်တုံးခိုးယူမည့် ကိစ္စကို လုံးဝသဘောမတူပေ။

ယန်းကျိုကွေ တစ်စုံတစ်ခုဖြစ်မည်ကို သူမ အလွန်စိုးရိမ်၏။

သူမက အဘယ်ကြောင့် ဤမျှစိုးရိမ်နေပါသနည်း။ ယန်းကျိုကွေအား တစ်ဘက်သတ်ချစ်နေသောကြောင့် ဖြစ်၏။

ယန်းကျိုကွေက အရက်သောက်မထားပါ။

ကျောင်းစုက....

"အစ်ကိုယန်း...."

ယန်းကျိုကွေက....

"ကျောင်းစု အစောကြီးပါလား"

ကျောင်းစုက....

"အစ်ကို... အဲ့ဒီကိစ္စကိုဖျက်လိုက်လို့ မရဘူးလား"

ယန်းကျိုကွေက မျက်မှောင်ကုတ်ကာ....

"မင်း ငါ့ကိုဟန့်တားနေတာ သုံးခါရှိပြီ... ဘာဖြစ်လို့ဟန့်တားနေရတာလဲ... ငါ့ကို ဘယ်သူမှဟန့်တားလို့မရဘူး... မင်းက ဘာကြောင့်ဟန့်တားချင်ရတာလဲ"

သူ၏စိမ်းကားသောစကားကြောင့် ကျောင်းစုမှာခေါင်းငုံ့သွား



၏။ ယန်းကျိုကွေက သူမအား ကြည့်လိုက်၏။

ကျောင်းစု၏မျက်နှာငိုမဲ့မဲ့ဖြစ်နေသည်ကိုတွေ့ရသဖြင့် သူက စိတ်မကောင်းဖြစ်သွား၏။

သူမ၏အစ်မမှာ မိမိပယောဂကြောင့် သေရသဖြင့် သူမမှာ မိမိအိမ်ရောက်လာခြင်းဖြစ်သည် မဟုတ်ပါလား။

သူက သက်ပြင်းချကာ....

"ဒီကိစ္စက ငါ့ကိစ္စပါ... နင် အေးအေးဆေးဆေးသာ နေပါ"

ကျောင်းစုက....

"ကောင်းပါပြီ... ကျွန်မ မတားတော့ပါဘူး... ကျွန်မက အစ်ကို့အတွက် စိုးရိမ်လို့ပါ"

သူမကပြောပြီး အခန်းထဲမှ ပြန်လည်ထွက်ခွာသွားလေတော့သည်။

သခင်လေးစုံမှာ အိပ်ရာမှမနိုးသေးသော်လည်း အသံများကိုကြားနေရ၏။ စကားသံများဖြစ်၏။

ယန်းကျိုကွေနှင့် မိန်းကလေးတစ်ယောက်အသံဖြစ်၏။

တစ်ခဏအကြာတွင် တံခါးဝမှယန်းကျိုကွေ၏အသံထွက်ပေါ်လာ၏။

"သခင်လေးစုံ... ထဦးကွ... မင်း ဧည့်သည်ရောက်နေတယ်"

သခင်လေးစုံက ကုတင်ပေါ်မှထထိုင်လိုက်၏။ ထိုစဉ် အ

ခန်းထဲသို့ မိန်းကလေးတစ်ယောက်ဝင်ရောက်လာ၏။

သခင်လေးစုံက ထိတ်လန့်သွား၏။

"ဟော့... စောစောစီးစီး မင်းက ဘာလာလုပ်တာလဲ"

မိန်းကလေးမှာ လီလီဖြစ်၏။

လီလီက ပြုံးကာ....

"နေမြင့်နေပြီ အစ်ကိုကြီးရဲ့... ပုံဆွဲရမယ်လေ"

သခင်လေးစုံမှာ နဖူးကို လက်ဝါးဖြင့်ရိုက်ကာ....

"ဟာဗျာ... ဒီအချိန်ပုံဆွဲစရာလား.... ခဏနေရင် ကျုပ်လာခဲ့မှာပေါ့... မင်းကဘာဖြစ်လို့ ဒီအိမ်ထိရောက်အောင် လိုက်လာရတာလဲ"

လီလီက ကုတင်ပေါ်တွင်ထိုင်ကာ....

"အစ်ကိုကြီးက စကားပြောတာ သိပ်စိမ်းကားတာပဲ... ကျွန်မက အစ်ကိုကြီးကိုလာကြို့တာပေါ့"

"သေလိုက်ပါတော့ကွာ"

"အစ်ကိုကြီးက ဘယ်သူ့ကိုပြောတာလဲ"

သခင်လေးစုံက....

"ငါ့ကိုယ် ငါပြောတာပါ... ဒီလောက်အအိပ်ကြီးနေတာ သူများသတ်ရင်တောင် သေသင့်တယ်"

သူက အရွဲ့တိုက်ကာပြောလိုက်ခြင်းဖြစ်သော်လည်း လီလီက မျက်လုံးပြူးကာ....

"အစ်ကိုကြီးကို ဘယ်သူကသတ်မှာလဲ... သတ်ရဲတဲ့လူ ကျွန်မနဲ့တွေ့သွားမှာပေါ့"



"ခစ်... ခစ်...."

ရုတ်တရက် ရယ်သံထွက်ပေါ်လာသဖြင့် သခင်လေးစုံက မော့ကြည့်လိုက်၏။

ထိုအခါ တံခါးဝတွင်ရပ်ပြီး မိမိတို့အား ပြုံးကြည့်နေသော ကျင်းစုနှင့်ရှင်းယုံအား တွေ့လိုက်ရ၏။

သခင်လေးစုံမှာ ထူပူသွားလေတော့သည်။

ရှင်းယုံက အခန်းထဲဝင်လာကာ....

"ညီမလေးက လှလိုက်တာ... သခင်လေးစုံနဲ့ရှေ့သွားနောက်လိုက် သိပ်ညီတာပဲ"

သခင်လေးစုံက နဖူးကို လက်ဖြင့်ရိုက်ကာ....

"ရှင်းယုံရယ်... ကိုယ့်အခန်းကိုယ် နေပါတော့လားဗျာ"

ကျင်းစုကလည်း....

"ဟုတ်တယ်... ညီမလေး... သခင်လေးစုံကိုလွှတ်မထားနဲ့နော်"

လီလီက....

"ကျွန်မက တကယ်ပဲလှလို့လား မမတို့ရဲ့... ဒါကြောင့် မမတို့ရဲ့အစ်ကိုကြီးက ကျွန်မကိုပုံတူပန်းချီ လာဆွဲပေးနေတာ"

ကျင်းစုက....

"ဟုတ်လား... တစ်အိမ်ထဲ အတူနေကြတာတောင် သခင်လေးစုံက မမတို့ကိုပုံတူပန်းချီဆွဲပေးတာ မဟုတ်ဘူး... ညီမလေးလို လှတဲ့လူကိုပဲ ဆွဲပေးတာ... သခင်လေးစုံက သိပ်သဘောကောင်းတယ်... သူက လှတဲ့မိန်းကလေးတွေဆို သိပ်ချစ်တာပဲသိလား"

သခင်လေးစုံ၏မျက်နှာရှုံ့မဲ့သွား၏။

လီလီက....

"ဟင်... မမတို့ပြောသလိုဆိုရင် ကျွန်မတော့ အစ်ကိုကြီးကို စိတ်မချနိုင်တော့ဘူး"

သခင်လေးစုံမှာ စိတ်မရှည်တော့ပါ။

"ကဲ... လီလီ... မင်းအရင် ပြန်နှင့်ပါ... ကျုပ် အခုပဲ လိုက်လာခဲ့ပါ့မယ်"

လီလီက....

"ကျွန်မစောင့်မယ်လေ"

သခင်လေးစုံက....

"ညီမလေးက လိမ္မာပါတယ်... ပြန်နှင့်ပါနော်"

သူက ချော့မော့ကာ အတင်းပြန်လွှတ်လိုက်ရလေတော့သည်။

လီလီပြန်သွားသည်နှင့် ယန်းကျိုကွေတို့သုံးဦးသည် လုပ်ဆောင်ရမည့်ကိစ္စများကို တိုင်ပင်လိုက်ကြ၏။

ယခုကိစ္စတွင် ယန်းကျိုကွေက ဦးဆောင်သူဖြစ်၍ အရာရာကိုဦးဆောင်စီစဉ်ပေးနရ၏။

သူက လုကျောင်းအား ကြည့်ကာ....

"လုကျောင်း... ကိုယ်ရံတော်တပ်သားဝတ်စုံတွေ ရပြီလား"



လုကျောင်းက....

"အဆင်သင့်ပဲ"

ယန်းကျိုကွေက....

"ငါတို့နှစ်ယောက်က ည(၁၂)နာရီ မထိုးမချင်း တရားသူကြီးခြံထဲမှာပဲ ရှိမယ်... (၁၂)နာရီ အုန်းမောင်းခေါက်တာနဲ့မြို့တော်ဝန် ဂေဟာထဲကိုဝင်ကြမယ်... အဲ့ဒီအချိန်မှာ အားလုံးအထိတ်တလန့်ဖြစ်အောင် မင်းက မီးရှို့ရမယ်"

သခင်လေးစုံက ခေါင်းညိတ်လိုက်၏။

"ငါ့အတွက် စိတ်ချပါ... အချိန်ကျရင် မီးလောင်နေစေရမယ်... မြင်းသုံးကောင်လည်း အဆင်သင့်ဖြစ်နေစေရမယ်... မင်းတို့သာ ကိစ္စအောင်မြင်အောင် လုပ်ခဲ့ကြပေတော့... ဩော်... တစ်ခုမေးရဦးမယ်"

ယန်းကျိုကွေက....

"မေးပါ"

သခင်လေးစုံက....

"မင်းတို့ကိစ္စမပြီးခင် ငါက မီးရှို့လိုက်ရင် အလွဲလွဲ အချော်ချော်ဖြစ်နိုင်မလား"

ယန်းကျိုကွေက....

"အဲ့ဒီအတွက်တော့ မပူနဲ့... ငါတို့နှစ်ယောက်က သန်းခေါင်အချိန်မှာ ပစ္စည်း ဘယ်မှာထားသလဲ... ဘယ်လိုဝင်ယူရမလဲဆိုတာ အားလုံးအဆင်သင့်ဖြစ်အောင် ဆောင်ရွက်ထားမယ်... အချိန်ကျရင်သာ မင်း တာဝန်ကျေပါစေ"

သခင်လေးစုံက....

"ကောင်းပါပြီ"

ယန်းကျိုကွေက....

"လှျို့ဝှက်ထောက်လှမ်းရေးသမားတွေနဲ့ ကိုယ်ရံတော်တပ်သားတွေက မြို့တော်ဝန်ဂေဟာနားမှာ ခြေချင်းလိမ်နေမှာတော့ အမှန်ပဲ... သူတို့မရိပ်မိအောင်တော့ မင်း လုပ်ရမယ်"

သခင်လေးစုံက ပြုံးလိုက်၏။

"ငါ့အတွက်တော့ မစိုးရိမ်ပါနဲ့... ငါက ဝက်ခြံမှူးရဲ့အိမ်မှာ သူ့သမီးကိုပုံတူဆွဲပေးနေရမှာ... ငါ့ကိုမသင်္ကာစရာ ဘာအကြောင်းမှ မရှိဘူး... မင်းတို့နှစ်ယောက်က တရားသူကြီးခြံထဲကို ဘယ်လိုလုပ်ဝင်အောင်လုပ်မှာလဲ"

"လွယ်ပါတယ်ကွာ"

ယန်းကျိုကွေက သူနှင့်လုကျောင်းရန်ဖြစ်ကာ တရားသူကြီးအိမ်ထဲတွင် မြက်ရှင်းနေရသည်ကို ပြောပြလိုက်၏။

သခင်လေးစုံက ရယ်မောကာ....

"တရားသူကြီးက မင်းတို့ကိုမသင်္ကာမဖြစ်ဘူးလား"

ယန်းကျိုကွေက....

"တရားသူကြီးရဲ့ခြံကို ငါတို့က စိတ်ပါလက်ပါရှင်းလိုက်တော့ သူက သဘောကျသွားတယ်ကွ... ဒါကြောင့် ဒီနေ့ ညထင်းလာပေါက်ပေးဖို့ ခေါ်ထားတယ်... တစ်ယောက်ကို ငွေငါးဆယ်ပေးမယ်လို့ ပြောထားတယ်... ဒါကြောင့် ငါတို့အတွက်က အဆင်သင့်ဖြစ်ပြီ... အလုပ်လုပ်ပြီး အဲ့ဒီခြံမှာကိုယ်ယောင်ဖျောက်နေရုံပဲ"



သခင်လေးစုံက မျက်မှောင်ကုတ်ကာ....

"အဲ့ဒီလိုဆိုရင် တံခါးစောင့်က မင်းတို့ပြန်မပြန်ကို မသိဘူးလား"

ယန်းကျိုကွေက ပြုံးကာ....

"ကျုပ်တို့က သေသေချာချာ စီစဉ်ပြီးသားပါကွ... တံခါးစောင့်ကို သေသေချာချာ နှုတ်ဆက်ပြီးမှပြန်မှာပါ... အပြင်ရောက်လာရင် အသင့်လုပ်ထားတဲ့ လှျို့ဝှက်ပေါက်ကနေ ပြန်ဝင်မှာပေါ့"

သခင်လေးစုံက....

"ဒီပစ္စည်းကို ကျုပ်တို့က ညတွင်းချင်းအပ်ရမှာလား"

ယန်းကျိုကွေက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... အဲ့ဒီညပဲ ရသေ့တောင်ကုန်းမှာယူမယ့်လူက စောင့်နေလိမ့်မယ်... ရသေ့တောင်ကုန်းမှာ ပစ္စည်းနဲ့ငွေနဲ့လဲပြီး ငါတို့သုံးယောက်ခွဲယူကြမယ်... ပြီးရင် တစ်နယ်စီ ထွက်ပြေးကြရမယ်"

သခင်လေးစုံက....

"ဟင်... ရှင်းယုံနဲ့ကျင်းစုကို ဒီအတိုင်းထားခဲ့မလို့လား"

ယန်းကျိုကွေက သူ့အား စိတ်ပျက်စွာကြည့်ကာ....

"သူတို့က မင်းအမျိုးတွေမို့လို့ ပူပန်နေရတာလား"

သခင်လေးစုံမှာ ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

တိဘက်နိုင်ငံမှ တရုတ်ပြည်ဘုရင်မင်းမြတ်ကို လက်ဆောင်

ပေးအပ်သော စိန်တုံးကြီး သယ်ဆောင်ရာလမ်းတစ်လျှောက်တွင် မြို့ရွာများမှမင်းမှုထမ်း၊ သူဌေးသူကြွယ်များသည် တအုံ့တဩပင် လာရောက်ကြည့်ရှုကြ၏။

ဘုရင်မင်းမြတ်ကလည်း မိမိအား တိဘက်ဘုရင်မင်းမြတ်က လက်ဆောင်ပေးသောစိန်တုံးကြီးကို ဂုဏ်ယူဝံ့ကြွားသောအနေနှင့် ရပ်နားသည့်မြို့ရွာများ၌ ကုန်သည်ကြီးများ၊ မင်းမှုထမ်းများ၊ အရာရှိ သူဌေးသူကြွယ်များအား ကြည့်ရှုရန် ခွင့်ပြုထား၏။

ယခု ထိုစိန်တုံးကြီးမှာ ချန်အန်းမြို့သို့ရောက်ရှိလာမည်ဖြစ်၏။

ထို့ကြောင့် ချန်အန်းမြို့မှ အရာရှိများ၊ ကုန်သည်ကြီးများ၊ သူဌေးသူကြွယ်ကြီးများသည် မြို့တော်ဝန်ဂေဟာသို့စုရုံးရောက်ရှိကာ စိန်တုံးကြီးအား ကြိုဆိုနေကြ၏။

ချန်အန်းမြို့၏မြို့စောင့်တပ်များမှာ မြို့ဝင်းမြို့ပြင်ထဲ၌ တင်းကျပ်စွာ စောင့်ကြည့်နေကြ၏။

အထူးသဖြင့် မြို့တော်ဝန်ဂေဟာ၏ပတ်ဝန်းကျင်တွင် အဆင့်မြင့်သိုင်းသမားများ စောင့်ကြည့်နေ၏။ ဝင်ရောက်လိုသူ မည်သူ့ကိုမဆို စစ်ဆေးပြီးမှဝင်ခွင့်ပြု၏။

ဝင်ရောက်လိုသူအားလုံးသည် အုပ်ချုပ်ရေးမှူးတာဟန်ရှေ့၌ အမည်၊ နေရပ်နှင့်အလုပ်အကိုင်ကိုရေးရ၏။

အုပ်ချုပ်ရေးမှူးနှင့်သိသည်ဖြစ်စေ မသိသည်ဖြစ်စေ ရေးရ၏။ ထိုလူများအား မြို့တော်ဝန်ဂေဟာ၏အထူးခန်း၌ စုဝေးနေထိုင်ခွင့်ပြုထား၏။



ထိုခန်းမ၌ စိန်တုံးကြီးအား တစ်ညရပ်နားမည်ဖြစ်၏။

နေ့လယ်ပိုင်း....။

မြို့တော်ဝန်ဂေဟာတွင် တဖြည်းဖြည်း များပြားလာ၏။

စိန်တုံးကြီးသယ်ဆောင်လာမည့်လမ်းမပေါ်ရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် ယန်းကျိုကွေ့တို့သုံးဦးထိုင်ကာ အရိပ်အခြည်ကို စောင့်ကြည့်နေကြ၏။

ထိုအချိန်တွင် လှိုဖုံးရှန်မှာလည်း တစ်ကိုယ်တည်း လှုပ်ရှားနေ၏။ သူက အခြားလူများထက် နတ်မိမယ်တလျှံအား စောင့်ကြည့်နေ၏။

သို့သော် အချိန်များ တစတစကုန်သွား၏။ နတ်မိမယ်တလျှံ၏ အရိပ်အယောင်အား မတွေ့ရသေးပါ။

လှိုဖုံးရှန်မှာ စိတ်ထဲတွင်သံသယဝင်လာ၏။

သူသည် နတ်မိမယ်တလျှံတည်းခိုသည့် တည်းခိုခန်းသို့ဝင်ရောက်ကာ တစေ့တစောင်း ရှာဖွေလိုက်၏။ အရိပ်အယောင်ပင် လုံးဝမတွေ့ရပါ။

သူက ဆိုင်လုလင်တစ်ယောက်အား အနားခေါ်ကာ တီးတိုးမေးလိုက်၏။

"ညီလေး... နတ်မိမယ်တလျှံဆိုတဲ့အမျိုးသမီး ဘယ်အခန်းမှာတည်းတာလဲ... ရှိသေးသလား"

သူကမေးရင်း ဆိုင်လုလင်လက်ထဲသို့ ငွေတုံးတစ်တုံးထည့်ပေးလိုက်၏။

ဆိုင်လုလင်က ဝမ်းသာသွားကာ....

"မရှိတော့ဘူး... မနက်အစောကြီးကတည်းက ငွေရှင်းပြီးထွက်သွားပြီဗျ"

လှိုဖုံးရှန်မှာ စိတ်မသက်မသာဖြစ်သွား၏။

နတ်မိမယ်တ လျှံသည် အမှန်တကယ် ပြန်သွားခြင်းလော။ သို့မဟုတ် ကိုယ်ယောင် ဖျောက်သွားခြင်းလော။

သူ့စိတ်ထဲတွင် သံသယဖြစ်မိ၏။ သို့သော် ယခုလောလောဆယ် သူက ဘာမှမတတ်နိုင်တော့ပါ။

လှိုဖုံးရှန်သည် နတ်မိမယ်တလျှံအား မျက်ခြေပြတ်သွားသည်နှင့်တစ်ပြိုင်နက် ငှက်မုဆိုး၊ တောင်ပင်လယ်နဂါး၊ မျက်လုံးသုံးလုံး စန်းမုတို့အား ဆက်လက်စောင့်ကြည့်နေလေတော့သည်။



## စိန်တုံးခိုးတဲ့ချယ်ရီ

ချယ်ရီ....။

အလွန်လှပသောပန်းအမည် ဖြစ်၏။

ယခုချယ်ရီမှာ အလွန်ချောမောလှပသော အမျိုးသမီးတစ်ယောက်၏ အမည်ဖြစ်၏။

ချယ်ရီသည် မြို့စောင့်တပ်မှူးကတော်ဖြစ်၏။ သူမသည် ယနေ့ရောက်လာမည့်စိန်တုံးကို အလွန်ကြည့်ချင်နေမိ၏။

သူမသည် ရတနာများကို အလွန်စိတ်ဝင်စားသူဖြစ်၏။

မိဘများမှာ ချမ်းသာကြွယ်ဝသူများဖြစ်၍ အဖိုးတန်ရတနာများကို အလွန်မက်မောမှန်း ချန်အန်းတစ်မြို့လုံး သိ၏။

အဖိုးတန်ရတနာ အသစ်အဆန်းရောက်သည့်ဆိုင်သို့ သူမအရင်ရောက်ရှိပြီးဝယ်လေ့ရှိ၏။

မိဘနှစ်ပါးမရှိတော့သဖြင့် မိဘများ၏ အမွေ နှစ်များအားလုံး သူမ ပိုင်ဆိုင်ကာ ယခုကဲ့သို့ ဝယ်နိုင်ခြင်းဖြစ်၏။

ယခုစိန်တုံးကြီးအား ကြည့်ရှုလိုသူများ၌ ယောကျ်ားများ

ထက် မိန်းမများက ပိုများနေ၏။

ထိုမိန်းမများမှာလည်း ချယ်ရီ၏အကြောင်းကို အားလုံးလိုလို သိထားကြ၏။

မြို့တော်ဝန်ဂေဟာရှိ စိန်တုံးကြီးကို အခြားမည်သူလာသည်ဖြစ်စေ မလာသည်ဖြစ်စေ ချယ်ရီက ရောက်အောင်လာလိမ့်မည်ကို မိန်းမအများစုက သိထားကြ၏။

အများစု၏အထင်မှာ မှန်ကန်နေ၏။ ချယ်ရီသည် ထိုစိန်တုံးကြီးအား ကြည့်ရှုလိုသဖြင့် နံနက်ကတည်းကပင် အခန်းထဲ၌ အလှပြင်နေ၏။

သူမသည် ချန်အန်းမြို့တွင် အချမ်းသာဆုံးဖြစ်သဖြင့် သူမက မည်သို့ဝတ်စားလာစေကာမူ 'အရမ်းလှတာပဲ' ဟု ချီးကျူးခံရ၏။

ချယ်ရီမှာလည်း ထိုသို့အချီးမွမ်းခံရလေပို၍ လှအောင်ပြင်ဆင်လေဖြစ်၏။

သူမက မျက်နှာကိုပြင်ဆင်ခြယ်သပြီး ထုံးဖွဲ့လိုက်သောအခါ....

"ဟယ်... ချယ်ရီ ဒီနေ့အရမ်းလှတာပဲ"

"ချယ်ရီကိုကြည့်ရတာ ဒီနေ့ ပိုနုသွားတယ်"

စသည်ဖြင့် ချီးကျူးခံရလေ့ရှိ၏။

အချို့သောသူဌေးကတော်များမှာ ချယ်ရီနှင့်ဆုံတွေ့လိုသဖြင့် တမင်တကာဆုံအောင် လာကြလေ့ရှိ၏။

ယခုချယ်ရီသည် ကြေးမုံပြင်ရှေ့တွင် အလှပြင်နေ၏။

ကြေးမုံပြင်၌ ထင်ဟပ်နေသောမျက်နှာအား သူမကိုယ်တိုင်



ကြည့်၍မဝပေ။

သူမသည် ခန္ဓာကိုယ်ရှေ့နောက်အနေအထားကိုကြည့်ကာ ကျေနပ်နေ၏။

ထို့နောက် သူမက တစ်နေရာသို့ မျက်လုံးရောက်သွားပြန်၏။

ထိုအခါ သူမ၏အရိပ်သည် သူမ၏ရှေ့တွင် ပေါ်နေ၏။

ချယ်ရီ၏လှပသောမျက်လုံးလေးများ ဝိုင်းစက်သွား၏။ အကြောင်းမှာ ထိုနေရာတွင် ကြေးမုံပြင်မရှိပါ။

ကြေးမုံပြင်မရှိဘဲ အဘယ်ကြောင့် သူမ၏အရိပ်ထင်ကျန်နေရပါသနည်း။

သူမ၏မျက်နှာတွင် အံ့ဩသောအရိပ်အယောင် ပေါ်လွင်လာ၏။ သို့သော် သူမ၏ပုံရိပ်မှာ အံ့ဩမှုမရှိဘဲ ပြုံးနေ၏။

ချယ်ရီမှာ ထိုအရိပ်အားကြည့်ကာ ကြက်သေ,သေနေ၏။

ထိုအရိပ်မှာ ချယ်ရီအတုပင်ဖြစ်၏။ ရုတ်တရက် ချယ်ရီအတုက ထရပ်လိုက်၏။

ချယ်ရီသည် ထိုအမျိုးသမီးအားကြည့်ကာ ကြောက်လန့်တကြားအော်လိုက်၏။

သို့သော် အသံထွက်မလာပါ။ အပ်ကလေးတစ်ခုက သူမ၏ လည်မျိုသို့စိုက်ဝင်သွားသောကြောင့် ဖြစ်၏။

"အစ်...."

ချယ်ရီသည် လည်ပင်းအား လက်နှစ်ဖက်ဖြင့်ဆုပ်ကိုင်ရင်း မျက်လုံးပြူးကာ လဲကျသွားလေသည်။

သူမ၏လည်ပင်းတွင် စိုက်ဝင်သွားသောအပ်ကလေးမှာ အလွန်ပြင်းထန်သည့်အဆိပ်သုတ်ထားသည် မဟုတ်ပါလား။

ချယ်ရီအတုသည် ချယ်ရီအစစ်၏အလောင်းအား အဝတ်ဗီရိုထဲထည့်ကာ သော့ခတ်ပိတ်လိုက်၏။

သူမ၏လှုပ်ရှားမှုမှာ တိကျလျင်မြန်၏။

ထိုစဉ် ခြေသံတစ်ခုထွက်ပေါ်လာသည်ကို ကြားလိုက်ရသဖြင့် သူမက ကမန်းကတန်း ကြေးမုံပြင်ရှေ့တွင်ထိုင်လိုက်၏။

ခြေသံမှာ တံခါးဝတွင် ရပ်သွားပြီ....

"ချယ်ရီ...."

ညင်သာသောခေါ်သံ ထွက်ပေါ်လာ၏။ အသံရှင်မှာ ချယ်ရီ၏ယောကျ်ား မြို့စောင့်တပ်မှူးကြီး ချင်းထိန်ဖြစ်၏။

ချယ်ရီက မထူးဘဲ တံခါးဝသို့မျက်နှာမူလိုက်၏။ တံခါးပွင့်သွားပြီး ချင်းထိန်ဝင်လာ၏။

သူက ချယ်ရီ၏ရှေ့တွင်ရပ်တန့်ကာ....

"ငါ့မိန်းမ ဒီနေ့အရမ်းလှနေတယ်"

ချယ်ရီက မျက်စောင်းလှမ်းထိုးကာ....

"ကိုယ့်မိန်းမကိုယ် မြှောက်နေတာပဲ"

ချင်းထိန်က ချယ်ရီအား နောက်ကျောမှသိုင်းဖက်ကာ....

"ငါ့မိန်းမက သိပ်လှနေတော့ တာဝန်ကိုတောင် မေ့ထားလိုက်ချင်ပြီ... ဒီနေ့ မသွားချင်တော့ဘူး"



ချယ်ရီမှာ မျက်လုံးဝိုင်းသွား၏။

သူမမှာ ချယ်ရီအစစ်မဟုတ်၍ ချင်းထိန်အား မပြုစုနိုင်ပါ။

"အစ်ကိုကလည်း ဘာတွေပြောနေတာလဲ... ကျွန်မ အလှပြင်ထားတာ ပျက်ကုန်မယ်... သွားစရာရှိတာသွားပါ... ဒီနေ့တာဝန် ... သိပ်အရေးကြီးတယ်"

ချင်းထိန်က....

"ဟုတ်တယ်... တာဝန်က အရေးကြီးနေလို့ နို့မဟုတ်ရင်...."

ချယ်ရီက သူ့လက်အား ဖြုတ်ကာ....

"ရှင်နော်... သွားတော့"

ချင်းထိန်က ရယ်မောကာ....

"သွားမှာပါကွာ... မိန်းမ အစောကြီးမသွားနဲ့လေ... သူတို့က နေ့လယ်မှရောက်မှာ... ငါ့မိန်းမကို တခြားလူတွေဝိုင်းကြည့်နေဦးမယ်"

ချယ်ရီက ပြုံးကာ....

"စိတ်ချပါ... ကျွန်မ နေ့လယ်မှလာမှာ... အခုမနက်စာကို ဗိတုန်းစားသောက်ဆိုင်မှာ ဝင်စားလိုက်ဦးမယ်... ပြီးတော့ တစ်ညလုံး မြို့တော်ဝန်ဂေဟာမှာနေမှာနော်"

ချင်းထိန်က....

"တစ်ညလုံး နေမယ်"

ချယ်ရီက နှုတ်ခမ်းစူကာ....

"ဘာလဲ... ရှင်က ကန့်ကွက်ဦးမလို့လား... အဲ့ဒီစိန်တုံးကြီး

ရှင့်ကိုမဝယ်နိုင်းပါဘူး... စိတ်ချပါ... ဒါပေမယ့် ဝအောင်တော့ ကြည့်ချင်တယ်ရှင်... ကျွန်မက အဲ့ဒီလိုပစ္စည်းတွေကို သိပ်မြတ်နိုးတယ်ဆိုတာ ရှင်သိရဲသားနဲ့...."

"ကောင်းပါပြီကွာ... မိန်းမသဘောပါ"

ချင်းထိန်က ချယ်ရီ၏နဖူးအား တစ်ချက်နမ်းရှုံ့ကာ ထွက်ခွာသွား၏။

ချယ်ရီမှာ ယခုမှပင် သက်ပြင်းတစ်ချက်ချလိုက်လေတော့သည်။

ချယ်ရီသည် အနီရောင်ဝတ်စုံကို လှပစွာ ဝတ်ဆင်ထား၏။

သူမသည် ခါတိုင်း ချယ်ရီအပြင်သွားလျှင် ဘာနှင့်သွားတတ်မှန်းမသိပေ။ ယခု မိမိက ဘာပြောရမည်နည်းဟု တွေးနေ၏။

အိမ်သူအိမ်သားများသည် သူမအား ငေးကြည့်နေသဖြင့် စိတ်ထဲတွင် အနည်းငယ်ထင့်သွား၏။

သို့သော် မျက်နှာကို ခပ်တည်တည်ထားကာ....

"ငါသွားဖို့ အဆင်သင့်ဖြစ်ပြီလားဟေ့"

လူငယ်တစ်ဦးက ဦးညွှတ်ကာ....

"ဟုတ်ကဲ့... မြင်းရထားကို အဆင်သင့်လုပ်ပြီးပါပြီ သခင်မလေး"

ချယ်ရီမှာ ဘဝင်ကျသွားကာ....



"သွားကြစို့"

မြင်းရထားမှာ သူမရှေ့သို့ရောက်လာ၏။ ချယ်ရီက မြင်းရထားပေါ်သို့ တက်လိုက်၏။

သူမက တံခါးပြန်ပိတ်ပြီး....

"ပိတုန်းစားသောက်ဆိုင်ကို အရင်သွားမယ်"

မြင်းလှည်းမှာ ခြံဝင်းထဲမှဖြည်းညင်းစွာ ထွက်ခွာသွားလေတော့သည်။

ပိတုန်းစားသောက်ဆိုင်....။

ချန်အန်းမြို့တွင် အကျော်ကြားဆုံးနှင့်ဈေးအကြီးဆုံးဆိုင်ဖြစ်၏။

ထိုဆိုင်တွင် စားသောက်တည်းခိုသူများမှာ ငွေကြေးချမ်းသာသောသူဌေးသူကြွယ်၊ ကုန်သည်များနှင့်မင်းစိုးရာဇာများဖြစ်၏။ တော်ရုံချမ်းသာသူပင် ထိုနေရာ၌ ငွေမဖြုန်းနိုင်ပေ။

သို့သော် လီဖုံးရှန်သည် တမင်တကာပင် ဤဆိုင်သို့ငွေကုန်ခံကာ လာ၏။

ဤဆိုင်မှ အစားအသောက်များကို မက်မောသောကြောင့် မဟုတ်ပါ။

မျက်စိသုံးလုံး စန်းမုမှာ ဤဆိုင်တွင်တည်းခိုနေသဖြင့် သူက အကဲခတ်ရန် လာရောက်ခြင်းဖြစ်၏။

သူသည် မျက်စိသုံးလုံးစန်းမှုကိုသာ စိတ်ဝင်စားပြီး အခြားမည်သူ့ကိုမှ ဂရုမစိုက်ပေ။

သူ့ရှေ့မှ မြို့စောင့်တပ်မှူးကြီး ချင်းထိန်၏ဇနီး ချယ်ရီဖြတ်သွားသည်ကို တွေ့လိုက်သော်လည်း စိတ်မဝင်စားပေ။

သူသည် ချယ်ရီ၏အကြောင်းအား ကောင်းစွာသိထား၏။

ချယ်ရီသည် ချန်အန်းမြို့တွင် အချမ်းသာဆုံးအမျိုးသမီးဖြစ်ပြီး ရတနာပစ္စည်းများကို အလွန်တပ်မက်သူဖြစ်၏။

ထို့ကြောင့် သူမအား အထွေအထူး ဂရုမစိုက်မိပါ။

ချယ်ရီမှာ သီးသန့်ခန်းတစ်ခုထဲသို့ဝင်ရောက်ပြီး အရက်နှင့်စားစရာအချို့ မှာကြားလိုက်၏။

မကြာပါချေ။ သူမအခန်းထဲသို့ အဖိုး တန်ဝတ်စုံဝတ်ဆင်ထားသည့် လူတစ်ယောက်ဝင်လာ၏။

အနီရောင်ပိုးဖဲအင်္ကျီကိုဝတ်ဆင်ထားသဖြင့် တောက်တောက်ပပ ဖြစ်နေ၏။

ထိုလူက ချယ်ရီ၏ရှေ့တွင် ခပ်တည်တည်ဝင်ထိုင်ကာ ချယ်ရီအား စိုက်ကြည့်လိုက်၏။

သူ၏မျက်လုံးအစုံမှာ ရူးရှလှ၏။ ချယ်ရီ၏မျက်နှာတွင် ပန်းနုရောင်ဖြစ်နေ၏။

သူမက အရက်အနည်းငယ်သောက်ထားကြောင့် ဖြစ်၏။

ထိုလူက....

"မင်း သိပ်လှတာပဲ... မင်းသာ ကြို့ပြောမထားရင် ချယ်ရီအစစ်လို့ထင်မိမှာပဲ"



ချယ်ရီက နှုတ်ခမ်းစူကာ....

"ဘာလဲ... ချယ်ရီကလှပြီး ကျွန်မကမလှဘူးလို့ ရှင်ဆိုလိုတာလား"

ထိုလူက....

"မင်းတို့နှစ်ယောက်လုံးက မိန်းမလှလေးတွေပါပဲ... ကိစ္စပြီးရင်တော့ မင်းနဲ့တွေ့ချင်သေးတယ်"

ချယ်ရီက ပြုံးကာ....

"အခုတော့ ရှင်က ကျွန်မကို စရံအဖြစ် ရွှေငါးဆယ်သားပေးမယ် မဟုတ်လား"

ထိုလူက ပြုံးကာ ခေါင်းညိတ်လိုက်၏။

"ပေးရမှာပေါ့ဗျာ"

သူက အင်္ကျီရင်ဘတ်ထဲမှ အထုပ်တစ်ထုပ်အား ချယ်ရီထံ လှမ်းပေးလိုက်၏။

ချယ်ရီက အထုပ်အား တစ်ချက်ကြည့်ပြီး ခါးတွင်ချည်ကာ....

"ကိစ္စပြီးရင် ဘယ်ကိုပို့ပေးရမှာလဲ"

ထိုလူက....

"ဒီဆိုင်ပဲ အခန်းတစ်"

သူကပြောပြီး နှုတ်ပင်မဆက်တော့ဘဲ အခန်းထဲမှထွက်ခွာသွားလေတော့သည်။

အနီရောင်ဝတ်စုံနှင့်လူမှာ တစ်ခါမှမမြင်ဖူးသော်လည်း လှိုဖုံးရှန်က စိတ်မဝင်စားပါ။

သို့သော် ထိုလူက တပ်မှူးကြီးချင်းထိန်၏ဇနီးချယ်ရီနှင့် ဝင်ရောက်တွေ့ဆုံသည်ကိုမူ သတိပြုမိ၏။

သို့ရာတွင် ချယ်ရီမှာ ထင်ပေါ်သောအမျိုးသမီးဖြစ်သဖြင့် အရာရှိများ၊ ကုန်သည်များကဝင်ရောက်တွေ့ဆုံခြင်းဖြစ်သည်ဟု ယူဆ၏။

လှိုဖုံးရှန်းသည် ဈက်လုံးသုံးလုံးစန်းမှုကိုသာ အာရုံစိုက်နေလိုက်၏။ စန်းမှုမှာ သူ့မိတ်ဆွေများနှင့်စကားပြောနေ၏။

စန်းမှုအား ကြည့်ရသည်မှာ လူဆိုးတစ်ယောက်နှင့် လုံးဝမတူသည့်အပြင် စိန်တုံးကီစွကိုလည်း စိတ်ဝင်စားဟန်လုံးဝမပြပါ။

ထို့ကြောင့် စန်းမှုအပေါ် သံသယပျောက်သွား၏။

သူက လွှတ်ထားရန်မဖြစ်သဖြင့် မျက်ခြေမပြတ်စောင့်ကြည့်နေခြင်းပင် ဖြစ်၏။

ထိုဆိုင်ထဲတွင် ဈက်လုံးသုံးလုံးစန်းမှုကို စောင့်ကြည့်နေသော လူဆိုးထိန်းအချို့ကိုလည်း တွေ့လိုက်ရသဖြင့် သူက စိတ်ချသွား၏။

ထိုစဉ် ချယ်ရီနှင့်ဝင်တွေ့သော အနီရောင်ဝတ်စုံနှင့်လူမှာ



အခန်းတစ်ထဲသို့ ဝင်သွားသည်ကို တွေ့လိုက်ရ၏။

သူက စိတ်ဝင်စားသွားသဖြင့် ဧည့်စာရင်းမှတ်တမ်းတင်သောစာရေးထံ မေးမြန်းလိုက်၏။

"အခန်းတစ်မှာတည်းတဲ့လူကြီးက ဘယ်သူလဲဗျ... တစ်ခါမှမမြင်ဖူးဘူး... ရုပ်ရည်ကသားသားနားနားမို့လို့ မေးကြည့်တာပါ"

စာရေးက စာအုပ်အား ပြန်လှန်ကြည့်ကာ....

"မြင်းကုန်သည် ဖိမာပါ"

လှိုဖုံးရှန်က ခေါင်းညိတ်ကာ မှတ်သားလိုက်လေတော့သည်။

လမ်းမပေါ်မှလူများ လှုပ်လှုပ်ရွရွ ဖြစ်လာ၏။

ဆိုင်ထဲမှလူများသည် လမ်းမပေါ်သို့ကြည့်လိုက်ကြ၏။

အလံတလူလူလွှင့်ထူထားသောမြင်းသည်တော်အချို့အား တွေ့မြင်လိုက်ရ၏။

အလံများ စိုက်ထူထားသည့်မြင်းများမှာ အကောင် ၃၀ ခန့်ရှိ၏။

မြင်းသည်တော်(၃၀)၏နောက်တွင် ကိုယ်ရံတော်တပ်သားများလည်း မြင်းကိုယ်စီနှင့်လိုက်လာကြ၏။

၎င်းနောက်မှ အလုံပိတ်မြင်းရထားအား ထိပ်တန်းသိုင်းသမားများခြံရံကာ သယ်ဆောင်လာ၏။

ထိုမြင်းရထားထဲတွင် မြို့တော်ဝန်လိုက်ပါလာ၏။ မြို့တော်ဝန်နှင့်အတူ စိန်တုံးကြီးလည်းပါလာ၏။

ထိုမြင်းရထားနောက်တွင် အယောက်(၁၀၀)ခန့်ပါသော တပ်ဖွဲ့ကြီးတစ်ဖွဲ့လည်း လိုက်ပါလာ၏။

ဤမျှ အစောင့်အရှောက်များပြားသော စိန်တုံးကြီးအား မည်သူက ရုတ်တရက် လုယူရဲပါမည်နည်း။

မြို့တော်ဝန်ဂေဟာတွင် အထက်တန်းလွှာမှပုဂ္ဂိုလ်များ စုံစုံညီညီ ရောက်ရှိနေကြ၏။

မြို့တော်ဝန်တပ်ဖွဲ့ ရောက်ရှိပြီးမကြာမီပင် မြို့တော်ဝန်ခန်းမကြီးထဲ၌ ဧည့်သည်များ စုဝေးရောက်ရှိလာကြ၏။

မြို့တော်ဝန်သည် စိန်တုံးထည့်ထားသောသေတ္တာအား ကလပ်တစ်ခုပေါ်တွင် တင်လိုက်၏။

လူကြီးလက်ဝါးတစ်ခုစာမျှကြီးမားသောစိန်တုံးကြီးသည် တောက်ပကြည်လင်လှပနေ၏။ မြင်ရသူတိုင်းမှာ အသက်ရှူမှားမတတ်ဖြစ်နေ၏။

ထိုစိန်တုံးကြီးတင်ထားသောကလပ်၏နောက်တွင် အစောင့်လေးယောက်မှာ အချိန်ပြည့်စောင့်ကြပ်နေ၏။

ဧည့်ပရိသတ်များမှာ တိုးဝှေ့ကာ ရင်သပ်ရှုမောကြည့်နေကြ၏။

အချိန်အတော်ကြာမှ နေလုံးကြီးပျောက်ကွယ်ချိန်မှ ဧည့်ပရိသတ်များ တဖြည်းဖြည်း စဲသွား၏။

နောက်ဆုံးတွင် ပရိသတ်ငါး ယောက်ခန့်သာ ကျန်တော့၏။



ထိုငါးယောက်ထဲတွင် ချယ်ရီလည်း အပါအဝင်ဖြစ်၏။ တစတစနှင့်ညဉ့်နက်လာ၏။

မြို့ခံပုဂ္ဂိုလ်ကြီးများနှင့် မြို့တော်ဝန်သည် စားသောက်ခန်း၌ စကားပြောရင်း စားသောက်နေကြ၏။

ချယ်ရီသည် ပတ္တမြားထားသော အခန်းထဲသို့ဝင်ကာ မြို့စောင့်တပ်မှူးကြီးချင်းထိန်အား ရှာဖွေနေ၏။

ယခုအခါ စိန်တုံးထည့်သောသေတ္တာပိတ်လိုက်ပြီဖြစ်၍ မည်သူမျှကြည့်ခွင့်မရတော့ပါ။ ချယ်ရီက ဒုတိယအကြိမ် ထပ်မံကြည့်ရှုလိုသဖြင့် ချင်းထိန် အား ရှာနေခြင်းဖြစ်၏။

ထိုစဉ် သူမအနားသို့ ချင်းထိန်ရောက်လာ၏။

ချင်းထိန်က ပြုံးကာ....

"ချယ်ရီ... ကြည့်လို့မဝသေးဘူးလား... အိမ်ပြန်တော့လေ... ငါက ဒီတစ်ညလုံး တာဝန်ကျနေတာ"

ချယ်ရီက နှုတ်ခမ်းစူကာ....

"ကျွန်မ တစ်ကြိမ်လောက် ထပ်ကြည့်ချင်သေးတယ်"

ချင်းထိန်က သူမအား လက်ဆွဲကာ လူရှင်းသည့်နေရာသို့ ခေါ်သွား၏။

ချယ်ရီက ကြောင်အံ့အံ့ဖြင့်....

"ဘာဖြစ်လို့လဲဟင်"

ချင်းထိန်က အသံတိုးတိုးဖြင့်....

"စိန်တုံးက အဲ့ဒီနေရာမှာမရှိတော့ဘူး မိန်းမရဲ့...."

ချယ်ရီက မျက်လုံးဝိုင်းကာ....

"ဟင်... ဘယ်ရောက်သွားပြီလဲ... ဟိုမှာသေတ္တာရှိနေတယ်လေ"

"အဲ့ဒီသေတ္တာက ဟန်ပြချထားတာ... အထဲမှာ စိန်တုံးမရှိတော့ဘူး"

"စိန်တုံးအစစ်ကကော...."

ချင်းထိန်က....

"စိန်တုံးက မြို့တော်ဝန်ရဲ့အခန်းထဲက သေတ္တာထဲရောက်နေပြီ... လုယက်မယ့်လူတွေပေါ်လာမှာစိုးလို့ သေတ္တာကိုနှစ်ခုလုပ်ထားတာ"

ချယ်ရီက....

"ဩော်... ဒီလိုလား... ဒါဖြင့်ရင် ကျွန်မ ပွဲပဲသွားကြည့်လိုက်ဦးမယ်"

ပန်းဥယျာဉ်ထဲတွင် ကပြဖျော်ဖြေပွဲရှိ၏။ ခရီးပန်းလာသော တပ်သားများအား ဖျော်ဖြေနေခြင်းဖြစ်၏။

ယနေ့ ညမြို့တော်ဝန်ဂေဟာတွင် ပျော်ရွှင်စရာကောင်းနေလေတော့သည်။

ယန်းကျိုကွေနှင့်လုကျောင်းသည် တရားသူကြီးခြံထဲတွင် ထင်းပေါက်နေကြ၏။

အတော်ညဉ့်နက်သည်အထိ သူတို့က အားကြိုးမာန်တက်



လုပ်ကြ၏။ အလုပ်ပြီးစီးမှ တရားသူကြီးကတော် ကျွေးမွေးသည့်ညစာကို စားကြ၏။

ထို့နောက် တစ်ယောက်ငါးဆယ်စီယူကာ တရားသူကြီးအိမ်မှပြန်ထွက်လာ၏။ တရားသူကြီးမှာ မြို့တော်ဝန်မှပြန်မလာသေးပေ။

ယန်းကျိုကွေနှင့်လုကျောင်းမှာ တရားသူကြီးဂေဟာမှခြံစောင့်များကို သေသေချာချာ နှုတ်ဆက်ပြီး တံခါးပေါက်မှထွက်လာကြ၏။

လရောင်ထင်လင်းနေသဖြင့် သူတို့သည် မှောင်ရိပ်ခိုကာ လျှို့ဝှက်စီစဉ်ထားသောနေရာမှ ပြန်ဝင်လာခဲ့၏။

သူတို့နားထဲတွင် တစ်ဘက်ခြံမှ ဆိုင်းသံ၊ သီဆိုသံများကို ကြားလိုက်ရ၏။

ယန်းကျိုကွေနှင့်လုကျောင်းသည် ကိုယ်ရံတော်ဝတ်စုံဝတ်ဆင်ကာ ခြံစည်းရိုးချုံကွယ်သို့ တိုးဝင်လိုက်၏။

ယန်းကျိုကွေက လေသံတိုးတိုးဖြင့်....

"ပစ္စည်းကို စည့်ခန်းမှာ မင်းတွေ့ခဲ့တယ် မဟုတ်လား"

လုကျောင်းက ခေါင်းညိတ်လိုက်၏။

"တွေ့တယ်"

သူတို့အနားတွင် အစောင့်တစ်ယောက်ရှိနေသဖြင့် စကားကိုတီးတိုးပြောနေရ၏။

ယန်းကျိုကွေက ခေါင်းတစ်ချက်ဆတ်ပြလိုက်၏။ လုကျောင်းက ခေါင်းညိတ်ကာ ယန်းကျိုကွေအနားမှ ခွာလိုက်၏။

မကြာပါချေ... ထိုအစောင့်မရှိတော့ပါ။

လုကျောင်းက ယန်းကျိုကွေအနားသို့ရောက်ရှိလာ၏။

ယန်းကျိုကွေက....

"အချိန်နီးပြီ... ငါ အဲ့ဒီနေရာကိုအစားဝင်ပြီး ဧည့်ခန်းဘက်ကို တဖြည်းဖြည်း လျှောက်သွားမယ်... မီးလောင်တာနဲ့ငါက သေတ္တာကိုယူပြီး ဒီကပြန်ထွက်မယ်... ငါ့နောက်က ရန်သူပါလာရင် မင်းက ဆီးတိုက်ပြီး ခြံအနောက်ဘက်ကိုရောက်အောင် လာခဲ့ပါ... အဲ့ဒီဘက်မှာ မြင်းအသင့်စောင့်နေမယ်"

"ကောင်းပြီ... ငါတို့အချိန်စောင့်ကြတာပေါ့"

အတော်လေး ညဉ့်နက်လာပြီဖြစ်၏။

သခင်လေးစုံ ပန်းချီရေးဆွဲနေသောအခန်းသို့ ဝက်ခြံမှူးဝင်ရောက်လာ၏။

"ဪ... ပန်းချီဆရာ မပြန်သေးဘူးလား"

သခင်လေးစုံက....

"ဟုတ်ကဲ့... မနက်ဖြန်မနက် ကျွန်တော်ခရီးထွက်စရာရှိလို့ ဒီပန်းချီကားကို အပြီးသတ်ရေးနေတာပါ"

ဝက်ခြံမှူးသည် ပန်းချီကားအား တစ်ချက်လှမ်းကြည့်လိုက်၏။ သူက အလွန်အံ့အားသင့်သွား၏။

ပုံတူပန်းချီကားသည် လီလီနှင့်အလွန်တူပြီး ဘေးတိုက်အနေအထားရေးဆွဲထားသဖြင့် အလွန်ပင်လှပနေ၏။



ဤနေရာတွင် သခင်လေးစုံက ပညာသားပါ၏။

သူက ရုပ်ဆိုးသူအား မျက်နှာရှေ့တည့်တည့်မှမဆွဲဘဲ ဘေးတစောင်းအနေအထားဆွဲသဖြင့် မျက်လုံးစွေခြင်းကိုလည်းကောင်း၊ နှုတ်ခမ်းထူကာ သွားကျဲခြင်းကိုလည်းကောင်း မပေါ်လွင်တော့ပေ။

"ငါ့သမီးက ဒီလိုကြည့်တော့ သိပ်လှတာပဲ"

ဝက်ခြံမှူးက ပြောကာ....

"သမီးရေ... လီလီ... ပန်းချီဆရာအတွက် တစ်ခုခုစားသောက်ဖို့ စီစဉ်ပေးပါဦး"

လီလီက ရေနွေးကြမ်း၊ နွားနို့နှင့်မုန့်အချို့တို့ကိုစီစဉ်ကာ ထွက်လာ၏။

ဝက်ခြံမှူးက....

"ပန်းချီဆရာ... ကျုပ် မြို့တော်ဝန်ဂေဟာဘက်ကိုသွားလိုက်ဦးမယ်... ပန်းချီဆွဲခမနက်ကျမှ ပေးမယ်နော်"

"ရပါတယ်ဗျာ"

အချိန်မှာ စောသေးသော်လည်း သခင်လေးစုံမှာ အုန်းမောင်းဆယ့်နှစ်ချက်ခေါက်မည့်အချိန်ကို စောင့်နေ၏။

လီလီမှာ သူ့အနားတွင် ပွတ်သီးပွတ်သပ်ထိုင်နေသဖြင့် အနေခက်ကာ စိတ်ညစ်နေ၏။

အကယ်၍ သူမအား အနားမှခွာအောင်မလုပ်နိုင်လျှင် ဤ

ညသူက မည်သို့မီးရှို့ရပါမည်နည်း။

သခင်လေးစုံက ပြုံးလိုက်၏။

"လီလီ... ညီမကို မိဘတွေက သိပ်အလိုလိုက်တာပဲနော်"

"ဘာဖြစ်လို့လဲ"

"အခုအချိန်အထိ မအိပ်တာကိုမပြောကြဘူး"

လီလီက ပြုံးကာ....

"ကျွန်မမှာ အမေမရှိတော့ဘူး... အမေနဲ့အဒေါ်က ကျွန်မ ဘယ်လိုနေနေ မပြောကြဘူး"

သခင်လေးစုံက ပြုံးကာ....

"ကျုပ် အရက်နည်းနည်းသောက်ချင်တယ်"

လီလီက ထသွားပြီး အရက်နှင့်စားသောက်စရာ ယူလာပေးလိုက်၏။

"အဖေသောက်တဲ့အရက်တွေအများကြီး ရှိသေးတယ်... အစ်ကိုမဝသေးရင် ထပ်ယူပေးဦးမယ်"

သခင်လေးစုံက ပြုံးလိုက်၏။ ဝက်ခြံမှူးမှာ ယန်းကျိုကွေကဲ့သို့ လူစားလားဟု တွေးမိ သောကြောင့် ဖြစ်၏။

အရက်မှာ အကောင်းစားအရက်ဖြစ်သဖြင့် သခင်လေးစုံက သဘောကျသွား၏။

"အရက်က ချိုလိုက်တာ"

လီလီက မျက်မှောင်ကုတ်ကာ....

"အရက်က ချိုလို့လား"

"ဟုတ်တယ်... မယုံရင် သောက်ကြည့်ပါလား"



လီလီက သခင်လေးငှဲ့ထားသည့်အရက်အား တစ်ငုံသောက်လိုက်၏။

"ဟင်... မချိုပါဘူး"

သခင်လေးစုံက ပြုံးကာ....

"တစ်ယောက်တည်း အရက်သောက်ရတာပျင်းဖို့ကောင်းတယ်"

လီလီက ထရပ်ကာ....

"ဒါဆို ဝက်ခြံအလုပ်သမားတွေ သွားခေါ်ပေးမယ်"

သခင်လေးစုံက....

"မခေါ်ပါနဲ့တော့... အချိန်မရှိတော့ဘူး"

"ဒါဖြင့်လည်း အစ်ကိုမပျင်းရအောင် ကျွန်မအနားမှာ အဖော် လုပ်ပေးမယ်"

"ပင်ပန်းပါတယ်ကွာ... ညီမ သွားအိပ်တော့နော်"

"ဟင့်အင်း... ကျွန်မ အစ်ကို့နားမှာမိုးအလင်းထိနေမယ်"

"သေလိုက်ပါတော့ကွာ"

သခင်လေးစုံက စိတ်ထဲမှညည်းလိုက်၏။

"ကဲ... ဒါဖြင့် ညီမလည်း နည်းနည်းသောက်ပါ"

လီလီက သခင်လေးစုံအား ပြုံး၍ကြည့်ကာ....

"အစ်ကိုသာတိုက်မယ်ဆိုရင် ကျွန်မက အများကြီးလည်း သောက်မှာပဲ"

လီလီသည် အရက်တော်တော်များများပင် သောက်လိုက်၏။ သူမ၏မျက်နှာတစ်ခုလုံး နီရဲလာကာ မျက်လုံးများတောက် ပ

လာ၏။

သခင်လေးစုံမှာ စိတ်လှုပ်ရှားနေ၏။ လီလီ အမြန်ဆုံး အိပ်ပျော်မှဖြစ်ပေမည်။ သန်းခေါင်ယံအချိန်သည် တစတစနီးကပ်လာပြီ မဟုတ်ပါလား။

လီလီမှာ အလွန်ပင်မူးနေ၏။ သူမက ရဲတင်းစွာပင် သခင်လေးစုံ၏လည်ပင်းအား ဖက်လိုက်၏။

"အစ်ကို... ကျွန်မ အစ်ကို့ကိုချစ်နေတယ်ဆိုတာ သိလားဟင်"

သခင်လေးစုံမှာ စိတ်လှုပ်ရှားနေ၏။ သူသည် ချောမောသောမိန်းကလေးများကို အလွတ်မပေးဘဲ ချစ်စကား ကြိုက်စကားများ ပြောခဲ့၏။

ယခုရုပ်ဆိုးပြီး ရဲတင်းသောမိန်းကလေးက သူ့အား ချစ်စကားစပြောလာပြီဖြစ်၏။ သူမက လည်ပင်းကိုအတင်းဖက်ထားသဖြင့် အသက်ရှူကျပ်လာ၏။

ထို့ပြင် အခြားလူတွေ့မြင်မည်ကိုလည်း သူက စိုးရိမ်နေ၏။

သို့သော် သူ့အခန်းသို့ ဝက်ခြံမှူးနှင့်လီလီမှလွဲပြီး မည်သူမျှ ရောက်မလာပေ။

ဝက်ခြံမှူးမှာလည်း မြို့တော်ဝန်ဂေဟာသို့ ရောက်ရှိနေ၏။

သခင်လေးစုံမှာ ချွေးပြန်လာ၏။ လီလီအား အလိုက်အထိုက် ဆက်ဆံမှဖြစ်မည်ကို နားလည် လိုက်၏။

"အစ်ကိုကလဲ ချစ်ပါတယ်ကွာ"

"အစ်ကို တကယ်ပြောတာလား"



သခင်လေးစုံက အရက်တစ်ခွက်ပြီးတစ်ခွက် ငှဲ့ပေးလိုက်၏။

လီလီက ငှဲ့ပေးသမျှကိုသောက်နေ၏။

သို့သော် အိပ်မပျော်နိုင်သေးဘဲ သခင်လေးစုံ၏လက်မောင်းများကိုဆုပ်ညှစ်ကာ ရင်အုံအား ပွတ်သပ်ပေးနေ၏။

သခင်လေးစုံက သူမအားကျေနပ်စေရန် တစ်ချက်ငုံ့နမ်းလိုက်၏။

လီလီက သခင်လေးစုံ၏လည်ပင်းအား သိုင်းဖက်ကာ မီးအိမ်အား ငြိမ်းသတ်လိုက်လေတော့သည်။

***

အခန်းတစ်ခုလုံး မှောင်သွား၏။

လီလီနှင့်သခင်လေးစုံမှာ မူးနေကြပြီဖြစ်၏။ အရက်သည် အသိစိတ်အားပျောက်စေ၏။

နေရာမှာ လွတ်လပ်တိတ်ဆိတ်ပြီး လူသူကင်းကာ အမှောင်ထုလွှမ်းနေ၏။ လီလီသည် သခင်လေးစုံအားဖက်ကာ နမ်းနေ၏။

သခင်လေးစုံက သူမ၏ခန္ဓာကိုယ်အား ထိကပ်လိုက်ရာ အဝတ်အစားကင်းမဲ့နေ၏။ သူက ထိတ်လန့်တုန်လှုပ်သွား၏။

သူသည် သာမန်ယောကျ်ား တစ်ယောက်သာ ဖြစ်၏။ အထိအတွေ့၏ဆွဲဆောင်မှုအား ရုန်းမထွက်နိုင်ပါ။

နှစ်ယောက်စလုံး အသက်ရှူသံများမြန်ဆန်ကာ အာရုံခံစားမှုနောက်သို့ လိုက်ပါသွားလေတော့သည်။

အချိန်မည်မျှကြာသွားမှန်း မသိပါ။

"တုံ... တုံ...."

အုန်းမောင်းခေါက်သံ(၁၂)ချက်တိတိ ထွက်ပေါ်လာ၏။

သခင်လေးစုံက လူးလဲထလိုက်၏။

ထိုအချိန်တွင် လီလီမှာအိပ်ပျော်သွားပြီ ဖြစ်လေသည်။

ယန်းကျိုကွေသည် ကိုယ်ရံတော်တပ်သားတစ်ယောက်၏ နေရာတွင် တာဝန်ယူထား၏။

မြို့တော်ဝန်ဂေဟာတစ်ခုလုံး တဖြည်းဖြည်း ငြိမ်သက်စပြု လာ၏။

သူကနေရာမှထကာ ဟိုဟိုသည်သည် လမ်းလျှောက်လိုက် ၏။ အချိန်မှာ တစတစ နီးကပ်လာပြီဖြစ်၏။

သူက ဂေဟာထဲကို မျက်နှာကိုမဖော်ဘဲဝင်လိုက်၏။

ညှိခန်းထဲတွင် လူရှင်းနေပြီဖြစ်၏။ ဆိုင်းသံများလည်း တိတ်ဆိတ်နေ၏။

သေတ္တာအနီးတွင် အစောင့်နှစ်ယောက် ဟိုဘက်ဒီဘက် လမ်းလျှောက်နေ၏။

ညှိခန်းထဲတွင် မီးရောင်အနည်းငယ်ရှိနေသော်လည်း အခြားအဆောင်နှင့်အခန်းများတွင် မီးရောင်လုံးဝမရှိတော့ပါ။

ထိုအချိန်တွင် မြို့တော်ဝန်မှာ အိပ်မောကျနေပြီဖြစ်၏။



မြို့တော်ဝန်၏အခန်းထဲတွင် မီးရောင်လုံးဝမရှိတော့ပါ။

ထိုအချိန်တွင် ကုတင်အောက်မှ ပုန်းကွယ်နေသောအရိပ် တစ်ခု အသာအယာလှုပ်ရှားလာ၏။

ချယ်ရီပင်ဖြစ်၏။

သူမသည် ကုတင်အောက်မှထွက်ကာ မြို့တော်ဝန်၏ခေါင်းရင်း၌ရှိသော သေတ္တာလေးဆီသို့ တရွေ့ရွေ့ ချဉ်းကပ်သွားလေသည်။

"တုံ... တုံ...."

အုန်းမောင်းခေါက်သံထွက်ပေါ်လာသဖြင့် မြို့တော်ဝန်အိပ်နေရာသို့ တစ်ချက်လှမ်းကြည့်လိုက်၏။

မြို့တော်ဝန်မှာ လုံးဝမနိုးပါချေ။

ယန်းကျိုကွေသည် အခန်းထဲ၌ မယောင်မလည်နှင့် လမ်းလျှောက်နေ၏။

သူသည် အုန်းမောင်းခေါက်သံကိုသာ နားစွင့်နေ၏။

အကယ်၍ ဤညအုန်းမောင်းမခေါက်လျှင် မိမိတို့အကြံအစည်များ လွဲချော်သွားမည်ဟုတွေးမိ၏။

ထိုစဉ် တပ်မှူးကြီးနှစ်ဦးသည် ညှိခန်းထဲသို့ဝင်ရောက်လာသဖြင့် ယန်းကျိုကွေမှာထိတ်လန့်သွား၏။

တပ်မှူးကြီးနှစ်ဦးသည် စကားတပြောပြောဖြင့် လျှောက်လာရင်း အခြားအစောင့်ကိုယ်ရံတော်အား နှုတ်ဆက်လိုက်၏။

ယန်းကျိုကွေသည် ယခုအခါ ရှေ့သို့တိုး၍မရသလို နောက်ဆုတ်၍လည်း မဖြစ်တော့ပါ။

သူက တာဝန်ကျတပ်သားတစ်ယောက်အဖြစ် ဤအခန်းတွင် ရောက်ရှိနေသည်မဟုတ်ပါလား။

ရုတ်တရက် ကြည့်လျှင် သူက စိန်တံးကို အနီးကပ်စောင့်ရှောက်နေသည်ဟု ထင်ရပေမည်။

တပ်မှူးနှစ်ယောက်က သူ့အနားသို့လျှောက်လာသဖြင့် ယန်းကျိုကွေမှာ ထိတ်လန့်သွား၏။

"တံ... တံ..."

အုန်းမောင်းခေါက်သံများ ထွက်ပေါ်လာ၏။

တပ်မှူးကြီးတစ်ဦးက ယန်းကျိုကွေအား စိုက်ကြည့်ကာ...

"မင်းက ဘာဖြစ်လို့ နံပါတ်ပြားမချိတ်ခဲ့တာလဲ"

ယန်းကျိုကွေမှာ တုန်လှုပ်သွား၏။ သူတို့၏ဟာကွက်တစ်ခုဖြစ်၏။

တဂ်သားများ၏ရင်ဘတ်တွင် သေးငယ်သော နံပါတ်ပြားကလေးများရှိ၏။ လျှို့ဝှက်အမှတ်အသားပင် ဖြစ်၏။

ယန်းကျိုကွေသည် ရင်ဘတ်ကိုငုံ့ကြည့်ကာ...

"ဟာ... ဘယ်ကိုကျသွားပါလိမ့်"

သူက ကျပျောက်သကဲ့သို့ ဟိုဟိုသည်သည် ရှာလိုက်၏။

စိတ်ထဲတွင်လည်း မီးမရှို့သေးသောသခင်လေးစုံကို ကျိန်ဆဲမိ၏။

ထိုအချိန်မှာပင်....



"မီးဗျို့... မီး... အနောက်ဘက်ဆောင်မှာ..."

လူများ အော်ဟစ်သံထွက်ပေါ်လာ၏။

တပ်မှူးကြီးနှစ်ဦးသည် အသံကြားရာသို့ပြေးထွက်သွားကြ၏။

မီးလုံးကြီးများသည် ဝက်တဲမှထွက်ပေါ်လာသဖြင့် ဝက်များမြင်းများသည် ဦးတည်ရာမရဘဲ ခြေဦးတည့်ရာပြေးနေကြ၏။

ထိုစဉ် ယန်းကျိုကွေသည် သေတ္တာလေးအား ရင်ဘတ်ထဲသို့ ထည့်လိုက်လေတော့သည်။

ယန်းကျိုကွေသည် သေတ္တာအားရသည်နှင့် လုကျောင်းစောင့်နေရာသို့ အခြားလူများနှင့်ရောနှောကာ ပြေးသွား၏။

လုကျောင်းသည် ယန်းကျိုကွေနောက်မှ ရန်သူပါမလာသည်ကိုတွေ့မှ တရားသူကြီးအိမ်အနောက်ဘက်သို့ ပြေးလွှားသွားကြ၏။

ကိုယ်ရံတော်အဝတ်အစားကိုလည်း ချွတ်လိုက်ကြ၏။

သူတို့နှစ်ယောက် တောတန်းကလေးသို့အရောက်တွင် သခင်လေးစုံက မြင်း(၃)ကောင်နှင့်သူတို့အနီးသို့ ရောက်လာ၏။

သူတို့သည် ဘာစကားမှမပြောဘဲ မြင်းပေါ်သို့ အသီးသီးခုန်တက်ကာ မောင်းနှင်ထွက်ခွာသွား၏။

မီးလုံးကြီးများမှာ ကြောက်မက်ဖွယ်ကောင်းနေ၏။

သူတို့သည် လမ်းကျဉ်းလေးအတိုင်း မြင်းကိုမောင်းနှင်လာကြ၏။

လမ်းကျဉ်းလေးမှနေ၍ လမ်းမပေါ်သို့ရောက်ရှိလာ၏။

မကြာမီ ရသေ့တောင်ကုန်းသို့ရောက်ရှိမည်ဖြစ်၏။

သို့သော် လမ်းမပေါ်သို့တက်လိုက်မိသည်နှင့်တစ်ပြိုင်မှာပင် မည်သည့်အချိန်ကစောင့်နေမှန်းမသိသော မြို့စောင့်တပ်သားများသည် သူတို့၏မြင်းသုံးကောင်အား ဝိုင်းရံလိုက်ကြ၏။

ယန်းကျို့ကွေတို့သည် တစ်ယောက်နှင့်တစ်ယောက်အချက်ပြကာ ခုခံရန်ဟန်ပြင်လိုက်၏။

သို့သော် နောက်ကျသွားပြီဖြစ်၏။

ပိုက်ကွန်များ သူတို့သုံးယောက်ပေါ်သို့အုပ်မိကာ မြေပေါ်သို့ကျသွားကြ၏။

သူတို့သည် အမှတ်မထင် မြို့စောင့်တပ်ဖွဲ့၏ဖမ်းဆီးခြင်းကို ခံလိုက်ရလေတော့သည်။

(ပထမပိုင်း)ပြီး၏။

(ဒုတိယပိုင်း-ဇာတ်သိမ်း)ကို ဆက်လက်ဖတ်ရှုပါရန်။

နန္ဒကျော်သူ